www.burmeseclassic.com



www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | (၁၀၀) ကျပ် |
| ထုတ်ဝေသူ | - | ဦးသက်လွင်(သစ္စာမွန်စာပေ)(ယ-၂၂၄၀)၊ အမှတ်(၃၈)၊ မလွှကုန်းလမ်း ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - | ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊ တာမွေလမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက် တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - | Lလင်း |
| ကွန်ပျူတာ | - | ပန်းအိစံ |
| မြန်ချိရေး | - | တူးတူး (သစ္စာမွန်) |
| အတွင်းပလင် | - | ကိုအောင်ကျော် |
| စာအုပ်ချုပ် | - | သစ္စာမွန် |

သစ္စာမွန် (T.S.M) Publishing Centre မှ တာဝန်ယူစီစဉ်ပါသည်။

၈၉၅.၈၃

ရွှေဘဝင်

မီးလျှံနှင်းဆီ၊ ရွှေဘဝင်။-ရန်ကုန်

သစ္စာမွန်စာပေ၊ ၂၀၁၄။

၂၀၃-စ၊ ၁၂ × ၁၈ စင်တီ။

(၁)မီးလျှံနှင်းဆီ

www.burmeseclassic.com

## ဒီဇင်ဘာ ဒိုင်ယာရီ

နင်းလွှင်ပြင်တစ်ခုလို့ သတ်မှတ်ရမယ့် တောင်ကြီးနောက်ခံလွင်ပြင်ကြီးမှာတော့ ဂွမ်းသားကတ္တီပါလေးတွေ ခင်းကျင်းထားသလို ဆီးနင်းတွေက ဖုံးလွှမ်းလျက် နေရောင်ခြည်တိုးပြီး မထွက်နိုင်သေးသော နံနက်ခင်းမှာ သိုးမွှေးအကျီကိုခေါင်းမှ ခြေဆုံးထိ ဝတ်ဆင်ထားသော လွမ်းအင်ကြင်းသည် နင်းလွှင်ပြင်ကြီးမှာ ထီးထီးမားမားကြီးတွေ့နေရသော ဂူကလေး (၃)လုံးဆီသို့ နေးကွေးသောခြေလှမ်းတို့နှင့်လျှောက်ခဲ့တော့သည်။

နံနက်ခင်းရဲ့အေးစက်မှုတွေဟာ ကျွန်မ ရင်မှာ လောင်ကျွမ်း နေသော နာကျင်ခြင်းမီးတွေဆီသို့ထိုးဖောက်ပြီး မရောက်

www.burmeseclassic.com



နိုင်ပါ။

ကျွန်မအတွက် (၁၅)နှစ်ကျော်ကာလက လောင်ခဲ့သော ရင်ထဲကမီးတွေ ယနေ့ချိန်ထိ ကျွန်မ မေ့လို့မရ... ကျွန်မ မျက်လုံးထဲတွင် လွှန်ခဲ့သော အတိတ်ကာလတစ်ခုဆီကို ဒီနေရာလေးသို့ ရောက်တိုင်း အမှတ်ရနေသည်မှာ.. ခုဆိုရင် (၁၅)နှစ်တိတိရှိခဲ့ပြီ။

ကျွန်မ ဂူ(၃)ခုပေါ်က နှင်းစက်၊ နှင်းပွင့်တွေကို လက်ကလေးနှင့်ဖယ်ရှားရင်း မျက်ဝန်းထဲက မျက်ရည်စတွေကို မကျမိအောင် အံကိုကြိတ်ထားမိလသည်။

BURMESE CLASSIC

"ဖေဖေ...မေမေနဲ့မောင်လေးရေ၊ သမီးလေ.. ခုချိန်ထိ မေ့လို့ မရဘူး... ဖေဖေ၊ မေမေနဲ့ မောင်လေးတို့ ဘယ်ဘဝကိုပဲ ရောက် ရောက်...သမီးကတော့ သမီးဘဝထဲမှာ ရှိနေသလိုပဲ.."

"တောက်.."

သတိရခြင်း၊ လွမ်းဆွတ်ခြင်းနဲ့အတူ နာကျင်ခြင်းကြောင့် နှင်းပွင့်များကို ဒေါသတွေနှင့်ဆုပ်ကိုင်မိလိုက်သည်။

ကျွန်မဘဝမှာ ဘယ်သောအခါမှ မမေ့နိုင်သော အနိဋ္ဌာရုံ မြင်ကွင်းကြီးတစ်ခု နှင်းပွင့်တွေကြားက အနီရောင် ဂုက်စက်ခြင်းတွေနေ့တစ်နေ့ဟာ...နှလုံးသားကိုကျောက်သားတွေနဲ့ ထုဆစ်ထား

www.burmeseclassic.com



သလိုခိုင်မာစွာရှိနေမှာပါ၊ ကျွန်မ မှတ်မိနေပါတယ်၊ ကျွန်မအသက် (၁၀)နှစ်သမီး၊ (၅) တန်းကျောင်းသူလေးအရွယ်၊ ကျွန်မတို့မိသားစု (၄)ယောက်ရှိခဲ့ကြတယ်။

BURMESE CLASSIC

ဖေဖေ့အမည်က ဦးမင်းနိုင်အောင်၊ အသက်က (၅၀) ဝန်းကျင်လောက်သာရှိပေမယ့် သစ်တောအရာရှိကြီးဘဝနဲ့ ပင်စင်ယူခဲ့ရသူ၊ ဖေဖေ ပင်စင်ယူတာကဆေးပင်စင်ပါ၊ သစ်တောကြိုးပိုင်းမှာတာဝန်ကျစဉ်ကက ရခဲ့သောငှက်ဖျားရောဂါကြောင့် ဆေးပင်စင်ယူပြီး မိသားစုနှင့်အတူ မွေးမြူရေးအလုပ်ကိုလုပ်ကိုင်ခဲ့တယ်။ မေမေအမည်က ဒေါ်မာလာသင်းသင်း၊ အထက်တန်းကျောင်းဆရာမဘဝကနေ ကျောင်းအုပ်ဆရာမကြီးတာဝန်ကိုယူသည့်အချိန် ဆိုရမှာပေါ့။ မိသားစုထဲမှာ အငယ်ဆုံးမောင်လေး နန္ဒအောင်သော်၊ ကျွန်မထက် (၅)နှစ်ငယ်တယ်၊ သူငယ်တန်းကို စပြီးတက်ဖို့ ခြေလှမ်းပြင်နေတုန်း ကျွန်မတို့မိသားစုရဲ့ အဖြူရောင်ကမ္ဘာလေးကိုသွေးတွေစွန်းပေအောင်လုပ်ခဲ့တဲ့ ဒီဇင်ဘာ ညနေခင်း၊ အဲဒီနေ့က ကျွန်မ အသက် (၁၀)နှစ်တိတိပြည့်တဲ့နေ့ကလေး... အိမ်ရှိကြတဲ့ မိသားစုလေးယောက်ရယ်၊ ဖေဖေနဲ့အတူနှစ်ပေါင်းများစွာ လက်တွဲလာခဲ့တဲ့ ဖေဖေ့တပည့်ဦးခွန်မှိုင်း၊ စုစုပေါင်း (၅)ဦးတည်းနှင့် ကျင်းပ

www.burmeseclassic.com



ခဲ့သည့် မွေးနေ့လေးဆိုပေမယ့် ကျွန်မအတွက် ပျော်ရွှင်ဆုံးမွေးနေ့လေးတစ်ခုရယ်ပါ။

"သမီးလေး... သမီးမွေးချိန်ရောက်ပြီ၊ မွေးနေ့ဖယောင်းတိုင်တွေကိုမှုတ်တော့"

"ဖူး..."

"ရှိုး...ဖြောင်း...ဖြောင်း...ဖြောင်း..."

ကျွန်မကြားလိုက်ရသော လက်ခုပ်သံလေးတွေက ရင်ထဲမှာ အံတိုင်းအဆမဲ့ပါပဲ၊ ပြောပြလို့မရနိုင်အောင် ပီတိလေးတွေက ပြည့်လျှံနေတယ်၊ ဖေဖေကစပြီး မွေးနေ့ကိတ်ကလေးကို ကျွန်မကိုယ်တိုင် ဇွန်းကလေးနဲ့ဖဲ့ပြီးခွဲ့ရတယ်လေ။

"မမ...သားကိုများများနော်..."

"ကောင်လေး...ပြီးရင် မင်းတစ်ယောက်တည်းထိုင်ပြီးသာတား"

"တကယ်..."

"ဆယ်ကယ်ပော့"

"ဒါမှ ငါ့မမကွ...ရှတ်..."

မောင်လေး နန္ဒအောင်သော် နမ်းခဲ့တဲ့ ကျွန်မပါးပြင်ထက်

www.burmeseclassic.com



မှာနောက်ဆုံးအနမ်းတွေရယ်၊ဖေဖေမေမေတို့နမ်းခဲ့တဲ့နောက်ဆုံး အနမ်းလေးတွေဟာ ကျွန်မဘဝတစ်လျှောက်ကို စိတ္တဇဆန်စေသောပုံရိပ်တွေဖြစ်နေခဲ့ရပါပြီ။

"ဝိုး...ကျို..."

"ဟင်..."

မိသားစုရဲ့မွေးနေ့ပါတီပွဲလေးကို ဖိတ်ခေါ်ထားခြင်းမရှိသောဧည့်သည်တွေရောက်ရှိလာခဲ့ပါတယ်။

"ကဲ..အထဲမှာနေကြဦး၊ ဖေဖေ ဘယ်သူလဲလို့ထွက်ပြီး ကြည့်လိုက်ဦးမယ်..."

ဖေဖေက သူ့သစ်တောက လုပ်ဖော်ကိုင်ဖက်တွေကမကြာခဏလာတတ်တာမို့ သူတို့ပဲထင်ပြီး ပိတ်ထားသည့်တံခါးကိုဖွင့်ပြီး ထွက်သွားသည်။

"ကဲ..သမီးလေးလေးနဲ့နောက်ဖေးမှာ စားဖို့အတွက် ပြင်ပြီးကဦး၊ ဒါမှ ပိုပြီး ကသိုလ်ရမှာ"

"လုပ်ပေးရမှာပေါ့"

ကျွန်မမွေးနေ့မှာမိသားစု (၅)ယောက်အတွက် ဦးခွန်မိုင်းဘာရှမ်းခေါက်ဆွဲသုတ်ကိုအထူးလုပ်စားကြမှာဖြစ်သဖြင့် ဦးခွန်မိုင်း

www.burmeseclassic.com



နင့်အတူ နောက်ဖေးဘက်ကိုထွက်ခဲ့သည်။

ကျွန်မတို့အိမ်နောက်ဖေးမီးဖိုချောင်မှာ အိမ်နဲ့ တစ်ဆက်တည်းမဟုတ်၊ အိမ်နောက်ပိုင်း ခပ်လှမ်းလှမ်းမှာ သီးသန့် မီးဖိုအဆောင်လေးတစ်ခုကို ပြုလုပ်ထားခြင်းဖြစ်၏။

"အိုင်း..."

"ဟာ..ဟင်...ခွမ်း..."

အိမ်ရှေ့ဘက်မှ သေနတ်သံတစ်ချက်ကို ကြားလိုက်ပြီး ကျွန်မ လက်ထဲမှ ကြွေပန်းကန်ဟာ ကြမ်းပြင်သို့လွတ်ကျပြီး ကွဲသွားတော့သည်။

"သမီး..ဒီမှာနေဦး..."

"ဟုတ်...ဟုတ်ကဲ့"

ကျွန်မကို ဦးစွန်မှိုင်း ထားခဲ့ပြီး အိမ်ထဲသို့ ဝင်သွားပေမယ့် ကျွန်မမှာ စိတ်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာကို သိလိုစိတ်ကများနေတာမို့ အိမ်ဘေးကနေ ချောင်းကြည့်လိုက်သောအခါ..

"ဟင်..ဖေ...ဖေ.."

မြေပြင်ပေါ်မှာ သွေးတွေက မြင်မကောင်းအောင် အိုင်ထွန်းပြီးလဲကျနေသော ဖေဖေ့ကိုမြင်လိုက်ရသလို အိမ်ထဲမှ စကား

www.burmeseclassic.com



သံတွေကိုပါကြားနေရပြန်သည်။

"ဘယ်မှာလဲ မြေပုံ"

"မသိဘူး..မသိဘူး.."

"တယ်...မင်းပါ သေချင်ပြီနဲ့တူတယ်"

"လူယုတ်မာတွေ၊ ငါ့ယောက်ျားကိုသတ်တဲ့ကောင်တွေကို ကြိုးစင်ရောက်အောင်တင်မယ်"

"ဟား..ဟား..ဟား... ကဲ...ငါတို့ထပ်ပြီး လူမသတ်ချင်ဘူး၊ ဘယ်မှာ မြေပုံထားသလဲဆိုတာကိုပြော.."

"ဘာမြေပုံမှ ငါမသိဘူး၊ ရှိလဲမရှိဘူး"

"ကြာတယ်၊ ဟိုချာတိတ်ကိုခေါ်ခဲ့စမ်း"

"မေမေ.."

"သား...သား..."

မောင်လေးနန္ဒအောင်သော်ကို အတင်းဆွဲခေါ်သွားပြီး သေနတ်နှင့် တေ့မည်အလုပ်တွင်

"ဟာ...ခွေးလေး ကိုက်...ကိုက်တယ်"

မောင်လေးမှာ သေနတ်သမားလက်ကို ကိုက်ပြီးအပြေး တွင်

www.burmeseclassic.com



"ဒိုင်း..."

"အား.."

"သား...သားလေး.."

"ဒိုင်း..."

"အား"

စာနာမှုကင်းမဲ့စွာနှင့်ရက်ရက်စက်စက်ပင် မောင်လေးနှင့် မေမေကို ပစ်သတ်လိုက်ကြသည်။

"မေ...မေ.."

"ဟိုမှာတစ်ယောက် လိုက်ပြီးဖမ်းကြစမ်း"

ကျွန်မ နှုတ်ဖျားမှထွက်သွားသော အသံကြောင့်အိမ်ထဲ မှ လူသတ်သမားများ ကြားသွားပြီး ကျွန်မရှိရာသို့ပြေးထွက်လာကြ တော့သည်။ ကျွန်မ အိမ်နောက်ဖေးဘက်သို့လှည့်ပြီးပြေးတော့

"သမီး.."

"လေး..လေး..."

ဦးခွန်ဟိုင်းသည် ကျွန်မကိုပွေ့ပြီး ပခုံးပေါ်တင်ကာ အနောက် ဘက်ဆီသို့ ခြေကုန်တင်ပြီးပြေးခဲ့တော့သည်။

ကျွန်မတို့နောက်ကိုလူသတ်သမားတွေက မီအောင်လိုက်

www.burmeseclassic.com



ဖို့ကြိုးစားပေမယ့် ဦးခွန်မိုင်းလို နယ်မြေမကျွမ်းကျင်သောကြောင့် နောက်တွင်လမ်းစပျောက်ပြီးကျန်ရစ်ခဲ့ကြတော့သည်။

ကျွန်မနှင့်ဦးခွန်မိုင်း ယူကလစ်ပင်ကြီးအောက်တွင် အမောဖြေရင်းကျွန်မတို့အိမ်ဘက်သို့ကြည့်မိတော့ မီးလုံးကြီးတွေ အလိပ်လိုက်တက်နေသည်ကိုမြင်နေရသည်။

"လေးလေး"

"သမီး"

"ဖေဖေ၊ မေမေနဲ့မောင်လေးတို့ကို ကယ်ပါဦး"

"သမီးရယ်...လေးလေး ဘယ်လိုမှ ကယ်လို့မရတော့ဘူး ကွယ်၊ အဖြစ်ဆိုးလှချည်လား ဆရာတို့ရယ်"

ဦးခွန်မိုင်းမီးလုံးတန်းကြီးတွေကိုကြည့်ပြီး ရှိုက်ကြီးတငင် ငိုကြွေးနေခြင်းကြောင့် ကျွန်မပါ ငိုကြွေးလိုက်ရတော့သည်။ ဒီတုန်းက ကျွန်မပိုင်ဆိုင်တာဆိုလို့ မျက်ရည်တွေပဲ ရှိခဲ့တယ်၊ ကျွန်မ ရင်ထဲက နာကျင်မှုတွေ၊ နာကြည်းချက်များသည် နငယ်လှသော နလုံးသားမှာ စင်ရောက်ခဲ့ပေမယ့် ကျွန်မအတွက် ပြင်းထန်သော ပေါက်ကွဲမှုတစ်ခုတော့မဖြစ်ခဲ့ပေ...။

ကျွန်မ...ဖေဖေနှင့်မေမေတို့၏အုတ်ဂူလေးပေါ်တွင် ကျွန်မ

www.burmeseclassic.com



နာကျင်မှုပန်းကလေးတွေကို ပန်းအိုးထဲထည့်သလို မောင်လေး ပန်းအိုးထဲလည်းစိုက်ခဲ့ပြန်သည်။

"သမီး...ဖေဖေ၊ မေမေနဲ့မောင်လေးတို့အတွက် လက် စားပြန်ပြီးရေပဲ့မယ်လို့ ကတိပေးပါတယ်"

ကျွန်မ နင်းပွင့်တွေကိုဆုပ်ကိုင်ပြီး ကျွန်မ အောက် နှုတ်ခမ်း ကို သွားဖြင့်သွေးထွက်အောင် ကိုက်ကာ နင်းပွင့်တွေဖြင့် သစ္စာပြု မိလိုက်တော့သည်။

"ကောင်မလေး၊ ပြန်ကြရအောင်ကွယ်၊ အနောက်လေ တွေက ကြမ်းလာပြီ၊ တော်ကြာ ဆီးနင်းမုန်တိုင်းကျလာရင်ခက် မယ်"

"ဟုတ်ကဲ့ ဦးစိုင်း၊ ကျွန်မ ဖေဖေနဲ့မေမေတို့ကို ကန်တော့ ပြီး တာနဲ့ပြန်မှာပါ"

ဖေဖေနှင့်မေမေ အုတ်ဂူရှေ့မှာကျုံ့ကျုံ့လေးထိုင်ပြီး ကန် တော့ပြီးမှ မောင်လေးအုတ်ဂူလေးကို နမ်းရှိုက်လိုက်သည်။

"မောင်လေး...မမ မောင်လေးအတွက် ဒင်းတို့ကိုသတ်ပြီး မှ မောင်လေးဂူရှေ့ကိုလာတော့မယ်၊ ဦးစိုင်း သွားကြရအောင်"

လွင်ပြင်သုသာန်လေးနှင့်ခပ်လှမ်းလှမ်းမှာ ကားကိုထား

www.burmeseclassic.com



ခဲ့ကြတာမို့ ခပ်သွက်သွက်လေး လျှောက်လာကြသည်။ ဆီးနှင်းတွေ ဖုံးလွှမ်းဖို့ အချက်ပေးတဲ့ လေကြမ်းတွေက စတင်ပြီးတိုက်နေလေပြီ။

"ကောင်မလေး"

"ရှင်...ဦးစိုင်း... ဘာပြောမလို့လဲဟင်"

ကားလေးစတင်ထွက်ပြီးမကြာ၊ ဦးစိုင်းခေါ်မှုကြောင့် လှည့်ပြီး မေးလိုက်ခြင်းဖြစ်၏။

"ဘာလို့ဒီတစ်ခါ မျက်ရည်မကျတော့တာလဲ"

"ဒီတစ်ခါ ကျွန်မ မိဘနှစ်ပါးနဲ့မောင်လေးကို သွေးနဲ့ ကတိ ပြောခဲ့ပြီလေ"

"မင်း သူတို့ကိုပြန်ရှာပြီး သတ်တော့မယ်ပေါ့"

"ဟုတ်တယ် ဦးစိုင်း... (၁၅) နှစ်လုံးလုံး ကျွန်မ ကြိုးစားခဲ့တာတွေဟာ သူတို့ကို ပြန်သတ်ဖို့ပါ။ ခုဆို ကျွန်မဘဝမှာ သူတို့ကို ရင်ဆိုင်ဖို့အတွက် ပြည့်စုံသလောက်ဖြစ်နေပါပြီ"

"မင်းတစ်ယောက်တည်းနဲ့ဖြစ်ပါ့မလားကွယ်"

"ဦးစိုင်းက ကျွန်မကို ခုထိ အထင်သေးတုန်းပဲလား"

"ဦးစိုင်း...ကောင်မလေးကို အထင်သေးလို့ ပြောတာ

www.burmeseclassic.com



မပှတ်ပါဘူးကွယ်၊ အဖော်ရှိတော့ ပိုပြီးကောင်းမလားလို့ပါ"

"ကျွန်မမိသားစုအတွက် ကျွန်မကိုယ်တိုင်ပဲ လက်စားချေချင်လို့ပါ ဦးစိုင်းရယ်"

"ဦးစိုင်းတို့က အသက်ကြီးသွားတာရယ်၊ ကျန်းမာရေးမကောင်းတာတွေကို စိတ်ထဲမှာစံပြင်းလှတယ်၊ ဦးစိုင်းလိုပဲ ခွန်မိုင်းလည်း သမီးကို ကယ်ရင်းရထားတဲ့ ခြေထောက်ဒဏ်ရာကြောင့် ဒုက္ခိတဘဝကိုရောက်ခဲ့တယ်ဆိုတော့ စကားနဲ့ပဲ ကူညီလို့ရတော့မှာပါကွယ်"

"ဦးစိုင်းနဲ့ လေးလေးတို့ဆီက စကားတွေဟာ ကျွန်မအတွက် စွမ်းအင်တွေပါ..."

"အင်း...ကောင်မလေး တို့ (၂)ယောက်က ဆရာနဲ့ဆရာကတော်ကို ရက်ရက်စက်စက် အသတ်ခံရတာကိုမြင်ခဲ့ရသူတွေဆိုတော့ ရင်ထဲမှာ ဘယ်လောက်နာကျင်နေမလဲဆိုတာကို ဦးစိုင်းသဘောပေါက်ပါတယ်၊ ဦးစိုင်းတို့တောင် ဆရာတို့အလောင်းတွေကို မီးမစွဲခင် ထုတ်ပြီး မြင်ခဲ့ရတာတောင် ရင်ထဲမှာ ခုထိ မကောင်းလှပါဘူးကွယ်"

"ဦးစိုင်းကျေးဇူးကို ကျွန်မ တစ်သက်မမေ့ပါဘူး၊ ကျွန်မ

www.burmeseclassic.com



မိဘနဲ့မောင်လေးအတွက် သီးသန့်နေရာလေးတစ်ခုကို ဖန်တီးပေးနိုင်ခဲ့လို့ပါ"

"ဩော်..ကောင်မလေးရယ်.ဆရာဟာ တကယ့် သူတော်ကောင်းတစ်ဦးပါ၊ သူ့ဝတ္တုပညာတွေပေါ်မှာတင်မကဘူး၊ အားလုံးပေါ်မှာ စေတနာ၊ သဒ္ဓါကောင်းတဲ့လူကိုမှ ရက်စက်ခဲ့တာကို ရင်နာလို့မဆုံးပါဘူး"

ကျွန်မ မှတ်မိတဲ့အရွယ်ကတည်းက ဖေဖေဟာ လူမှုရေးနဲ့ဘာသာရေးကိစ္စတွေတင်မကဘူး၊ ဆင်းရဲနွမ်းပါးသူတွေကို သူတတ်နိုင်သမျှ ပေးကမ်းတတ်သူ၊ ကျွန်မတို့မိသားစုပိုင်ဆိုင်တဲ့ နွားမွေးမြူရေးခြံလေးထဲက ရရှိခဲ့သော ဝင်ငွေကို အိမ်အတွက် တစ်ပုံသာ သုံးစွဲပြီး ကျန်တာတွေက ဖေဖေ့စေတနာ လုပ်ငန်းတွေအတွက်ပင်၊ မေမေကလည်း ဖေဖေလုပ်ကိုင်နေတာတွေမှာ ဇနီးကောင်းပီသစွာ ပါရမီဖြည့်ခဲ့သူ။

ကျွန်မတို့မှာ ချမ်းသာကြွယ်ဝသူများမဟုတ်ကြပေမယ့် ကိုယ်ပိုင် ဂျစ်ကားလေးတစ်စီးနဲ့ တိုက်လုံးချင်းလေးကို ဖေဖေနဲ့ မေမေတို့ နစ်ဖက်သောမိဘများဆီမှ ရခဲ့သော အမွေလေးနဲ့ ဝယ်ယူဆောက်လုပ်၍ တင့်တင့်တယ်တယ် နေနိုင်ခြင်းပင်ဖြစ်သည်။

www.burmeseclassic.com



"ဟာ…"

"ဝေါ…"

တောင်လျှိုလမ်းကလေးဆီသို့ ကားကလေးအရောက် ဆီးနှင်းတွေက လေကြမ်းတွေနှင့်အတူကျလာတော့သည်။ ကားမီးရောင်တွေက ဆီးနှင်းတွေကိုထိုးဖောက်မမြင်ရတော့ပေ။ ဆက်ပြီးမောင်းရင် အန္တရာယ်က ပိုပြီးကြီးသည်။ ရေ့လမ်းတွေရဲ့ဘေးတွင်ချောက်တွေက ဝိုင်းနေတာမို့ဆက်ပြီး မောင်းလို့မဖြစ်နိုင်ပေ။ ကားကိုစက်သတ်ပြီး ရပ်ထားလိုက်ရတော့သည်။

"ကောင်မလေး…ဒီနေရာဟာ ရိုင့်ဝှမ်းနေရာဖြစ်နေတယ်ကွဲ့ ဆီးနှင်းတွေ သိပ်ပြီးများလာရင် ဦးစိုင်းတို့ကားကို ဖုံးသွားနိုင်တယ်"

"ဟင်…"

ကျွန်မကားစက်ကိုပြန်နှိုးပေမယ့်အေးခဲလှသော ဆီးနှင်းများကြောင့် ကားအင်ဂျင်ပိုင်းဟာ ပြန်နှိုးလို့မရပေ။

"ကောင်မလေးမင်းမထွက်နဲ့လေ၊ဟာ…ခက်တော့တာပဲ"

ကျွန်မကိုဦးစိုင်းက တားပေမယ့် ကျွန်မ ကားစက်ဖုံးဖွင့်ပြီးမြင်ရန်အတွက် စွန့်စားလိုက်သည်။

www.burmeseclassic.com



"အမေ့..."

ကားတံခါးကိုဖွင့်ပြီး အပြင်ကို ခြေလှမ်းပင် (၃)လှမ်း ပြည့်အောင် မလျှောက်လိုက်ရ၊ ဆီးနှင်းတွေက လေကြမ်းနဲ့အတူပါလာပြီး ခန္ဓာကိုယ်ကိုလွင့်စင်အောင်တိုက်လိုက်တာမို့ တစ်ဖက်သို့ လဲကျသွားသည်။

"ကောင်...ကောင်မလေး..."

ဦးစိုင်း ကားထဲကထွက်ပြီး ကျွန်မကို ကယ်ဖို့ကြိုးစားပေမယ့် ဘယ်လိုမှ မရနိုင်ပေ။ ကျွန်မ အားတင်း၍ လဲနေရာမှ ပြန်ထဖို့ ကြိုးစားပေမယ့် ဆီးနှင်းတွေက ကျွန်မအောက်ပိုင်းကို ဖိထားသလို ဖြစ်နေတာနဲ့ ရုန်းထွက်ဖို့ခက်နေပြန်သည်။ ကျွန်မက ရုန်းထွက်ဖို့ ကြိုးစားလေ၊ ဆီးနှင်းတွေက အဆမတန် ဖိထားနေသဖြင့် ကျွန်မ အသက်ရှူတွေပင် ရပ်ချင်သလိုဖြစ်လာနေပြီ...

"ကျုပ်လက်ကို ဆုပ်ကိုင်ထား"

"ဟင်..."

ကျွန်မ အသံကိုသာကြားရပြီး ဆီးနှင်းတွေကြားထဲမှာ လူကိုသဲသဲကွဲကွဲပင်မတွေ့ရပေ။ သူကမ်းပေးသည့်လက်ကို ကျွန်မ လှမ်းပြီးဆုပ်ကိုင်လိုက်သော်လည်း စမ်းတဝါးဝါးနှင့် ကမ်းလိုက်ခြင်း

www.burmeseclassic.com



ဖြစ်သည်။ ကျွန်မ ထိုလူလက်ကိုဆုပ်ကိုင်မိသည်နှင့် မာကြောပြီး အားမာန်များ အပြည့်ရှိနေသော လက်တစ်ဖက်လို့ပင် ထင်မှတ်လိုက်တော့၏။ ထိုသူ၏ ဆွဲခေါ်တဲ့ပေါ်မှာ ကျွန်မဟာ အရုပ်ကလေးတစ်ခုလို ပါသွားခဲ့သည်။

"ဂျိုင်း..."

ထိုလူကားတံခါးကို ခြေဖြင့်ကန်လိုက်ပြီးကပ်နေသော ဆီးနှင်းတွေကို ခါချလိုက်သည်။ ပြီးမှ ကားနောက်တံခါးကို ဖွင့်ပြီး ကျွန်မကို ကားထဲသို့သွင်း၍

"ဦးလေး... ကားစတီယာတိုင်ကို ထိန်းထားပါ၊ ရှေ့နားထိုးတွန်းပြီးတာနဲ့ ကားတံခါးကို ဖွင့်ထား။ ကျွန်တော်တက်မယ်"

"အေး..အေး.."

ထိုလူလုပ်သမျှကို ကျွန်မ ဘာမှမပြောနိုင်ဘဲ ကြည့်နေရုံသက်သက်၊ ဒီလိုဆီးနှင်းကြားထဲမှာ အခက်အခဲအန္တရာယ်တစ်ခုကို ကျွန်မ တစ်ကြိမ်တစ်ခါမှ ရင်မဆိုင်ဘူးခဲ့သောကြောင့် ဘာလုပ်ကိုင်ရမှန်းဆိုတာ မသိပေ။ ထိုလူ တစ်ယောက်တည်းအားနှင့်ကားကို ဆီးနှင်းကြားထဲမှာ တွန်းတင်လာခဲ့ပြီး ကုန်းဆင်းနားရောက်တော့ ကားမှာ ရှေ့သို့လိမ့်ပြီးဆင်းသွားပေမယ့် ဆီးနှင်းတွေရှိနေတာမို့

www.burmeseclassic.com



အရှိန်က သိပ်ပြီးမပြင်း၊ ထိုလူကားပေါ်သို့ ဦးစိုင်းဖွင့်ပေးထားသော တံခါးပေါက်မှ အပြေးကလေးတက်ပြီး

"ဦးလေး ဒီဘက်ကိုလာလိုက်"

ဦးစိုင်းနှင့် နေရာချင်းလဲကာ ကားစတီရာတိုင်ကို ထိုလူ ဝင်ကိုင်ကာ ကုန်းဆင်းလမ်းကို အလိုက်သင့်ထိန်းလာခဲ့သည်။ ကျွန်မ ဖျတ်ခနဲ ကားပတ်ဝန်းကျင်ကိုကြည့်တော့ အဖြူရောင်ဆီးနှင်းတွေက လွှဲပြီးဘာကိုမှ မမြင်ရပေ။ ကျွန်မ ခေါင်းထဲမှာ တစ်ခုတော့ တွေးမိလိုက်သည်။ အကယ်၍ ထိုလူသာ မကူညီခဲ့ရင် ကျွန်မတို့ (၂)ယောက်ရဲ့ကံကြမ္မာကတော့ ပြောရခက်မည်။

"ဝူး...ဝူး...ဝူး..."

ကားကို ကွန်းဆင်းလာသည့်အရှိန်နှင့် စက်ကိုနိုးချလိုက်သည်။ ထိုလူ ကျွန်မတို့ကို လှည့်ပင်မကြည့်ဘဲ ကားကိုသာ သတိနှင့်မောင်းနေလေသည်။

"ရှေ့ဘက်လမ်းကြောက ဆက်ပြီးသွားလို့တော့မရတော့ဘူး၊ ဘယ်လိုလုပ်ချင်လဲဦး.."

"အန္တရာယ်ကင်းတဲ့နေရာတစ်ခုလောက်ကို ရှာလို့မရဘူးလား"

www.burmeseclassic.com



"ရပါတယ်…ဆီးနှင်းကွဲမှပြန်လို့ရမှာနော်"

"ဒီဆီးနှင်းကြားကဖြတ်ပြီးသွားလို့မှမရတာပဲ၊ ဆီးနှင်းကွဲမှပဲပြန်ရမှာပေါ့ကွယ်"

ထိုလူထံက စကားသံဆက်ပြီးမထွက်တော့ဘဲ ကားကိုဘေးလမ်းတစ်ခုဆီသို့ကွေ့ဝင်လိုက်သည်နှင့်

"ဟင်…"

ကျွန်မ ကားမီးရောင်တွင်လှမ်းပြီးတွေ့လိုက်ရသော ရှေ့ဘက်မှ အဖြူရောင်မျက်နှာပြင်ကြီးကြောင့် ထိုလူ ဘာဆက်ပြီးလုပ်မည်ကိုစိုးထိတ်စွာနှင့်ကြည့်နေမိလိုက်သည်။

"ဝှန်း.."

"အမေ့…"

ကားမှာတုန်ခါသွားပြီးထိုဆီးနှင်းချပ်ကြီးကိုဖောက်ထွက်ပြီး ရမောင်းဝင်သွားခဲ့သည်။ ထိုလူကတော့ ကားကိုဆက်ပြီးမောင်းလာပြီးမှထိုးရပ်လိုက်သည်။

"ဒီနေရာက စိတ်ချရဆုံးပဲ"

"ဟင်.."

ထိုလူကားကိုရပ်ပြီးပြောလိုက်တော့မှဘေးဘက်တွေကို

www.burmeseclassic.com



သတိပြုမိတော့ ကျောက်နံရံတွေ ဖြစ်နေလေသည်။ ကျွန်မတို့ ဂူတစ်ဂူထဲသို့ရောက်နေခဲ့ပြီလေ။

"ကားပေါ်မှာနေချင်လည်းရတယ်၊ ဂူထဲကိုဆင်းပြီး နေမယ်ဆိုရင်လည်းရတယ်"

"အ..."

ကျွန်မ ကားပေါ်က အောက်သို့ဆင်းဖို့လုပ်တော့မှ ညာဘက်ခြေထောက်မှာထုံကျင်နေသည်ကို သတိပြုမိတော့သည်။

"ကောင်မလေး... ဘာဖြစ်တာလဲ"

"ကျွန်မ..ခြေထောက်တွေထုံနေတယ်"

"ဒုက္ခပါပဲကွာ"

ထိုလူ ရှေ့ဘက်ကို သွားရန်ပြင်ပြီးကာမှ ကျွန်မစကားကြောင့် နောက်သို့ပြန်လှည့်လာပြီး ကျွန်မဘေးအရောက်တွင်

"မင်းခြေထောက်ကိုငါ့ဘက်ရွှေ့လိုက်"

"ရ..ရပါတယ်"

"ရပါတယ်မလုပ်နဲ့၊ ကြာကြာဆက်ပြီးထားရင် အကြောတွေ ဆိုင်းသွားမယ်"

"ရှင်..."

www.burmeseclassic.com



ထိုလူ့စကားက တကယ်ပင် ပြောနေတာလား၊ ကျွန်မကို ခြိမ်းခြောက်နေတာလားမသိ၊ ခြေထောက်ကို ထိုလူ့ဘက်သို့ရွှေ့ပေးလိုက်သည်။

ထိုလူ ကျွန်မ ခြေဖဝါးကို ပွတ်ပေးပြီးမှ

"ခြေထောက်တစ်ခုလုံး ပူသလို ခံစားရမယ်နော်"

ထိုလူပြောလည်းပြော၊ ခြေဖဝါးကို သူ့လက်မနှင့် ဖိနှိပ်လိုက်သည်နှင့်

"အား..."

ကျွန်မ ခြေထောက်တစ်ခုလုံးကို မီးနှင့်ရှို့လိုက်သလို ခံစားလိုက်ရပြီး ဦးစိုင်းလက်မောင်းကို ဆုပ်ကိုင်ပြီးအော်လိုက်မိသည်။

"ခဏနေရင် ပကတိအတိုင်းဖြစ်သွားမှာပါ၊ လမ်းတော့လျှောက်ပေးပါ၊ ဒါမှ သွေးလည်ပတ်မှုပြန်ပြီးမှန်မှာ"

ထိုသူ မှာချင်တာကိုမှာပြီး ဂူကြီးအတွင်းသို့ ဝင်သွားလေသည်။

"ကောင်မလေး...ဘယ်လိုနေသေးလဲ"

"ကောင်းသွားပြီ ဦးစိုင်း"

"ဟူး...တော်သေးတာပေါ့ကွယ်"

www.burmeseclassic.com



"သူဘယ်သူလဲ ဦးစိုင်း..."

"ဦးစိုင်း ဘယ်သိပ်မလဲကွယ်၊ ခုမှတွေ့ဘူးတာ၊ ဒီသူငယ်နဲ့တွေ့လို့သာပေ့ါ၊ နို့မို့ရင် တို့ တူဝရီး (၂)ယောက် ဘဝကတော့ ဘာတွေဖြစ်မယ် မပြောတတ်ပါဘူး"

ထိုလူ ထင်းခြောက်တွေကို ပွေ့ပိုက်ပြီး ပြန်လာတာကို တွေ့ရသဖြင့် စကားကိုဆက်ပြီးမပြောဘဲနေလိုက်ကြသည်။

"ဘယ်လိုလဲ...ကောင်းသွားပြီမဟုတ်လား"

"ဟုတ်ကဲ့"

ထိုလူ ထင်းခြောက်တွေနှင့် မီးဖိုပြီး မီးမွှေးပြန်သည်။

"မီးဖိုဘေးမှာ နေကြ၊ အအေးဒဏ်က ပိုပြီးများလာတော့မယ်"

"မောင့်ရင် နာမည်ဘယ်လိုခေါ်လဲ"

"နှင်းလူပါ"

"ဦးလေးနာမည်က ဦးစိုင်း"

"ဟုတ်ကဲ့"

"ကျွန်မနာမည်က လွှမ်းအင်ကြင်းလို့ခေါ်ပါတယ်"

"မှတ်ထားပါ့မယ်"

www.burmeseclassic.com



"စုလိုက္ခညီခဲ့တာကို ကျေးဇူးတင်ပါတယ်"

"လူတစ်ယောက်က လူတစ်ယောက်ကို ကူညီခွင့်ရတယ်ဆိုတာ တမင်ကြံစည်ထားလို့မရပါဘူး။ အကြောင်းတိုက်ဆိုင်မှသာ ကူညီခွင့်ရကြတာပါ၊ တိုက်ဆိုင်မှုလေးတစ်ခုလို့ပဲ သဘောထားပါ"

ကျွန်မ..နှင်းလွှဆိုတဲ့ သူရဲ့မျက်နှာကို မီးဖိုမှမီးရောင်အောက်တွင် သေသေချာချာကို သတိထားပြီးကြည့်မိလိုက်သည်။ မျက်လုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း အားလုံးဟာ ယောကျ်ားပီသလှသည်။ အထူးသဖြင့် နှင်းလွှ၏ မျက်လုံးအိမ်မှာတည်ငြိမ်နေသည်။

"စပ်စုတာတော့မဟုတ်ဘူးနော်"

"မင်းဘာသိချင်လဲ မေးပါ"

"ရှင်က ဒီနှင်းလွင်ပြင်ထဲမှာနေတာလား"

ဟုတ်တယ်"

"ဟင်.."

"ကျုပ်အလုပ်က ဆီးနှင်းလွင်ပြင်ထဲမှာ ဝမ်းစာရှာရတဲ့လူဆိုတော့ ဆီးနှင်းလွင်ပြင်ထဲမှာနေနေရတာပေါ့"

ကျွန်မ နှင်းလွှရဲ့စကားကို သိပ်ပြီးနားမလည်လိုက်ပါ။

www.burmeseclassic.com



ဆီးနှင်းလွင်ပြင်ထဲမှာ ဘာတွေ လုပ်ကိုင်စားလို့ရသလဲဆိုတာတော့ ကျွန်မအမြင်အရဘာကိုမှမတွေ့မိ။

"မောင်ရင်က နှင်းမှုဆိုးပေါ့"

"ဟုတ်ပါတယ်၊ ဦးစိုင်း မိဘဘိုးဘွားတွေ လက်ထက်ကတည်းက လုပ်ကိုင်ခဲ့တဲ့ ရိုးရာလုပ်ငန်းတစ်ခုဆိုရင် မမှားပါဘူး"

"နှင်းလွင်ပြင်မှာ ဘာကောင်တွေရှိလို့လဲ၊ သမင်တွေ၊ အရယ်တွေတော့ ရှိမယ်မထင်ဘူး"

"ကျုပ်က တခြားသားကောင်တော့ မဖမ်းဘူး၊ ဝံပုလွေဖြူ တွေကိုပဲ အဓိက ဖမ်းတာ"

"ဝံပုလွေအဖြူ"

ကျွန်မ ဝံပုလွေအဖြူနဲ့ပတ်သက်ပြီးငယ်ငယ်ကတည်းက ဖေဖေ ပြောပြဘူးလို့ ကြားဖူးခဲ့သည်။ သိပ်ပြီးကြောက်စရာ အကောင်းဆုံး သတ္တဝါတွေပင်ဖြစ်သည်။ လူတစ်ယောက်ကို ဝံပုလွေ(၃)ကောင် လောက်နှင့်ဆုံလိုက်ပါက မိနစ်ပိုင်းအတွင်းမှာ အစပျောက်အောင် ရက်ရက်စက်စက် ကိုက်ဖြတ်တတ်တဲ့ ကောင်တွေပင်မဟုတ်လား။ ဒီလိုကောင်တွေကို ဖမ်းဆီးနေသည့် နှင်းလူဆိုသည့်လူသားကို ကျွန်မ အံ့ဩရမလို၊ ချီးကျူးရမလို၊ ဘယ်လိုပဲ

www.burmeseclassic.com



ဖြစ်ဖြစ် သူ၏သတ္တိကို တော့ လေးစားရမည်။

ဂူ၏အပြင်ဘက်မှ ဆီးနှင်းကျသံတွေက ကမ္ဘာပျက် သီချင်းတွေကို သီဆိုနေသလား မှတ်ရတယ်။

"ဒီဆီးနှင်းက ဘယ်လောက်ကြာကြာကျတတ်လဲ"

"(၃)ရက်နဲ့ (၄)ရက်လောက်ကြာတတ်တယ်"

"ရှင်..."

ကျွန်မ ဦးစိုင်းမျက်နှာကိုလှမ်းပြီးကြည့်ရင်း ကျွန်မ ဒီဂူထဲမှာ (၃) ရက် (၄) ရက်လောက် နေရမယ်ထားဦး၊ အစားအစာက ဘယ်ကရမှာလဲ။

"ကျွန်မတို့က ဒီမှာပဲနေကြရမှာပေါ့"

"ကျုပ်ပြောတာကို မင်းက အဆုံးထိ တွေးလိုက်မိပြီနဲ့တူတယ်၊ ဆီးနှင်းကျတာ (၃) ရက်၊ (၄) ရက်ဆိုတာ မုန်တိုင်းမပါဘဲ ကျနေတာကိုပြောတာပါ။ ခုဆီးနှင်းမုန်းတိုင်းက သူ့အများဆုံးတိုက်ရင် တစ်နာရီထက် မပိုပါဘူး"

"ဪ...ဆီးနှင်းမုန်တိုင်းစဲသွားရင် ပြန်ထွက်လို့ရပြီပေါ့"

"ရလောက်ပါပြီ၊ မင်းတို့ပြန်တတ်ဖို့ပဲ အရေးကြီးတာ"

"ဟယ်..."

www.burmeseclassic.com



ကျွန်မနင့်ဦးစိုင်း လာခဲ့စဉ်က လမ်းကြီးက ဖြောင့်ဖြူးနေတာမို့ ဘာအခက်အခဲမှမရှိပေမယ့် ခုလို ဆီးနှင်းတွေပိတ်နေတဲ့ လမ်းပေါ်ကိုကျွန်မ ဘယ်လိုမှမပြန်တတ်တာ သေချာသည်။

"မောင်ရင်ပဲ ဆက်ပြီး ကူညီပါဦးကွာ"

"ဟုတ်ကဲ့… ကျွန်တော် ခရီးဆုံးတဲ့ထိ ပို့ပေးပါမယ်"

ကျွန်မအတွက် အမှတ်တရ ကျေးဇူးတင်မိတဲ့လူတစ်ယောက်ပေ…။

* * *

www.burmeseclassic.com

# အခန်း (၁)

ကျွန်မအတွက် ခြေလှမ်းတွေကိုစတင်ရပြီ။ ဖေဖေ၊ မေမေ နှင့်မောင်လေး၊တို့ကိုရက်ရက်စက်စက် သတ်ဖြတ်သွားသောလူ (၅) ယောက်နောက်ကိုစတင်ပြီးလိုက်မည့်နေ့။ ဦးခွန်မိုင်းဆီက သိရသည့် နာမည်တွေနဲ့ သူတို့ နောက်သို့ ခြေရာခံလိုက်ရန် မလွယ်ကူနိုင်မှန်း ကျွန်မ သိပေမယ့်ကျွန်မထိုလူ (၅)ယောက်နောက်ကိုရအောင်စုံစမ်း ခဲ့ရသည်။

www.burmeseclassic.com



ကျွန်မ ပထမဦးဆုံးစုံစမ်းလို့ရခဲ့သူကဦးချင်ခေါင်... သူနေသည့်မြို့ကိုသာ သိခဲ့ရပြီး ပြည့်ပြည့်စုံစုံမသိရသောကြောင့် သိနိုင်တဲ့လူတစ်ယောက်ဆီကိုလာခဲ့ခြင်းဖြစ်သည်။

ကားကို ထိုးရပ်ပြီး ကျွန်မ စားသောက်ဆိုင်ထဲသို့ လှမ်းကြည့်တော့မိန်းမသားဆိုလို့တစ်ယောက်ကိုမှ မတွေ့ရပေ။ စိတ်ထဲမှာတော့ ခပ်ရှုံ့ရှုံ့လေး ဖြစ်သွားမိပေမယ့် ကျွန်မအတွက် ဒါတွေကိုနောက်တွန့်နေရင် ကျွန်မရဲ့ လက်စားချေမှုကြီးဟာ ဘာမှ ဖြစ်လာစရာမရှိပေ။

"ဟူး..."

ကျွန်မ သက်ပြင်းတစ်ချက်ကိုချပြီး သွေးအအေးဆုံးဖြစ်အောင် စိတ်ကို ချုပ်ထိန်းလိုက်ပြီးစားသောက်ဆိုင်ထဲသို့ တစ်လှမ်းချင်းဝင်လာခဲ့တော့သည်။ ဆိုင်ထဲတွင် ရှိမှက် ချက်လုံးများစွာက ကျွန်မဆီကိုရောက်နေကြတာကို သတိပြုမိလိုက်သည်။

ကျွန်မကောင်တာဆီသို့သွားပြီးနောက်

"မိန်းကလေးဘာသောက်မလဲ၊ပြောကြည့်ပါ"

"ကျွန်မ လူတစ်ယောက်ကိုတွေ့ချင်တာ၊သောက်ဖို့မဟုတ်ဘူး"

www.burmeseclassic.com



"အမည်လေး ပြောကြည့်ပါဦး"

ဆိုင်ကောင်တာတွေထိုင်နေသူကဲ့ကျွန်မကိုညှက်ထဲက

မိန်းကလေးတစ်ယောက်လို့ထင်မှတ်ပြီးစကားတွေက ရိသဲ့သဲ့

"ဂျင်နီစော"

"သဘောပေါက်ပြီ၊ မင်းလေးက ဆရာဂျင်နီရဲ့ပျော်တော်

ဆက်လေးကိုး၊ OK၊တွေ့စေရမယ်၊ ကျောက်မောင်း"

"ဗျာ..ဆရာ"

"ဆရာဂျင်နီ၊အထူးဧည့်သည်ကိုခေါ်သွားပေးလိုက်ပါ"

"ကဲ...လိုက်ခဲ့လို့ရပါပြီ"

"ငါတို့ဆရာရဲ့ဒီတစ်ခါညှက်ကတော့ဒေါင်းပျိုမလေးပဲ"

ကျွန်မ နားထဲတွင် စူးရှလှသော စကားတွေဖြစ်ပေမယ့်

ကျွန်မအတွက် ဂျင်နီစောကို တွေ့ဖို့က အရေးကြီးတာမို့ ကြားခဲ့ရ

သောစကားလုံးတွေကိုမသိသလိုပဲ နေပေးလိုက်ရသည်။

"ဒေါက်...ဒေါက်..."

"ဘယ်သူလဲကွ"

"ဆရာဂျင်နီ.. အပြင်မှာ ဆရာ့အထူးဧည့်သည်ကိုလာပြီး

ပို့တာပါ"

www.burmeseclassic.com



"အရေးထဲကွာ..တံခါးကိုတွန်းဖွင့်လိုက်"

"မင်းလေး ဝင်သွားလို့ရပါပြီ"

ကျွန်မ အသင့်ပွင့်သွားသော တံခါးမှအထဲကို မဝင်ခင် အခန်းထဲ ကို ကြည့်လိုက်တော့ ဂျင်နီစော ဆိုတဲ့လူရဲ့ဘေးတွင် ည မင်းသမီးတွေက (၃)ယောက်တောင် ဝိုင်းရံလျက်.. ဂျင်နီစောဟာ ရှုက်မုဆိုးတစ်ယောက်ဆိုတာတော့ သိလိုက်ရပြီဖြစ်သည်။

ကျွန်မကို မြင်သည်နှင့် မျက်လုံးတွေကို ကျွတ်ကျမတတ် ကြည့်ကာ

"နင်တို့သွားကြတော့"

သူ့ဘေးက မိန်းကလေးတွေကို အပြင်သို့ ထွက်ခိုင်းပြီး ကျွန်မရှေ့ကို လျှောက်လာကာ

"မင်းကို တစ်ခါမှ ဝါမတွေ့ဖူးဘူး"

"ရှင့်ကိုလည်း ဒီတစ်ခါပဲ ကျွန်မက တွေ့ဘူးတာပါ"

"ကဲ..စကားပြောကြရအောင်"

ကျွန်မဘေးမှာဂျင်နီစောက ကပ်ပြီး ထိုင်ရန် ပြင်လိုက်၍

"ရှင် ရှေ့မှာပြောင်းပြီးထိုင်လိုက်ပါ၊ ရှင့်ဆီကိုလာတာ ဆွေး နွေးစရာရှိလို့၊ ပျော်တော်ဆက်ဖို့လာတာမဟုတ်ဘူး"

www.burmeseclassic.com



"ငါ့ဆီကို လာကြတဲ့ မိန်းကလေးတွေက ငါ့အတွက်ဈေးဖြေခံတွေပဲ.."

"ဒီထဲမှာ ကျွန်မ မပါဘူး"

"အင်းလေ...နောက်တော့ မင်းစိတ်ဝင်စားသွားမှာပါ၊ ကဲ...ပြောမင်းဇွေးနွေးချင်တာဘာလဲ"

"ကျွန်မ လူတစ်ယောက် လိပ်စာကိုရှင့်ဆီက သိချင်လို့လာခဲ့တာ၊ ရှင်ပြောပြနိုင်ရင် ရှင့်အတွက် ထိုက်တန်တဲ့ကြေးရမယ်"

"အလို့...တယ်ပြီး စိတ်ဝင်စားဖို့ကောင်းပါလား၊ ငါ့ဆီကို တစ်ယောက်ယောက်က လွှတ်လိုက်သလား"

"ဟုတ်တယ်...ဦးစိုင်းလွှတ်လိုက်တာ"

"မင်း သိချင်တာဘယ်သူလဲ"

"ဦးချင်ခေါင်"

"ဟင်..."

ကျွန်မ ပြောလိုက်သောနာမည်ကြောင့် ဂျင်နီစော မျက်နှာကွက်ခနဲ ပျက်သွားပြီး

"ဘာကိစ္စလဲ"

"ကိစ္စက ရှင်သိဖို့မလိုဘူး၊ ရှင့်ဘက်က သူဘယ်မှာနေတယ်

www.burmeseclassic.com



ဆိုတာကိုပြောပြနိုင်ဖို့ပါပဲ"

"မင်း...ကြေးဘယ်လောက်ထိပေးမလဲ"

"ရှင်က ဘယ်လောက်တန်တယ်လို့သတ်မှတ်ထားလဲ"

"သိန်းတစ်ရာ"

"ဘာ..."

ဂျင်နီစေတောင်းသည့်ငွေမှာအလွန်များပြားလွန်းလှသည်။

"ဘယ်လိုလဲ"

"ဒါ..ရှင်သက်သက် မဖြစ်နိုင်တာကို တောင်းတာပဲ၊ လူတစ်ယောက် ဘယ်မှာနေတယ်ဆိုတာ ပြောပြရုံလေးနဲ့ တောင်းတဲ့ငွေက အဆမတန်ကြီးပဲ"

"မင်း မပေးနိုင်ဘူးပေါ့"

"စိတ်မကောင်းပါဘူး"

"ဒါဆိုရင်တော့ မင်းနဲ့ဆက်ပြီးဆွေးနွေးစရာမရှိတော့ ဘူး တစ်ခုတော့ မင်းကို အခွင့်အရေးပေးမယ်"

"ဘာကိုလဲ"

"ဟဲဟဲ...မင်းနဲ့ နှစ်ပါးသွားလေးကိုက ခွင့်ရရင်တော့..

"ဘာပြောတယ်၊ ရှင် မိုက်ရိုင်းလှချည်လား"

www.burmeseclassic.com



"မင်းဒေါ်သမျက်နှာလေးက စွဲမက်ဖို့တော့ကောင်းတယ်"

"ရှင်…လွှတ်လိုက်နော်"

ကျွန်မလက်ကိုလှမ်းပြီး ဆုပ်ကိုင်သည့် ဂျင်နီစောလက်ကို ရုန်းကန်ရင်းပြောလိုက်ပေမယ့်

"သိပ်နုတဲ့လက်ကလေးတွေ နာကျင်သွားပါ့မယ်ကွယ်၊ လိမ္မာလိုက်စမ်းပါ"

"ကဲ…"

"ဖြောင်း…ခွပ်"

ကျွန်မအတွက် ပထမဦးဆုံးပွဲကလေးတစ်ခုကိုစတင်ပြီးနွှဲ လိုက်ရခြင်းဖြစ်သည်။ ကျွန်မ ခြေကန်ချက်ကြောင့် ဂျင်နီစော စားပွဲပေါ်သို့ စိုက်ကျသွားပြီး

"ဟေ့ကောင်တွေ၊ ဒီကောင်မကို ဖမ်းစမ်း"

ဂျင်နီစောအသံကြောင့် သူ့တပည့် (၃) ယောက် အခန်းထဲသို့ပြေးအဝင်မှာ တစ်ယောက်ချင်းကို ခြေစွမ်းပြလိုက်သည်။

"ဖြောင်း…ခွပ်…ဖြောင်း"

"အီး…အား…အင့်"

ကျွန်မ ထွက်ပေါက်ကိုရှာရတော့မည်ဖြစ်သည်။ ကျွန်မဆီ

www.burmeseclassic.com



သို့ ဖမ်းဆီးဖို့ရောက်လာကြတဲ့ ဂျင်နီစော တပည့်တွေမှာ မနည်းလှ
ပေ။

"မလွတ်စေနဲ့ ..မိမှ ကောင်းကောင်းဆုံးမရမယ်"

အောက်ထပ်ကိုဆင်းသည့်လှေကားဆီမှ တက်လာကြသူ
များမှာ မနည်းလှ၊ ကျွန်မ ဘယ်လိုမှ လှေကားကနေ ဆင်းရန် မဖြစ်
နိုင်တာမို့ ဘေးမှ မှန်ပြတင်းပေါက်ကို ထွက်ပေါက်အဖြစ် သဘော
ထားပြီး

"ရှင်... ဝုန်း"

ကျွန်မ မှန်ပြတင်းပေါက်ကိုကိုယ်လုံးနှင့်တိုက်ပြီးအောက်
သို့ခုန်ချလိုက်တော့သည်၊ ကျွန်မ ကျသည့်နေရာမှာ မြက်ခင်းပြင်ဖြစ်
၍ အမြင့်မှကျသည့်အရှိန်ကြောင့် ခြေထောက်မှာခေါက်သွားပြီး
ချက်ချင်းပြန်ထ၍မရပေ။

"ကောင်မ...မင်းငါတို့လက်က မလွတ်ပါဘူး"

"ဟင်..."

ကျွန်မဆီကိုဂျင်နီစောတပည့်(၃)ယောက်ရောက်လာပြီး
ကျွန်မရှေ့မှာရပ်ကာ

"ဒီအတိုင်းမဆွဲနဲ့၊ ဒီကောင်မက လက်ခြေထောက်တွေက

www.burmeseclassic.com



ကောင်းတယ်"

"ဒါဆို အရင်ဆုံး မေ့အောင်လုပ်မယ်"

ကျွန်မ မထနိုင်သည်ကိုသဘောပေါက်ပြီး တစ်ယောက်က ကျွန်မကိုလက်ပြန်ရိုက်ဖို့ပြင်ချိန်တွင်

"ဖြောင်း...အား"

ဂျင်နီစော တ ပည့်တစ်ယောက် ကျွန်မရှေ့သို့စိုက်ကျလာတာကိုတွေ့လိုက်ရ၏။

"ခွပ်...အင့်..ဒုတ်...အီး.."

အမှတ်မထင် ဝင်ရောက်ပြီးတိုက်ခိုက်သည့် လူတစ်ယောက်ကြောင့်ဂျင်နီစောတပည့်(၃)ယောက်လုံးဘာမှကာကွယ်ချိန်ပင် မရလိုက်၊ မြေပြင်တွင်မှောက်သွားသည်။

"ကဲ..သွားမယ်၊ နောက်ထပ်ကောင်တွေလာနေပြီ"

"အ..."

"မင်း ခြေထောက်က ထောက်လို့မရဘူးလား"

"ဟုတ်တယ်"

"ကဲ.."

"အမေ့...အို.."

www.burmeseclassic.com



ကျွန်မ ခန္ဓာကိုယ်လေး သူ့လက်ပေါ်မှာ ပါသွားပြီး လိုက်ပါသွားခဲ့သည်။

"ဟိုကားက မင်းကားမဟုတ်လား"

"ဟုတ်တယ်"

ကားဆီသို့ရောက်မှ ကျွန်မကို ကားနောက်ခန်းထဲသို့ထည့်ပြီး

"ကားသော့ရော..."

"ဒီမှာ..."

ကျွန်မလက်ထဲက ကားသော့ကိုယူပြီး ကားစက်နှိုးချိန်တွင် ဂျင်နီစောကောင်တွေက ကားရှေ့ဆီသို့ ပြေးလာနေကြသည်။

"ကားတိုက်ခံပြီး ဘယ်ကောင်သေရဲသလဲဆိုတာ ကြည့်ရတာပေါ့..."

"ရှင်..."

နင်းလူ...ပုံစံက ကားဖြင့်တကယ်တိုက်သတ်မည့်အသွင်၊ ကားစက်နိုးသည်နှင့် လီဗာကို တင်ပြီးရှေ့ကလူတွေကြားထဲသို့ မောင်းဝင်လိုက်သည်။

"ဝူး..."

www.burmeseclassic.com



ဂျင်နီစော ကောင်တွေ ဘေးပလက်ဖောင်းဆီသို့ အ

အယက်ပြေးကြတော့သည်။

"ဘယ်သူမှ မသေရဲပါလား"

"ရှင် ဘယ်လိုလုပ်ပြီးရောက်လာတာလဲ"

"ဒီဆိုင်က ဝံပုလွေသားကိုမှာထားလို့လာပို့ရင်း မင်းကိုတွေ့

လိုက်တာပါ"

"တိုက်ဆိုင်ခြင်းပဲပေါ့"

"ဒါပါပဲကွာ၊ မင်းဂျင်နီစောနဲ့ ဘာကိစ္စတွေရှိလို့လဲ"

"သူ့ဆီက လူတစ်ယောက်လိပ်စာကိုလာပြီးမေးတာပါ"

"သိခဲ့ရလား"

"မသိခဲ့ရတဲ့အပြင် ကျွန်ကို အဓမ္မကျင့်ဖို့ကြံလို့ ခုလိုပြေးခဲ့

ရတာ"

"မင်းသိချင်တဲ့သူကို ဂျင်နီစောတစ်ယောက်ပဲ သိနိုင်တာ

လား"

"ဟုတ်တယ်"

"ကျုပ် ဘာကူညီပေးရမလဲ"

ကျွန်မ...နင်းလူ့ဆီက အကူအညီကိုတောင်းခံရမှာ စိတ်ထဲ

www.burmeseclassic.com



မှ ဝန်လေးနေသလိုဖြစ်ပေမယ့် ဂျင်နီစောဆီက ကျွန်မ သိချင်တာကို သိဖို့က ဘယ်လိုမှ မလွယ်ပေ။

"ကျွန်မ ဂျင်နီစောဆီက ကျွန်မသိချင်တဲ့ လူတစ်ယောက် လိပ်စာကို အရမ်းသိချင်နေတယ်၊ ရှင်ကူညီပေးနိုင်မလား"

"ကျုပ် ကြိုးစားကြည့်ပေးမယ်လေ၊ မင်းသိချင်တဲ့ သူ့ လိပ်စာကို ဂျင်နီစောမင်းရေမှာ ပြောရအောင်တော့ ကျုပ်ကူညီပေး မှာပါ"

"ရှင်...တကယ်ပြောတာလား"

"မနက်ဖြန် ညနေကျရင် ကျုပ်မင်းကို အကြောင်းကြား မယ်၊ ဘယ်လို ဆက်သွယ်ရမလဲဆိုတာကိုပဲ ပြောပါ"

"× × × × × × × ဒီဖုန်းနံပါတ်ကို ဆက်လိုက်ပါ"

"ကောင်းပြီ..."

ကျွန်မပေးတဲ့ ဖုန်းနံပါတ်ကတ်ကလေးကို သူ့အိတ်ကပ်ထဲ သို့ထည့်ပြီး

"ရေမှာ ဆေးခန်းရှိတယ်၊ အဲဒီဒေါက်တာက အရိုးအကြော သိပ်ပြီးနိုင်တာ၊ ကားရပ်လိုက်မယ်နော်"

"ဟုတ်..."

www.burmeseclassic.com



ဆေးခန်းလေးရှေ့တွင် ကားကိုထိုးရပ်လိုက်ပြီး ဆေးခန်းထဲသို့နှင်းလှူကျွန်မကိုတွဲပြီး ဝင်လာခဲ့တော့သည်။

ကျွန်မ မိသားစုအတွက် ရာဇဝင်ကြွေးကို ဘယ်သူ့အကူအညီမှ မပါဘဲ လက်တုံ့ပြန်ဖို့ရန် ပြင်ဆင်ထားသော်လည်း နှင်းလှူကြောင့် ပထမဆုံးထိုအစီအစဉ်ကိုပြင်ဆင်လိုက်ရသည်။

"ဟာ…နှင်းလှူလာကွာ၊ ဘာဖြစ်လာတာလဲ"

"ကိုယ့်သူငယ်ချင်းခြေထောက် ခေါက်သွားလို့ ဝင်ပြီး ပြတာ"

နှင်းလှူဆိုတဲ့သူကို ဒေါက်တာက သိနေသည်။ ကျွန်မ ခြေထောက်ကိုသေသေချာချာစစ်ဆေးပြီး

"ဘာမှမဖြစ်ပါဘူး၊ အကြောတင်သလိုဖြစ်သွားတာပါ၊ မနက်လောက်ဆိုကောင်းသွားမှာပါ"

"ဟုတ်ကဲ့"

ကျွန်မအတွက် စားဆေးတွေကိုပေးပြီး ခြေထောက်ကို ဆေးပတ်တီးလေးစည်းပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"မတင်နဲ့၊ ဒေါက်တာဆိုတာ လူနာကိုသာ ကျေးဇူးတင်

www.burmeseclassic.com



ရမှာ"

"ဘယ်လောက်ကျလဲဆရာ"

"တစ်ပြားမှမပေးပါနဲ့ဗျာ၊ နင်းလူနဲ့ပတ်သက်တဲ့သူဆိုတော့ ယူလို့မဖြစ်ဘူး"

ကျွန်မ အတင်းမပေးသင့်ဘူးထင်တာနဲ့ ဘာမှဆက်ပြီး မမေးတော့ဘဲထွက်လာခဲ့လေသည်။

"စိုးမိုးနိုင် ဘယ်လိုလဲ"

"မင်းလက်နဲ့တောင်ပျောက်ပါတယ်၊ အကြောတင်သွား တာ၊ ဘယ့်နယ့်ကြောင့်ငါ့ဆီခေါ်လာရတာလဲ နင်းလူ"

"လမ်းကြုံသွားလို့ဗျာ"

"ဒါနဲ့ နင်းလူ..မင်းငါ့ဆီကို ဘယ်တော့လာဦးမလဲ"

"ဘာကိစ္စရှိလို့လဲ"

"မင်းကိုပြောစရာရှိလို့ကွ၊ လာခဲ့ဦးကွာ၊ ငါတို့သူငယ်ချင်း (၂)ယောက် စကားအေးအေးဆေးဆေးပြောကြတာပေါ့"

"အေး..လာခဲ့မယ်..ကဲ...သွားကြရအောင် လွမ်းအင်ကြင်း"

"ဟုတ်ကဲ့"

ကျွန်မ ဆရာဝန် စိုးမိုးနိုင်ကို နှုတ်ဆက်ပြီး သူ့လက်မောင်း

www.burmeseclassic.com



လေးကို ရွှင့်မတောင်းဘဲကိုင်ကာ လိုက်ပါလာခဲ့သည်။

"ကျုပ်အိမ်ထိ ပို့ပေးရမှာလား"

"ရှင့်ကို အားနာမိပါတယ်"

"မင်းက ကျုပ်ကို တမင်ခိုင်းနေတာမှ မဟုတ်တာပဲ၊ ဘာကိုမှ အားနာစရာမလိုဘူး"

"ကျွန်မ တည်းခိုတဲ့အိမ်လေးထိ လိုက်ပို့ပေးပါ"

"မင်း လမ်းပြ"

"အင်း..."

ကျွန်မအတွက်တော့ အဖြေရှာမရသည့် ဝေဒနာတစ်ခု ရောက်လာသလို ထင်မိလိုက်သည်။ ဒီဝေဒနာသည် နှင်းလူဆိုသော လူသားတစ်ဦးဆီက ဆင်းသက်လာခြင်းများလား...။

***

www.burmeseclassic.com

# အခန်း (၂)

နင်းလှေတစ်ယောက် ဦးထုပ်ကို ခပ်ငိုက်ငိုက်ကလေး ဆောင်းလိုက်ပြီး ကားနားဆီသို့လျှောက်လာခဲ့သည်။ နင်းလှေ ကပ်သွားသော်ကားမှာ ဂျင်နီစော ကားလေးပင်ဖြစ်သည်။ အင်္ကျီအိတ်ထဲမှ စီးကရက်တစ်လိပ်ကိုထုပ်ယူပြီး ကားမောင်းသူဆီမှ

"မီးကလေးတစ်တို့လောက် ရမလား"

"ဆေးလိပ်သောက်တတ်ရင် မီးခြစ်ဝယ်ထားပေါ့ကွ"

"ဟုတ်ကဲ့၊ နောက်တစ်ခါဆို ဝယ်ထားပါမယ်"

www.burmeseclassic.com



"ရော့..ရော့..ကွာ"

နင်းလူ မီးခြစ်ကို လှမ်းယူပြီး ဆေးလိပ်ကို မီးညှိလိုက်ပြီးမှ

"မီးခြစ်လေးက ခပ်ပေါပေါဈေးက ဝယ်လာတာနဲ့တူတယ်"

"ဘာကွ..မင်းက မီးခြစ်လည်းငှားဦးသေးတယ်၊ စော်ကားလှ ချည်လားကွ၊ ခွေးမသား"

"ဒေါသကြီးလိုက်တာ..သွားကွာ"

"ရှင်.."

နင်းလူ မီးခြစ်ကို လွှင့်ပစ်လိုက်သည်နှင့် ဒေါသတကြီးနှင့် ကားတံခါးကို ဖွင့်ပြီး ကားထဲမှအထွက်

"ဒုတ်...အိ.."

နင်းလူ ထိုလူ၏ အရှိက်ဆီသို့ လက်သီးစပ်ပြင်းပြင်းလေး ထိုးချလိုက်သဖြင့် ကတ္တရာလမ်းမထက်တွင် မှောက်သွားတော့ သည်။

နင်းလူ..ထိုလူကို ဆွဲခေါ်ပြီး ပလက်ဖောင်းဘေးရှိ ချုံတစ်ခု ထဲတွင် ဖွက်ထားလိုက်ကာ ထိုလူ ဦးထုပ်ကို ဆောင်းလျက် ကားထဲ တွင်ဝင်ပြီးထိုင်နေလိုက်သည်။

ဂျင်နီစော မိန်းကလေးတစ်ဦး၏ ပခုံးကိုဖက်ပြီးထွက်လာ

www.burmeseclassic.com



တော့၏။

"ကျားမောင် သွားကြမယ်"

"ဟုတ်"

"ဂျိုင်း..."

ဂျင်နီစောသည် ဖွင့်ပေးထားသော ကားနောက်ခန်းတံခါးကို ပိတ်ပြီး ကားနောက်ခန်းမှ လိုက်ပါလာသည်။ ဂျင်နီစောတစ်ယောက်ကတော့ မိန်းကလေးနှင့် ကလူကျီစယ်ပြီး လိုက်ပါရင်း

"ကျားမောင်...မင်းဘယ်ကိုမောင်းနေတာလဲ၊ ခွေးမသားငါက မူးနေတယ်မှတ်တာ၊ မင်းက မူးနေတာလား"

"ရာ့အတွက် အကောင်းဆုံးလမ်းကို မောင်းနေတာပါ"

"ကျားမောင် မင်းအသံက ဘာဖြစ်နေတာလဲ"

"ဆရာ...မူးနေလို့ဖြစ်မှာပါ"

"ဟင်..."

နင်းလူ နောက်ကြည့်မှန်ထဲမှ ဂျင်နီစော၏ လှုပ်ရှားမှုကို ကြည့်ပြီး

"ကျွိ...ဝုန်း...အီး...အမေ့"

အရှိန်နှင့်မောင်းလာသောကားကို ဘရိတ်နင်းချလိုက်ခြင်း

www.burmeseclassic.com



ကြောင့် ဂျင်နီစော ရှေ့ဘက်သို့ထိုးစိုက်ပြီးကျလာသည်။

"ဖြောင်း...အ.."

နှင်းလူ့စပ်သွက်သွက်ပဲ ဂျင်နီစော၏ မေးရိုးကို ထိုးချလိုက်သဖြင့် ဘာသာပြန်ရှိန်တောင်မရလိုက်ပါ။ ဂျင်နီစော နောက်ခန်းတွင် မေ့နေလေပြီ။

"ကျွန်မ..ကျွန်မ..."

"မင်းနဲ့ဘာမှမသက်ဆိုင်ဘူး၊ မင်းကားတစ်စီးငှားပြီး ကိုယ့်အိမ်ကိုယ်ပြန်၊ ဒါမှမဟုတ် ဂျင်နီစောတပည့်တွေကို အကြောင်းကြားမယ်ဆိုရင်တော့ မင်းကို နောက်တစ်ခါ ငါအခွင့်အရေးပေးမှာမဟုတ်ဘူး"

"စိတ်ချပါရှင်..ကျွန်မ ဘယ်သူ့ကိုမှ မပြောပါဘူး"

"ဂျိုင်း.."

သူမကို ကားတံခါးဖွင့်ပေးလိုက်ပြီး

"မင်း ကားငှားဖို့ငွေ"

"ရ...ရပါတယ်"

"ယူသွားပါ.."

သူမကို ကားငှားခငွေပေးပြီး ဂျင်နီစောကို အသင့်ယူလာ

www.burmeseclassic.com



...ညကြီးဖြင့် ခြေရောလက်တွေပါ တုတ်သလိုပါးစပ်ပါ အဝတ်စည်း ...ခေါ်ဆောင်လာတော့သည်။ နှင်းလှူ ကားမောင်းလာရင်း လမ်း ...တယ်လီဖုန်းဆိုင်ရှေ့နားတွင် ကားရပ်ပြီး လွှမ်းအင်ကြွင်းဆီသို့ ...ဆက်လိုက်သည်။

"ဟလို ပြောပါ၊ ကျွန်မ လွှမ်းအင်ကြွင်းပါ"

"ကျုပ် နှင်းလှူ..."

"ဪ...ကိုနှင်းလှူ ပြောလေ"

"မင်း သိပ်ပြီးတွေ့ချင်တဲ့လူကို ခေါ်လာခဲ့ပြီ"

"ဟင်..."

"မိုးက ချုပ်နေတော့ မင်းလာဖို့ခက်နေမလား"

"ဦးစိုင်းကိုခေါ်ပြီးလာခဲ့ပါမယ်၊ ဘယ်နေရာကို လာရမလဲဆို တာကိုပြောပါ"

"မြို့အမှတ် (×××) ရဲဘာခင်းကိုလာခဲ့၊ ဒီလောက်ဆို ဦးစိုင်းသိမှာပါ"

"ကောင်းပြီး ခုချက်ချင်းလာခဲ့မယ်"

www.burmeseclassic.com



လွှမ်းအာ ကြင်းဘက်မှ ဗုန်းပြန်ပြီးချသွားသဖြင့် ကားဆီသို့ ပြန်လာကာ ရှိန်းဆိုထားသည့် ခြံကြီးဆီသို့မောင်းထွက်လာခဲ့တော့သည်။

ဂျင်နီစောကို ခုလို ဖမ်းဆီးခြင်းသည် ကျားဆိုးတစ်ကောင်၏ အမြီးကို ဆွဲသည်နှင့်အတူတူပင်။ ဘယ်လိုပင်ဖြစ်စေ နှင်းလူ ရှာတော့ ဂျင်နီစောကိုဖမ်းခဲ့ပြီမဟုတ်လား။

* * *

www.burmeseclassic.com

နင်းလူဆိုသည့်လူတစ်ယောက်သည် ကျွန်မထင်ထား ...ာထက် အစွမ်းအစ ရှိသောလူတစ်ယောက်ဖြစ်နေသည်ကို ...သောပေါက်မိတာအမှန်၊ ဂျင်နီစောလို ကြေးစားတပည့်များဝိုင်း ...ထားသည့်ကြားက အလွယ်တကူ ဖမ်းဆီးနိုင်ဖို့ဆိုတာ မလွယ်နိုင် ...သောကိစ္စ...၊ ကျွန်မသာဆိုရင်ဂျင်နီစောဆီကို ဝင်ပြီးကပ်ဖို့အတွက် ...ဦးစားတိုင်း အဖြေမထွက်ဘဲနေလေသည်။

"ကောင်မလေး...ဘာတွေစဉ်းစားနေတာလဲ"

www.burmeseclassic.com



"နင်းလူဆိုတဲ့ လူအကြောင်းပါ"

"ကောင်မလေးနဲ့ ရေစက်ကြောင့်နေမှာပေါ့"

"ရှင်..."

"ဦးစိုင်းပြောတာက ကောင်မလေးအာ ခက်အခဲအန္တရာယ် တွေကိုကူညီပေးဖို့ရေစက်ပါလာတယ်လို့ပြောတာပါ"

ဦးစိုင်းစကားကြောင့် အကြောင်းမဲ့ ရင်ဖိုသလိုတော့ ဖြစ်သွားသလိုပင်။

"ဂျင်နီစောကို သူဖမ်းခဲ့နိုင်တာ အံ့သြစရာပဲနော်"

"ဟုတ်တယ် ကောင်မလေး။ ဒီနယ်မှာ ဂျင်နီစောကို ခုလိုဖမ်းဖို့ မပြောနဲ့၊ စကားနဲ့တောင် ရန်မစရဲကြဘူး"

"သူ့အတွက် အန္တရာယ်ကြီးမှာပဲ"

"ဒီအန္တရာယ်ကို မကြောက်တဲ့သူမို့ ဖမ်းခဲ့တာပေါ့၊ ကောင်မလေးရယ်"

"သူကရော အမှောင်လောကသားထဲက လူတစ်ယောက်ရော မဖြစ်နိုင်ဘူးလား၊ မဖြစ်နိုင်ဘူးထင်တာပဲ၊ သူ့ဥပဓိရုပ်ရည်က မဟုတ်တာ လုပ်စားမယ့်ရုပ်ရည်မျိုးမဟုတ်နိုင်ဘူး"

ကျွန်မ အတွေးထဲမှာပဲ သူ့ကို ဆုံးဖြတ်ချက်တွေ ချပေးနေ

www.burmeseclassic.com



လိုက်သည်။

နင်းလူကြောင့် ကျွန်မ၏ တုံ့ပြန်လက်စားချေမှုကြီးကို ခရီးဆက်ခွင့်ရတာကိုတော့ ကျွန်မ မငြင်းချင်ပါ။ ဒါပေမယ့် နင်းလူကိုအားကိုးမျှော်လင့်ခြင်းနဲ့တော့ ကျွန်မ ရာဇဝင်ကြွေးကို မဆပ်ချင်။ ဒါက ကျွန်မရဲ့ နာကျင်ခြင်းနှင့် နာကြည်းခြင်း ကြောင့်ဖြစ်ပေါ်လာသော မာနတစ်ခု။

"ကောင်မလေး၊ ရှေ့ကလမ်းထဲကို ကားကွေ့ပြီးဝင်လိုက်"

ဦးစိုင်းပြောတဲ့လမ်းသွယ်လေးကိုကွေ့လိုက်ပြီး အ မှောင်ထု လွှမ်းခြုံနေသော မြေနီလမ်းအတိုင်းဆက်ပြီး မောင်းလာတော့မှ

"ရှေ့ကခြံပဲ ကောင်မလေး"

"ဗျူး..."

ခြံတံခါးမှာ ကျိုးပျက်နေတာမို့ ဆင်းပြီးဖွင့်စရာမလိုဘဲ တစ်ခါတည်း မောင်းဝင်လာခဲ့တော့သည်။ ကားမီးဖြင့်လှမ်းပြီး မြင်နေရသော အိမ်မှာ တိုက်ခံအိမ်တစ်လုံးဖြစ်ပေမယ့် ကြာမြင့်နေသော အိမ်ကြီးတစ်လုံးဆိုတာကို ဟောင်းနွမ်းမှုတွေ၊ ပျက်စီးမှုတွေက သက်သေခံနေ၏။

"ဒီခြံကြီးက ခြံပျက်ကြီးတစ်ခုပဲ ကောင်မလေး၊ အရင်က

www.burmeseclassic.com



ရော်ဘာစိုက်ခင်းတွေရှိတယ်၊ နောက် မီးလောင်မှုဖြစ်သွားပြီး ရော်ဘာပင်တွေပါပျက်စီးသွားပြီး ပိုင်ရှင်ကဒီအတိုင်းပစ်ထားခဲ့တာ"

"ဩော်.."

တိုက်ပျက်လေးရှေ့တွင် နင်းလူထွက်ပြီးရပ်နေသည်ကို တွေမြင်လိုက်ရသည်။ ကားရပ်ပြီး နင်းလူ နားသို့လျှောက်သွားတော့

"ခုလိုညဘက်ကိုခေါ်ရတာ စိတ်မကောင်းပါဘူး၊ မနက်ပိုင်း ဆိုရင် အဝင်အထွက်တွက် မကောင်းဘူး၊ ပြီး ဂျင်နီစော ကောင်ပေ သူတို့ဆရာပျောက်ပြီဆိုတာနဲ့ မြေလှန်ပြီးရှာကြတော့မှာ၊ ဒီနေရာကို ရောက်လာနိုင်တယ်၊ ဒါကြောင့် အားချင်းခေါ်ရတာပါ"

"ရပါတယ် နင်းလူရယ်၊ အားနာရမှာက ကျွန်မပါ"

"အိမ်ထဲဝင်ကြရအောင်၊ ဟိုကောင်ကိုတော့ တိုင်မှာ ကြိုး နဲ့ချည်ထားတယ်"

နင်းလူ ရှေ့ကဝင်ပြီး ကျွန်မနင့်ဦးစိုင်းတို့နောက်မှလိုက် ပြီးဝင် လာခဲ့ကြတော့သည်။

"ဦးစိုင်း...အတွေ့ခံလို့ဖြစ်မလား၊ ဟိုအခန်းထဲနေပါလား ဒီကောင်တွေက မလွယ်ဘူးနော်"

"ဟုတ်တယ် ဦးစိုင်း၊ ကျွန်မကြောင့် ဦးစိုင်းတို့ပါ အန္တရာယ်

www.burmeseclassic.com



မဖြစ်စေချင်ပါဘူး"

နင်းလူအတွက်ပါ ထည့်ပြီးပြောတဲ့ ကျွန်မစကားဟာ တကယ်တော့နင်းလူအတွက်တော့မဖြစ်နိုင်တော့ဘူး။

"ဒီကောင် မေ့နေတယ်..ခဏ"

နင်းလူ..ဂျင်နီစောကုတ်ကို ဆွဲကိုင်လှုပ်လိုက်သည်နှင့်

"အီး..အီး..မင်း...မင်းတို့ငါ့ကိုဘာလုပ်မလို့လဲပြောကြစမ်း"

"ရှင့်ကို သတ်မလို့"

"ဘာ..မင်းနဲ့ငါက ဘာရန်ငြိုးတွေရှိလို့လဲ"

"ရှင်က မေ့လွယ်တာလား မှတ်ဉာဏ်မကောင်းတဲ့လူလား။ ကျွန်မကို ရှင်စုမှ တွေ့ဘူးတာလား၊ ပြောစမ်း"

"ဩော်...မင်းကိုး"

"ရှင်မှတ်မိသွားပြီပဲ၊ ဒါဆိုရင် ရှင့်ဘက်က ရှင့်အသက်နဲ့လဲနိုင်တဲ့အခွင့်အရေးတစ်ခု ရှိနေတယ်"

"လွယ်..လွယ်နဲ့မင်းသိမယ်လို့ထင်ထားလား"

"ဖြောင်း.."

"အ..."

ကျွန်မ..ဂျင်နီစောရမေးဖျားကိုလက်ပြန်ရိုက်ချလိုက်ပြီး

www.burmeseclassic.com



ဘလိတ်ဓားကို ထုတ်ယူလိုက်သည်။

"ရှင့်လို လူမိုက်ခေါင်းဆောင်ကြီးကို အပါးဆုံးဓားလေးနဲ့ပဲ ဘယ်လောက်သတ္တိကောင်းသလဲဆိုတာကို စမ်းသပ်ကြည့်တာပေါ့"

"မင်း...မင်း...အား..."

ကျွန်မဘက်က ခုလိုလုပ်ရဖို့ကို သတ္တိတော်တော်မွေးပြီးမှ လုပ်နေခြင်းဖြစ်သည်။ ဂျင်နီစောလက်ဖျံကို တပ်ရျက်ဆွဲလိုက်ပြီး

"ရှင့်နှုတ်ဖျားက ဆက်ပြီးမပြောနိုင်ရင်တော့..."

"မင်းဆက်ပြီးမလုပ်နဲ့၊ ငါပြောပြမယ်"

"ခုလို စိတ်ပြောင်းသွားတာ အကောင်းဆုံးအပေးအယူပါပဲ"

"ဦးချင်ခေါင် ဘယ်မှာနေလဲ"

"မြစ်ကြီးနားမှာနေတယ်၊ × × × × × × × × × အိမ်မှာ"

"သေချာတယ်ပေါ့"

"သိပ်သေချာတယ်"

"သူ့နာမည်ကိုပြောင်းထားလား"

"ပြောင်းထားတယ်၊ ဦးမင်းကျော်စွာ၊ မင်းဘာဆက်ပြီးသိချင်သေးလဲ"

www.burmeseclassic.com



"ကျွန်မအတွက် ဒီလောက်ဆိုရပါပြီ၊ ဒါပေမယ့် နောက်ဆုံးစကားလေးတော့ မေးချင်တယ်၊ ရှင်နဲ့ ဘယ်လိုပတ်သက်လဲ"

"ကျုပ်က သူ့ပစ္စည်းတွေကို ဒီမြို့မှာဖြန့်ပေးနေတာ"

"ပစ္စည်းဆိုတာ"

"မင်းနဲ့မဆိုင်ဘူးလေ၊ မင်းသိချင်တာကို သိပြီးပြီပဲ"

"သိပ်ဆိုင်တာပေါ့၊ ဦးချင်ခေါင် ဘာတွေလုပ်နေသလဲဆိုတာကို သိထားမှ ဖြစ်မှာလေ"

"ဘိန်းဖြူ"

"ရပါပြီ"

ကျွန်မနင့်နှင်းလှူ..ဂျင်နီစောဘေးနားက ထွက်လာတော့

"ဟေ့..ဟေ့..မင်းတို့က တိမတည်တာကိုမလုပ်နဲ့၊ ငါ့ကို လွှတ်ပေးဦး"

ဂျင်နီစော နောက်ကနေ လှမ်းပြီးအော်နေသည်ကို လှည့်ပင်မကြည့်ဘဲ အပြင်သို့ထွက်လာကြရင်း

"နှင်းလှူ..."

"မင်း ဘာပြောချင်လဲပြောလေ"

www.burmeseclassic.com



"ကျေးဇူးတင်တယ်လို့တော့ မပြောချင်တော့ဘူး၊ ဒါပေမယ့်ကျွန်မဘက်က ပြောနိုင်တာ ဒီစကားပဲရှိပါတယ်"

ကျွန်မစကားကို နှင်းလူက ခပ်ပြုံးပြုံးလေးပဲ နေလိုက်ပြီး

"မင်းဆက်ပြီး လုပ်စရာရှိတာကိုလုပ်ပါ"

"ဂျင်နီစောအတွက်ရော"

"ကျုပ်တာဝန်ထားလိုက်"

"ကျွန်မကြောင့် ရှင့်မှာအန္တရာယ်တွေ ဝိုင်းနေမလား"

"ကျုပ်အတွက် မင်းခေါင်းထဲမှာ ဘာမှ မစဉ်းစားထားပါနဲ့၊ အန္တရာယ်ကိုရင်ဆိုင်တဲ့အခါညံ့တဲ့သူက ခံရမှာပေါ့၊ကျုပ်ညံ့ရင် ကျုပ်ခံသွားမယ်"

"ရှင် မညံ့ပါစေနဲ့နော်"

"မင်းကိုတစ်ခုတော့မှာလိုက်ချင်တယ်"

"ရှင်ဘာမှာချင်တာလဲ"

"မင်းသွားပြီး ရင်ဆိုင်ရမယ့်သူတွေဟာ ခပ်ညံ့ညံ့လူတွေ မဟုတ်ဘူးဆိုတာတော့မင်းသတိပြုထားပါ၊ပြီးတော့ ဆန္ဒကို သိပ်ရှေ့တန်းမတင်ပါနဲ့"

"ရှင် သတိပေးတဲ့စကားကို မှတ်ထားပါမယ်"

www.burmeseclassic.com



"လမ်းခွဲကြရအောင်"

ကျွန်မ ရင်ထဲမှာ ခွဲခွာခြင်းဝေဒနာ တစ်စုံကိုထွေးပိုက်မိသလိုခံစားလိုက်ရတာတော့ အမှန်ရယ်ပါ…။

* * *

www.burmeseclassic.com

# အခန်း (၃)

ကျွန်မအတွက် ပထမဆုံးလက်စားချေခြင်းတစ်ခုကို ပြု လုပ်ရမယ့်ပွဲဖြစ်တာကြောင့် စိတ်တွေလှုပ်ရှားမှုအပြည့်ရှိနေသည်။

နာကြည်းချက်များဖြင့် သတ္တိတွေမွေးခဲ့ပေမယ့် မိန်းမသား တစ်ဦး၏ နလုံးသားဟာ အားငယ်မှုကတော့ ရှိတတ်စမြဲ။ ပြီးတော့ ကျွန်မဟာ ရက်စက်ခြင်းတွေကို အတွေ့အကြုံမရှိခဲ့ခြင်းသည်လည်း ကျွန်မ၏ အားနည်းချက်တစ်ခု၊ ဦးခွန်မှိုင်းက ကျွန်မကို ကိုယ်လုံ ပညာ၊ ဓား၊ လုံ၊ သေနတ်ပစ်ကအစ သင်ကြားပေးခဲ့သလို စိတ်ဓာတ်

www.burmeseclassic.com



ပိုင်းကိုလည်း ကြံ့ခိုင်မှုရှိအောင်လုပ်ပေးခဲ့သည်။ ကျွန်မ ရာဇဝင်ကြွေး ဆပ်ဖို့ ခရီးစတင်ပြီးထွက်သည့်နေ့က ဦးခွန်မိုင်းက ကျွန်မကို..

"သမီး...လက်စားချေမှုအတွက် သမီးမှာပြည့်စုံသလောက် ရှိနေပေမယ့် မပြည့်စုံတဲ့အချက်ရှိသေးတယ်၊ အဲဒါဘာလဲဆိုတော့ လူတွေကို ရက်စက်တတ်ဖို့အတွက် အတွေ့အကြုံပဲသမီး၊ အထူး သဖြင့် ဒုစရိုက်ကောင်တွေရဲ့နယ်နိမိတ်ထဲကိုဝင်ပြီဆိုရင် သူတို့ထက် သမီးက အဆပေါင်းများစွာ ရက်စက်ရဲတဲ့ သတ္တိကိုမွေးရမယ်၊ ရက် စက်ခြင်းအတွက် အတွေ့အကြုံလိုအပ်တယ်၊ ဒါကိုသမီးလေးအရင် ရအောင်လုပ်ပြီးမှ လက်စားချေတာကို စတင်ပါ"

ကျွန်မ ဒီတုန်းက ဦးခွန်မိုင်းပြောတဲ့စကားကို ခေါင်းသာ ညိတ် ခဲ့ပြီး ရက်စက်ခြင်းအတွေ့အကြုံပေါ်မှာ ဒီလောက်အရေးမကြီး လောက်ဘူးလို့ သတ်မှတ်ထားခဲ့တယ်။ ကျွန်မ ရင်ထဲက နာကြည်း ချက်တွေနဲ့ပဲ ပြည့်စုံနေပြီဟု ထင်ခဲ့ခြင်းလည်း ပါခဲ့ပါတယ်။

ကျွန်မ...ဂျင်နီစောကို ရက်စက်ခဲ့တယ်ဆိုပေမယ့် နင်းလူ ကြောင့် လွယ်လင့်တကူ ရက်စက်နိုင်ခဲ့ခြင်းမဟုတ်လား၊ ဒါတောင် သတ်ဖြတ်ရတဲ့အဆင့်ထိမဟုတ်ခဲ့ပေ။ ခုပွဲက ကျွန်မ လူသတ်ရမည့် ပွဲ။ ကျွန်မ ဦးချင်ခေါင် (ခ)ဦးမင်းကျော်စွာအိမ်နှင့် မျက်နှာချင်းဆိုင်

www.burmeseclassic.com



အိမ်ကလေးမှာ ငှားနေခွင့်ရလိုက်ခြင်းသည် ကံကြမ္မာက ကျွန်မကို ကူညီခြင်းတစ်ခုပါပဲ။

ခြံပိုင်ရှင် ဒေါ်ခမ်းစောဟာ မုဆိုးမကြီးတစ်ဦး၊ ကျွန်မ မြစ်ကြီးနားကိုစရောက်ပြီး နောက်နေ့ ဈေးမှာ ဝယ်ချင်စရာတွေ ဝင်ဝယ်ရင်း ဒေါ်ခမ်းစော ခေါင်းမူးပြီး လဲတာကို ဆေးခန်းထိလိုက်ပို့ပေးရင်း ကျွန်မ ဒေါ်ခမ်းစော အိမ်မှာနေခွင့်ရခဲ့ခြင်းဖြစ်သည်။

ကျွန်မက မြစ်ကြီးနားကို ဖခင်ပျောက်လာပြီးရှာသူအဖြစ် ဟန်ဆောင်၍အိမ်ငှားခဲ့ခြင်းဖြစ်သည်။

"သမီးရေ...မနက်စာ အဆာပြေစားကြမယ်"

"ဟုတ်ကဲ့အမေစော..."

"သမီး...ဒီနေ့ အပြင်ထွက်ဦးမှာလား"

"မထွက်တော့ဘူးအမေစော"

"ဒါဆို အိမ်မှာ အေးအေးဆေးဆေးနားနေ၊ အမေစော ပင်စင်လစာလေး သွားပြီးထုတ်ဦးမယ်"

"ဟုတ်ကဲ့"

ဒေါ်ခမ်းစောက ကျောင်းအုပ်ဆရာမကြီးဘဝနဲ့ ပင်စင်ယူထားသူတစ်ဦး။ ခြံလေးထဲမှာ ပန်းခင်းလေးကိုစိုက်ပျိုးရင်း သူ့ဝမ်းစာ

www.burmeseclassic.com



တိုဆက်ပြီးရပ်တည်နေသူ၊ ကျွန်မ ဦးချင်ခေါင် ခြံကြီးကိုရောက်လာနေတာ (၃) ရက်မြောက်ခဲ့ပြီ၊ ခြံကြီးမှာ ကျွန်မ နေထိုင်တဲ့ အမေစောခြံကြီးထက် (၁၀)ဆလောက်ကျယ်ဝန်းပြီး မြစည်းရိုးတွေကို အုတ်တံတိုင်းတွေ ကာရံထားပြီး အပေါ်ပိုင်းမှာ လူဘယ်လိုမှ တက်လို့မရအောင် သံဆူးကြိုးခွေတွေ တင်ထားသေးသည်။ သူများပေါ်ကောင်းတာလုပ်ခဲ့တဲ့လူတစ်ယောက်ဟာ သူ့အလုပ်ကိုကြောက်ရွံ့နေခြင်းသည် သိပ်ပြီးမဆန်းကြယ်လှပေ။ ခြံဝတံခါးကြီးကို သံတိုင်ကြီးများနှင့် ခိုင်ခိုင်မာမာ လုပ်ထားပြီးအပေါက်ဝမှ အစောင့်ကိတ်တဲခဆောက်လုပ်ထားသေးသည်။ ပြီးတော့ခြံကြီးထဲမှာခွေးနက်ကြီးတွေကိုတောင် ညဘက်ဆို လွှတ်ထားသေးသည်။ ကျွန်မ ဦးချင်ခေါင်ခြံကြီးကို ဖြတ်ကျော်ပြီး အိမ်ပေါ်တက်ရမည့်အခြေအနေကို တွေးကြည့်လို့တောင် မရနိုင်။

"ဟူး..."

ကျွန်မ သက်ပြင်းမှုတစ်ချက်ကိုမှုတ်ထုတ်လိုက်ပြီးခြံလေးထဲကိုဆင်းကာ ပန်းခင်းလေးတွေဘက် လျှောက်လာခဲ့သည်။

"ဟော့ ကောင်မလေး ပျင်းနေပြီလား"

"ဩော်..ဦးထိန်ကော"

www.burmeseclassic.com



ဒေါ်ခမ်းစော ခြံကြီးရဲ့ဥယျာဉ်မှူးကြီးက ပန်းခင်းတွေ ရေဖျန်းနေရင်းနှင့် လှမ်းခေါ်သဖြင့် အနားသို့သွားပြီး

"ကျွန်မ ဝိုင်းပြီးကူမယ်လေ၊ ဘာလုပ်ပေးရမလဲ ပြော"

"ဘာမှ မလုပ်ပေးပါနဲ့ကွယ်၊ ကောင်မလေး ပျင်းနေရင် ပန်းပင်လေးတွေ ရေပဲလောင်း၊ ဦးက ဒီနေ့ ပန်းရွှေးပေးစရာရှိနေလို့ ရွှေးပေးရဦးမယ် ရော့..ရော့.."

ဦးထိန်ကော လက်ထဲက ရေပိုက်ကလေးကို လှမ်းယူပြီး ယာယီစိတ်၏ထွက်ပေါက်ကိုရှာနေမိလိုက်သည်။

"ဝူး..."

"ဟင်..."

ခြံထဲသို့ဆိုင်ကယ်တစ်စီးမောင်းဝင်လာပြီးလူတစ်ယောက်ဆင်းလာသည်ကိုတွေ့လိုက်ရသည်။ လူပုံစံက ဆိုက်အပြည့်၊ တစ်ကိုယ်လုံး ဝတ်ထားတဲ့ရွှေတွေကမြင်၍မကောင်း။ ရှမ်းသာကြွယ်ဝတဲ့ လူတန်းစားဆိုတာကို မေးစရာမလိုအောင် ဖော်ပြထားပြီးသားပင်။ ကျွန်မ ပန်းပင်ရေလောင်းသည့်နေရာကို တည့်တည့်မတ်မတ် လျှောက်လာပြီး

"မင်းလေးကို မတွေ့ဘူးပါလားကွယ်"

www.burmeseclassic.com



"ဟုတ်တယ်...ကျွန်မက ညည့်သည်"

"တောင်ပေါ်သူတော့ မဟုတ်တန်ကောင်းဘူး"

"ရှင် မျက်လုံးမခွဲခြားတတ်တာဖြစ်မှာပါ၊ ကျွန်မက တောင်ပေါ်သူ စစ်စစ်"

"ဆောရီး...ဆောရီး..."

ကျွန်မ မျက်လုံးထဲတွင် မသတီစရာကောင်းသော စကားအမှုအရာတွေကိုမြင်နေရသည်။

"ကိုယ့်နာမည်လေးကို မင်းစိတ်ဝင်စားမလား ပြောပြမယ်လေ၊ ကိုယ်က မင်းဧရှုတည့်တည့်မှာမြင်နေရတဲ့ အိမ်ကြီးက တစ်ဦးတည်းသောသား...ခမ်းနောင်ကျော်စွာတဲ့"

"ဟင်..."

ဦးချင်ခေါင်နှင့်တိုက်ရိုက်ကြီးပတ်သက်နေသောသူဖြစ်နေသည်ကို သိလိုက်ရသောကြောင့် ကျွန်မ ခေါင်းထဲမှာ အတွေးလေးတစ်ခုဝင်လာပြီး

"ဟုတ်ကဲ့ မှတ်ထားပါ့မယ်၊ ကျွန်မနာမည်က နန်းပုံ့ပုံ့ပါ"

"သိပ်လှတဲ့ နာမည်လေးပဲကွာ၊ ကိုယ်တို့(၂)ယောက် မိတ်ဆွေတွေဖြစ်ပြီပေါ့"

www.burmeseclassic.com



"မိတ်ဆွေဖြစ်တာပဲရှင်၊ ရန်သူဖြစ်တာမှမဟုတ်တာ ကောင်းတဲ့ကိစ္စပဲ...အဲ..."

ခမ်းနောင်ကျော်စွာလက်က နှုတ်ဆက်ဖို့ကမ်းလာတာကြောင့် ကျွန်မစိတ်ပျက်စွာနှင့်ပဲ အလိုက်သင့် လက်ကမ်းပေးလိုက်သည်။ ကျွန်မ အတွက်မာယာတွေနဲ့ အသုံးချဖို့ ခမ်းနောင်ကျော်စွာ ဟာ ဓားစာခံပဲ။

"မင်းလက်ကလေးတွေက နုလှချည်လား"

"ဒီလောက်ဆိုရပြီထင်ပါတယ်"

ကျွန်မလက်ကလေးကို သာသာယာယာပဲပြန်ပြီး ရုပ်သိမ်းလိုက်ရသည်။ ခမ်းနောင်ကျော်စွာ၏မျက်လုံးတွေက ကျွန်မကို ရမ္မက်ငွေ့တွေ လွှမ်းနေသည်ကို သိနေလိုက်ရခြင်းသည် ကျွန်မအတွက် အခွင့်လမ်းကောင်းတစ်ခုကို ပိုင်ဆိုင်လိုက်ရသည်လို့ပဲ ဆိုရမလား မသိ။

"မနက်ဖြန် ကိုယ့်မွေးနေ့လေ"

"ဖိတ်တာလားအသိပေးတာလား"

"မင်းတက်ရောက်မယ်ဆိုရင် ကိုယ့်မွေးနေ့က သိပ်ပြီးပြည့်စုံသွားမယ်လို့ထင်မိပါတယ်"

www.burmeseclassic.com



"ဒီလောကထိကျွန်မက အရေးပါသွားပြီကိုး၊ ဒါဆိုရင် ဂုဏ်ယူရမှာပေါ့ရှင်၊ ဦးမင်းကျော်စွာရဲ့တစ်ဦးတည်းသောသားရဲ့မွေးနေ့ပွဲကိုတက်ရောက်ခွင့်ရတယ်ဆိုတာဟာ အင်မတန်ကံကောင်းတယ်လို့ဆိုရမှာပေါ့"

"ဆက်ဆက်လာခဲ့ပါနော်"

"ကျွန်မက... လူစိမ်းဆိုတော့ အမေခမ်းနဲ့လာခဲ့ပါမယ်"

"ကိုယ်စောင့်နေမယ်၊ ဦးထိန်ကော ပန်းတွေရပြီလား၊ ရှင်လာပြီးပို့တော့ဗျာ"

"အေး...အေးပါကွယ်၊ လာပြီးပို့ပါ့မယ်"

"နန်းပုံ့ပုံ့ သွားမယ်နော်"

"ကောင်းပါပြီခမ်းနောင်ကျော်စွာ..."

"ဝူး..."

ဆိုင်ကယ်လေးကိုတစ်ပတ်လှည့်ပြီးခြံထဲက မောင်းထွက်သွားရင်းတောင် နောက်ပြန်လက်ကလေးပြလျက်

"ကောင်မလေး..."

"ရှင်...ဦးလေးထိန်ကော"

"ဒီကောင်နဲ့ပတ်သက်ပြီးတော့ သတိထားဆက်ဆံပါ"

www.burmeseclassic.com



"ဘာလို့လဲဦးထိန်ကော"

"ခမ်းနောင်ကျော်စွာဆိုတဲ့ကောင်ကြောင့် အတိဒုက္ခ ရောက်ခဲ့ရတဲ့ မိန်းကလေးတွေ မနည်းဘူး၊ ဥစ္စာဓနကို အသုံးချပြီး ပန်းကောင်းအညွန့်ချိုး လုပ်နေတာ၊ သူတင်မကဘူး၊ သူ့ဖခင် ကျော်စွာလည်းဘာထူးလည်းအတူတူပဲ"

"ဦးမင်းကျော်စွာမှာ ဇနီးမရှိဘူးလား"

"ရှိတယ်၊ အသက်ကလည်းကြီး၊ ကျန်းမာရေးကလည်း မကောင်းတော့မင်းကျော်စွာအတွက် အသုံးမဝင်တော့တဲ့သဘော ပေါ့ကွယ်၊ ဒါကြောင့် သားအဖနှစ်ယောက်လုံး ထင်တိုင်းလုပ်နေကြ တာ"

"သူတို့စီးပွားရေးကဘာလုပ်လို့လဲ"

"မြို့မှာတော့ကျောက်မျက်ရတနာတွေကို ခမ်းခမ်းနားနား ကြီး ဖွင့်ပြီး လုပ်ကိုင်ထားတာပဲ၊ ဒါကတော့ ရှေ့ကဗန်းပြတာပါ နောက်ကွယ်မှာဘာတွေလုပ်နေသလဲမှမသိတာ၊တပည့်တပန်းတွေ က ပေါမှပေါ့၊ လူကောင်းတွေတော့မဟုတ်ဘူး၊ ဆိုးသွမ်းနေတဲ့ လူ ဆိုးလူမိုက်တွေကို မွေးထားတယ်လေ"

"သက်ဆိုင်ရာက သူဘာလုပ်လဲဆိုတာကိုမရိပ်မိဘူးလား"

www.burmeseclassic.com



"သိတော့သိမှာပေါ့ကွယ်၊ တိတိကျကျမဖြစ်သေးလို့လွှတ်ထားတာဖြစ်မှာပေါ့၊ ကောင်မလေး...ဒီကောင်နဲ့ဆက်ဆံတာကိုတော့ သတိထားပါကွယ်"

"စိတ်ချပါ ဦးလေးထိန်ကော"

ခမ်းနော်ကျော်စွာဆိုတဲ့ကောင်ရဲ့တရားအစွယ်ကိုပါ နိုက်ချိုးပစ်ဖို့ပါ စဉ်းစားလိုက်တော့သည်။

* * *

www.burmeseclassic.com

ကျွန်မအတွက် ဒီနေ့ဟာ ဦးချင်ခေါင် နယ်နိမိတ်ထဲက စတင်ပြီး ခြေချတဲ့နေ့ပင်။ ခမ်းနောင်ကျောင်ရွာရဲ့မွေးနေ့ပွဲက ကျွန်မ ထင်တာထက် ပိုပြီး စည်ကားသိုက်မြိုက်နေသည်ကိုတွေ့ခနရသည်။ မွေးနေ့ပွဲ ကို လာကြသည့်သူများထဲမှာ ကျွန်မနှင့် အမေခမ်း တို့က အနွမ်းပါးဆုံးဖြစ်လိမ့်မည်။

ရောင်စုံကားတွေမှာ ပုံစံအမျိုးမျိုး တက်ရောက်လာကြ သည့်သူတွေကလည်း စိန်တွေရွှေတွေ တဖျတ်ဖျတ် မွေးနေ့ပွဲဆီသို့ အမည်ခံလာကြပြီး ခနဂုဏ်ပြိုင်ပွဲကြီးကို ကျင်းပနေသလို…။

www.burmeseclassic.com



"သမီးရေမြင်ရတွေ့ရတာတွေကိုက အသက်ရှုကျပ်လိုက်တာ"

"ဟုတ်ပါရဲ့အမေစောရယ်"

"ဒီမြို့မှာရှိကြတဲ့လူကုံထံတွေကုန်သလောက်ပါပဲ၊ မွေးနေ့ပွဲကိုလာတာမှမဟုတ်တာ၊ တစ်ယောက်နဲ့တစ်ယောက် ပြိုင်ဆိုင်ကြတဲ့ပွဲလေ၊ ဒီထဲမှာဦးမှင်းကျော်စွာက ထိပ်ဆုံးစာရင်းဝင်ပေါ့ကွယ်"

"သူ ဒီလောက်ချမ်းသာတာ ကျောက်မျက်ရတနာတစ်ခုအည်းကြောင့်တော့ မဖြစ်နိုင်ဘူးနော် အမေစော"

"ရှူး..."

ဒေါ်ခမ်းစောက ကျွန်မကိုဆက်ပြီး မပြောဖို့အချက်ပေးလိုက်သဖြင့်စကားကိုရပ်ကာ လွတ်နေသောစားပွဲတစ်လုံးမှာဝင်ပြီးထိုင်လိုက်ကြသည်။ စားပွဲပေါ်တွင် စားသောက်စရာတွေကအသင့်ပြင်ဆင်ထားတာမို့စားချင်တာကိုယူပြီးစားရုံပင်၊ လာရောက်ကြတဲ့သူတွေက အစားအသောက်ပေါ်မှာ အာရုံထားကြသူ သိပ်ပြီးမရှိ၊ သူတို့ရဲ့မနေ့ကပြိုင်ပွဲအတွက် ပြောဆိုနေကြတာ များသည်။

"ဆောရီးကွာ...နန်းပုံ့ပုံ့..."

"ဩော်...ရပါတယ်၊ ခမ်းနောင်ကျော်စွာ"

www.burmeseclassic.com



"ကိုယ့်ဒယ်ဒီက သူ့မိတ်ဆွေသမီးတစ်ဦးနဲ့ မိတ်ဆက်ပေး နေတာနဲ့ စကားပြောနေရလို့ပါ"

"စန်းပွင့်တဲ့သူတွေဆိုတော့ ဒီလိုပေါ့ရှင်"

"ကိုယ်က စိတ်မဝင်စားပါဘူး။ ဒေါ်ခမ်းစောကို မာမီက တွေ့ ချင်လို့တဲ့ သွားလိုက်ပါဦး"

"အေး..ကွယ်..သမီး..ခဏလေးနော်"

"ရပါတယ် အမေစော"

ဒေါ်ခမ်းစော ထွက်သွားသည်နှင့် ခမ်းနောင်ကျော်စွာ ကျွန်မ ဘေးချင်းကပ်တွင် ဝင်ပြီးထိုင်သည်ကို ကျွန်မ မသိကျိုးကျွံပြုနေလိုက် ၏။ ဒါဟာ ကျွန်မ မာယာထောင်ချောက် အဝင်မင်..

"မင်းသိပ်ပြီးလှတယ်.."

"ရှင့်ဆီကို လာကြတဲ့သူတွေထဲမှာ ကျွန်မဟာ အနိမ့်ဆုံး အလှပိုင်ရှင်ဖြစ်မှာပါ"

"ဒါဆိုရင် မင်းမှားသွားပြီး နန်းပုံပုံ"

"ဘာကြောင့်လဲ"

"ကိုယ့်ဆီကိုလာကြတဲ့သူတွေထဲမှာ မင်းအလှကို ယှဉ်နိုင် တဲ့သူတစ်ယောက်မှ မရှိဘူး"

www.burmeseclassic.com



"ရှင့်မျက်လုံးတွေများ မှုံဝါးဝါးဖြစ်နေသလား"

"ကိုယ့်မျက်လုံးတွေက အလှတရားကို ရွေးချယ်တဲ့ဘက်မှာပြိုင်ဘက်ကင်းပါ"

"ထားလိုက်ပါလေ၊ မွေးနေ့လက်ဆောင်အတွက်ပေးဖို့ကို ကျွန်မ စဉ်းစားလို့မရဘူး၊ ဘာကြောင့် စဉ်းစားလို့မရသလဲဆိုရင် သူများတွေနဲ့ယှဉ်ပြီး ပေးနိုင်တဲ့လက်ဆောင်မျိုးကို ကျွန်မ မစွမ်းနိုင်လို့ပါ"

"ကိုယ့်အတွက် တန်ဖိုးရှိတဲ့လက်ဆောင်တွေက ဘာလုပ်ဖို့လဲ၊ မက်မောစရာမှမရှိတာ၊ ကိုယ်မက်မောတာက..."

ခမ်းနောင်ကျော်စွာ စကားမဆက်ဘဲ ကျွန်မကို မျက်လုံးရွဲကြီးနှင့်ကြည့်လေသည်။

"ကျွန်မပေးတဲ့ ဘယ်ပစ္စည်းမဆို ရှင် တန်ဖိုးထားမယ်ပေါ့"

"သိပ်ပြီးသေချာတဲ့စကားပါ"

ကျွန်မ...ခေါင်းပေါ်က နှင်းဆီပွင့်လေးကို ဖြုတ်ယူလိုက်ပြီး တစ်ချက်နမ်းရှိုက်ကာပေးလိုက်သည်။

"ရှုတ်..."

ခမ်းနောင်ကျော်စွာ ကျွန်မပေးတဲ့နှင်းဆီကို သူက နမ်းရှိုက်

www.burmeseclassic.com



ပြီးသူ့ရင်ဘတ်တွင် ထိုးထားလိုက်သည်။

"ကိုယ့်အတွက် အပျော်ဆုံးနေ့ပဲ"

"ဟုတ်ရဲ့လားရှင်"

"ဘယ်လိုသက်သေတွေပြရမလဲပြော"

"ခုတော့ မပြောသေးပါဘူး၊ နောက်မှပေါ့"

"ဟိုမှာ ဒယ်ဒီလာနေတယ်၊ မင်းနဲ့မိတ်ဆက်ပေးချင်တယ်"

"ရှင် ဘယ်လိုပုံစံနဲ့ မိတ်ဆက်ပေးမှာလဲ"

"မင်းနဲ့ကိုယ်က ခုမှစပြီးဆုံကြတဲ့သူတွေဆိုတော့ မိတ်ဆွေအဆင့်နဲ့ပါ"

"ရှင့်ဒယ်ဒီက ယုံပါ့မလား"

"ဘာကိုလဲ"

"သူ့သားက မိတ်ဆွေမိန်းကလေးဆိုတာ ရှိမယ်လို့ထင်ထားမှာ မဟုတ်ဘူး"

"ကိုယ့်အကြောင်းတွေ မင်းသိထားပြီနဲ့တူတယ်"

"ကြားမိတာပါ"

ဦးမင်းကျော်စွာ ကျွန်မတို့စားပွဲနားကိုရောက်လာပြီး ကျွန်မကို သေသေချာချာကြည့်ပြီးမှ

www.burmeseclassic.com



"ငါ့သားက မွေးနေ့လက်ဆောင်သစ်တစ်ခု ရလိုက်ပြန်ပြီလား"

"မရသေးပါဘူးဒယ်ဒီ၊ ဩော်... ဒယ်ဒီ.. သူက နန်းပုံ့ပုံတဲ့၊ ဒေါ်ခမ်းစော တူမပါ"

"အေး..ကွယ်..ငါ့သားအတွက် စွဲမက်လောက်တဲ့ မိန်းကလေးတစ်ဦးပါလား"

ကျွန်မစိတ်ထဲမှာ ခံပြင်းမှုများကို မီးပြင်းတိုက်နေသလို စိတ်ကိုချုပ်တည်းထားလိုက်ပြီး မရိုတင်ကဲပြုံးလိုက်ရသည်။ ပကာ သန ဂုဏ်ရှိန်နဲ့ မိန်းကလေးတွေကို သူတို့ကစားချင် ကစားလို့ရတဲ့ အရုပ်တွေလို့ ထင်ထားသည့် သားအဖနှစ်ယောက်ကို ကျွန်မ ကောင်းကောင်းကြီး ပညာသင်ပေးခဲ့မှာပါ။

"မိန်းကလေး မင်းဦးအိမ်ကိုလာလည်ခွင့်ရှိပါတယ်"

"ဟုတ်ကဲ့.. လာခဲ့ပါဦးမယ်၊ ခမ်းနောင်..နန်းသွားမယ်နော်၊ တို့မှာ အမေခမ်း လာနေပြီ"

"ကောင်းပါပြီ။ ကိုယ်လိုက်ပို့ပေးဦးမလား"

"ရပါတယ်၊ ကျွန်မထက် အရေးကြီးတာတွေကို ဦးစားပေးလိုက်ပါဦး"

www.burmeseclassic.com



ကျွန်မအသားတွေတဆတ်ဆတ်တုန်နေသလိုခံစားနေရသည်။ ကျွန်မ ဖခင်၊ ကျွန်မ မိခင်နှင့် ကျွန်မ မောင်လေးတို့အတွက် ဦးမင်းကျော်စွာကိုကျွန်မအရင်နာကြည်းချက်တွေထက်ပိုပြီးတော့ ခါးသီးမှုတွေဖြစ်နေခဲ့တာတော့အံမှန်း။

"သမီးလေးကိုဦးမင်းကျော်စွာမိတ်ဆက်သေးလား"

"ဟုတ်ကဲ့"

"သမီး..."

"ရှင်...အမေစော"

"ဒီသားအဖဟာ သိပ်ပြီးကြောက်ဖို့ကောင်းတဲ့တဏှာဘီလူးတွေနော်..."

"သမီးသိပါတယ်အမေစောရယ်..."

* * *

www.burmeseclassic.com

# အခန်း (၄)

ကျွန်မ၏ မာယာစစ်ဆင်ရေးက အောင်မြင်သလား၊ ခမ်းနောင်ကျော်စွာရဲ့ကျားပရိယာယ်ပဲကြွယ်သလားဆိုတာကိုမသိ၊ ကျွန်မနှင့်ခမ်းနောင်ကျော်စွာ ဆက်ဆံရေးမှာ အတော်လေးကို ခရီးပေါက်ခဲ့သည်၊ ဒါပေမယ့် ခမ်းနောင်ကျော်စွာ သူထင်ထားသလို အခြားမိန်းကလေးတွေလို ကျွန်မဆီက အခွင့်အရေးကို အလွယ်တကူမရနိုင်တာတော့ သဘောပေါက်သလိုရှိနေ၏။

ကျွန်မရဲ့အဓိက ပစ်မှတ်မှာ ခမ်းနောင်ကျော်စွာမဟုတ်၊

www.burmeseclassic.com



ဦးမင်းကျော်စွာဖြစ်တာမို့မင်းကျော်စွာ၏အားနည်းချက်ကိုကျွန်မရှာဖွေနေမိသည်။ ခုဆိုရင်မင်းကျော်စွာအိမ်ကြီးထဲသို့ဝင်ခွင့်ထွက်ခွင့်ကိုကျွန်မရနေပြီဖြစ်သည်။ ကျန်းမာရေးကြောင့် ခုတင်ပေါ်တွင်မထ နိုင်သော ဦးမင်းကျော်စွာ၏ ဇနီး ဒေါ်စောသီမာလာဟာ ကျွန်မကို ခင်တွယ်နေခြင်းက ကျွန်မအတွက် မဟာအခွင့်အရေးတစ်ခုပင်။ ဒေါ်စောသီမာလာ၏ လိုအပ်တာတွေကို အမြင်မတော် ဝင်ပြီးလုပ်ကိုင် ပေးခြင်းဟာ အိမ်ကြီးထဲကို တားမြစ်ခြင်းကင်းမဲ့လက်မှတ်ကို ရလိုက်သလိုပါပဲ။ ကျွန်မအတွက် အချိန်သိပ်ပြီးမပေးနိုင်တော့ပါ။ ကျွန်မ တုံ့ပြန်လက်စားချေမှုတွေကို လုပ်ဖို့အတွက် နောက်ဆုံးနေ့ရက်ကိုရွေးချယ်လိုက်ပြီဖြစ်သည်။

ပထမဦးဆုံး ရှင်းရမှာက ခမ်းနောင်ကျော်စွာ၊ ဒီနေ့ သူနှင့် နှစ်ယောက်တည်းတွေ့ဆုံမည့်နေ့ကို ကျွန်မ လက်ခံလိုက်ပြီဖြစ်သည်။

ဒါဟာ ကျွန်မ ခမ်းနောင်ကျော်စွာကို ရှင်းပစ်ဖို့အတွက်ဖြစ်သည်။ ဒုတိယရှင်းရမှာက ဦးချင်ခေါ်င် (ခေါ်) မင်းကျော်စွာကို ရှင်းလင်းဖို့ပင်။ တကျာနှင့်ပတ်သက်ရင် စည်းမရှိတဲ့ဦးမင်းကျော်စွာက ကျွန်မကိုဖိတ်ခေါ်မှုပြုလုပ်ထားသည်။

www.burmeseclassic.com



"မင်းနဲ့ငါ့သား အခြေအနေက ဘယ်လိုလဲ"

"ကျွန်မအဆင့်က ဘာမှ မဟုတ်ပါဘူး"

"မင်းက ငါ့သားကို စိတ်မဝင်စားဘူးပေါ့"

"ကျွန်မအတွက် သိပ်ပြီးမပြည့်စုံတဲ့ ခံစားမှုဖြစ်နေလို့"

"မင်းခံစားမှုက ဘယ်လိုလဲဆိုတာ ပြောကြည့်ပါဦး"

"ကျွန်မဘဝကို အကြီးမားဆုံးပြောင်းလဲချင်တာ"

"အင်း... ငါ့သဘောပေါက်ပြီ၊ မင်းစိတ်ဝင်စားမယ်ဆို မင်းအတွက် အကောင်းဆုံးအခွင့်အရေး ငါပေးနိုင်တယ်"

"ကျွန်မ...စဉ်းစားပါ့မယ်"

"ငါက အချိန်အကြာကြီး စဉ်းစားတာကို စိတ်သိပ် မရှည်ဘူး"

"သိပ်ပြီးမကြာပါဘူး"

"ငါစောင့်နေပါ့မယ်"

"ဆက်ဆက်သာစောင့်နေပါ၊ဦးမင်းကျော်စွာ"

ကျွန်မနားထဲတွင် မင်းကျော်စွာပြောခဲ့တဲ့စကားတွေကို ပြန်ကြားယောင်ပြီး ပြုံးလိုက်မိသည်။

"မင်းဘာပြုံးတာလဲ နန်း"

www.burmeseclassic.com



"ဪ...ဘာမှမဟုတ်ပါဘူး၊ရှင်နဲ့အတူတူနေရမယ်ဆိုတဲ့ စကားကို စဉ်းစားမိလို့ပါ"

"မင်းစိတ်ထဲမှာ သံသယဖြစ်နေလို့လား"

"ရှင် ခုလိုပဲပြောခဲ့သူတွေ မနည်းတော့ဘူးနော်"

"သူတို့ဟာ ကိုယ့်နှလုံးသားကို လှုပ်ခတ်နိုင်တဲ့သူ တစ်ယောက်မှမပါဘူး"

"ကျွန်မကတော့ ရှင့်နှလုံးသားကို လှုပ်ခတ်နိုင်တယ်ပေါ့"

"သိပ်ဟုတ်တာပေါ့ နန်းရယ်"

"အင်းလေ...ဒီလိုပဲပြောကြမှာပေါ့၊ နောက်ပိုင်းကံကြမ္မာကတော့ ကျွန်မ ကံကြမ္မာအတိုင်းပဲပေါ့"

"မာမိကပြောတယ်၊ မင်းကိုလက်ထပ်ရင် သူက သဘောတူမှာတဲ့"

"ရှင့်ဒယ်ဒီကရော"

"သူနဲ့ကိုယ်က တိုင်ပင်စရာမလိုဘူး"

"ဘာလို့လဲ"

"သူလည်း သူ့သဘောသူဆောင်ပြီးကဲတယ်၊ ကိုယ်လည်း ကိုယ့်သဘောကိုယ်ဆောင်တာပဲ"

www.burmeseclassic.com



"သဘောမတူဘူးဆိုရင်ရော.."

"သူတားပိုင်ခွင့်မရှိဘူးလေ၊ ဒါတွေကို နန်းခေါင်းထဲမှာ အသို့မထားနဲ့ကွာ"

ကျွန်မ ဘာမှမပြောတော့ဘဲ ခမ်းနောင်ကျော်စွာ ပခုံးလေးကိုမှီလိုက်သည်။

"မင်းဟာ သိပ်ချစ်ဖို့ကောင်းတဲ့ မိန်းကလေးတစ်ဦးပါ"

ကားလေးမှာခြံဝန်းတစ်ခုထဲသို့မောင်းဝင်လာပြီး တစ်ထပ်တိုက်အိမ်ကလေးရှေ့တွင် ကားထိုးရပ်လိုက်သည်။

"ဘယ်သူမှ မရှိဘူးပေါ့"

"မရှိဘူး၊ မင်းနဲ့ကိုယ့်အတွက် သီးသန့်ရွေးချယ်ထားတဲ့ နေရာလေ၊ ကဲ..ဝင်ကြရအောင်"

ကျွန်မ စိတ်တွေလှုပ်ရှားသလိုဖြစ်သွားပြီး စိတ်ကိုတည်ငြိမ်အောင် ပြန်လုပ်လိုက်ရသည်။ ကျွန်မ လူသတ်ရတော့မယ်ဆိုတဲ့ အတွေးပေါ်မှာ သတ္တိတွေ မွေးဖွားလိုက်ရသည်။

"ဂျိုင်း..."

ခမ်းနောင်ကျော်စွာ အိမ်ရှေ့တံခါးမကြီးကိုပိတ်ပြီး ကျွန်မကို အခန်းတစ်ခုဆီသို့ ပခုံးဖက်ပြီးခေါ်လာခဲ့သည်။

www.burmeseclassic.com



"ရှင်ဂယ်...အေးအေးဆေးဆေးပေါ့၊ ကျွန်မ ရေအေးအေး လေးသောက်ချင်တယ်"

"နန်းစိတ်တွေ လှုပ်ရှားနေသလိုပဲ"

"ရှင့်လို မရင့်ကျက်ဘူးလေ"

ခမ်းနောင်ကျော်စွာ အပြင်သို့ထွက်သွားမှ ကျွန်မ အိတ်ထဲက သေနတ်ကို ထုတ်ယူပြီးပြန်အဝင်ကို စောင့်နေစဉ်

"အား...ဝုန်း..."

"ဟင်.."

ခမ်းနောင်ကျော်စွာ အော်သံနှင့်အတူ လဲကျသံကို ကြားလိုက်ရသဖြင့် ကျွန်မ အခန်းထဲမှ ပြေးပြီးထွက်သွားသောအခါ

"ဟင်..."

မိန်းကလေးတစ်ဦး ပြေးထွက်သွားသည်ကိုတွေ့လိုက်ရသည်။ ခမ်းနောင်ကျော်စွာကတော့ ကြမ်းပြင်ပေါ်တွင် ရင်ဝဓားမြှောင်စိုက်ဝင်လျက် မလှုပ်ရှားတော့။

"သူ...သူ..သေပြီထင်တယ်"

ကျွန်မထက် ဦးသည့်သူ တစ်ဦးက ခမ်းနောင်ကျော်စွာကို သတ်ဖြတ်ခဲ့လေပြီ။ နာကြည်းချက်ကြောင့်များလားပင်မသိ၊ ကျွန်မ

www.burmeseclassic.com



ဆက်ပြီး အိမ်ထဲမှာနေလို့မဖြစ်တော့ဘူးဆိုတာကို သိလိုက်ပြီး အိမ်အပြင်သို့ပြန်ပြီး ထွက်လာကာ ခမ်းနောင်ကျော်စွာကားနှင့်ပြန်ပြီး ထွက်လာခဲ့တော့သည်။ ကျွန်မ မသတ်ခဲ့ပေမယ့် သက်ဆိုင်ရာ၏ သံသယပစ်မှတ်ထဲမှာတော့ကျွန်မသေချာပေါက်ပါမှာသေချာသည်၊ ကျွန်မ ဘာလုပ်ရမလဲဆိုတာကိုသေချာစွာစဉ်းစားပြီး ဦးမင်းကျော်စွာ ကိုရှင်းပြီးသည်နှင့် ကျွန်မဒီမြို့ကနေ ခွာရတော့မည်။

ကျွန်မမြို့ထဲဆီသို့မရောက်ခင် ခမ်းနောင်ကျော်စွာကားကို သူသူကင်းသည့်နေရာတွင်ထားခဲ့ပြီးတခြားကားတစ်စီးနှင့်ပြန်လာခဲ့ရင်း မြို့ထဲကနေ ဦးမင်းကျော်စွာဆီကို ဖုန်းလှမ်းပြီးဆက်လိုက်သည်။

"ဟဲလို..မင်းကျော်စွာ စကားပြောနေပါတယ်"

"ကျွန်မ..နန်းပုံ့ပုံ့ပါ"

"မင်းဆီက ဖုန်းကိုမျှော်နေတာ"

"ကျွန်မ ဆုံးဖြတ်ပြီးပါပြီ"

"သိပ်ကောင်းတာပေါ့ကွာ"

"ဈေးတင်တာတော့မဟုတ်ဘူး။ စကားလေးတော့ အရင်ပြောချင်တယ် အန်ကယ်"

www.burmeseclassic.com



"ကောင်းပြီ၊ မင်းခု ဘယ်ရောက်နေလဲ"

"မြို့ထဲမှာ"

"ဘယ်နေရာလဲဆိုတာ ပြောလိုက်၊ ငါ့ကောင်ကို ကားနဲ့ အခေါ်လွှတ်လိုက်မယ်"

"× × × × ဆိုင်ကနေ စောင့်နေမယ်"

"နာရီဝက်အတွင်း လာပြီးခေါ်လိမ့်မယ်၊ မင်းနဲ့ငါ့အတွက် အလွတ်လပ်ဆုံးနေရာမှာ စကားပြောကြတာပေါ့"

"ကောင်းပါပြီရှင်..."

ကျွန်မ ဖုန်းကိုပြန်ချပြီး ကျွန်မ လက်ချောင်းလေးတွေကို ဆုပ်ကိုင်ထားလိုက်ပြီး ရက်စက်ခြင်းတစ်ခုကို ကျွန်မ ပြုလုပ်ဖို့ အတွက် သတ္တိတွေကို နလုံးသားထဲမှာ ထည့်သွင်းလိုက်သည်။

ဦးမင်းကျော်စွာ ပြောသည့်အတိုင်း နာရီဝက်အတွင်းမှာ ဦးမင်းကျော်စွာ တပည့်တစ်ဦးက ကားတစ်စီးဖြင့်ရောက်လာပြီးခေါ် လေသည်။

"မင်းသိပ်ပြီးကံကောင်းတယ်"

"ရှင်က ဘာကိုဆိုလိုတာလဲ"

"ငါ့ဆရာကြီးက မင်းကိုရွေးချယ်တာကိုပြောတာ"

www.burmeseclassic.com



"ဘယ်နှစ်ယောက်မြောက်ရွေးခြင်းလဲ"

"ဆရာကြီးကတရားဝင်ရွေးချယ်တဲ့သူတစ်ယောက်မှမရှိဘူး"

"ကျွန်မကိုမှ တရားဝင်ရွေးချယ်တာပေါ့"

"ဟုတ်တယ်၊ ခု မင်းနဲ့တွေ့မယ့်အိမ်က မင်းအတွက် သီးသန့်ဝယ်ထားတဲ့အိမ်"

"မြန်လှချည့်လား၊ ရှင်တို့ဆရာကြီးကို ကျွန်မက ဘာမှအဖြေမပေးသေးရပဲနဲ့ အိမ်တောင်ဝယ်ထားတယ်ပေ့ါ"

"ဆရာကြီးက မင်းသူ့ဆီကိုလာမယ်ဆိုတာကို တွေးထားပြီးသားပါ"

"ရှင့်ဆရာကြီးက သိပ်ပြီးတော်တယ်ပေ့ါ"

"ခုမင်းလက်တွေ့ပဲမဟုတ်လား"

ကျွန်မကိုခေါ်ဆောင်လာသော ကားကလေးမှာ တောင်ကြားလမ်းသွယ်လေးတွေကို ဖြတ်ကျော်ပြီး ခြံကလေးတစ်ခုဆီသို့ ဝင်ရောက်လာတော့သည်။ အိမ်ရှေ့တွင်ဦးမင်းကျော်စွာ ထွက်ရပ်နေပြီး အပြင်ဘက်တွင် သူ့တပည့် (၃)ယောက်လောက်သာတွေ့ရခြင်းကြောင့် ကျွန်မအတွက် သိပ်ပြီး အခက်အခဲမရှိနိုင်ဘူးဆိုတာကို

www.burmeseclassic.com



ပါတွက်ချက်လိုက်သည်။ ကျွန်မကားပေါ်မှ ဆင်းဆင်းခြင်း

"ဘယ်လိုလဲ-မင်းသဘောကျရဲ့လား"

"ဒီအိမ်ကလေးကိုပြောတာလား အန်ကယ်"

"သိပ်ပြီးဟုတ်တာပေါ့၊ အန်ကယ်ဆိုတဲ့ ဝေါဟာရကြီးက မင့်နှုတ်ခမ်းပါးလေးက ပြင်ပါဦးကွာ"

"ကျွန်မတို့စကားပြောစရာတွေက ကျန်သေးတယ်လေ"

"မင်းဘက်က ဘာတွေတောင်းဆိုချင်လို့လဲ"

"ကျွန်မက လောဘမကြီးတတ်ပါဘူး၊ ကဲ..အိမ်ထဲမှာပဲ စကားပြောချင်တယ်"

"ကောင်းပြီ...ဖိုးစော"

"ဗျာ..ဆရာကြီး"

"ငါ့အတွက်ပြင်ဆင်ပြီးယူခဲ့"

"ဟုတ်..."

ကျွန်မနှင့်အတူ ဦးမင်းကျော်စွာ အိမ်ထဲသို့ဝင်လာပြီး အိမ်ရှေ့ဧည့်ခန်းတွင် ဝင်ပြီးထိုင်လိုက်ကြသည်။ ဖိုးစောဆိုတဲ့ သူက ဦးမင်းကျော်စွာအတွက် အရက်နှင့် အမြည်းတို့ကို ချပေးပြီး

"မင်းဘာပြောချင်လဲ"

www.burmeseclassic.com



"ကျွန်မက မှီခိုပြီး ရပ်တည်နေရတဲ့ဘဝမျိုးကို မနှစ်မြို့ဘူး"

"ဒါသဘောပေါက်ပြီ၊ ကိုယ်ပိုင်စီးပွားရေးပေါ့"

ကျွန်မအတွက် မလိုအပ်တဲ့စကားလုံးတွေဖြစ်နေပေမယ့် ယုတ္တိရှိအောင်ပြောဆိုနေရခြင်း။

"မင်းဘာပြောချင်စရာတွေ ကျန်သေးလဲ"

မင်းကျော်စွာ အရက်ခွက်ကို မော့သောက်လိုက် စကားပြောလိုက်နှင့် ရီဝေနေလေပြီ။

"ဘာမှမရှိတော့ပါဘူး"

"ကိုယ့်အတွက် ခန်းဝင်ဖို့တံခါးပွင့်သွားပြီပေါ့"

ကျွန်မအလိုက်သင့်ပဲခေါင်းညိတ်ပြလိုက်ရင်း ဦးမင်းကျော်စွာ အရက်ခွက်ထဲကို အရက်ကိုငှဲ့ပေးလုက်သည်။

"ဆရာကြီး..ဆရာကြီး.."

"ဘာ...ဘာဖြစ်တာလဲဖိုးစော"

"ဂျမားတို့အုပ်စုတွေ ကားနဲ့လာနေကြပြီ"

"ဘာကွ..တောက်...ရာရာစစကွာ၊ပေးစမ်းသေနတ်၊မင်းတို့ခြံထဲကို အဝင်မခံနဲ့ ပစ်ကြ"

"ဟုတ်ကဲ့"

www.burmeseclassic.com



ကျွန်မအတွက်အခြေအနေတစ်ခုပြောင်းလဲသွားပြီဆိုတာကို သိလိုက်သည်။

"ဒိုင်း...ဒိုင်း..."

"ဟင်..."

သေနတ်သံတွေက ခြံဝန်းထဲမှာ ပွက်လောရိုက်ပြီး ထွက်ရှိန်တွင် ဦးမင်းကျော်စွာ ပြတင်းပေါက်မှ လှမ်းကြည့်ပြီး အခြေအနေကို အကဲခတ်ကာ ကျွန်မလက်ကို ဆွဲပြီး အိမ်အပြင်သို့ထွက်လာခဲ့သည်။ ကျွန်မဘက်မှ အမှတ်မထင်ဖြစ်ပေါ်လာသောအခြေအနေကြောင့် တွေးနေရှိန်မရလိုက်ဘဲ ဦးမင်းကျော်စွာရဲ့လက်ဆွဲခေါ်ခြင်းကိုခံလိုက်ရလေသည်။

"ဟယ်..."

ကျွန်မ ဘက်အိတ်ကလေးက စားပွဲပေါ်တွင် ကျန်ရစ်ခဲ့ပြီး ထိုအိတ်ထဲတွင်ကျွန်မ သေနတ်ကရှိနေတာမို့ကျွန်မဦးမင်းကျော်စွာကို လက်စားချေမည့် လက်နက်မပါတော့ပေ။ ဦးမင်းကျော်စွာက ကျွန်မကို ကားပေါ်သို့တက်ခိုင်းပြီး ကားကို အတင်းမောင်းထွက်ခဲ့သည်။

"ဒါဘယ်ကိုသွားမလို့လဲ"

www.burmeseclassic.com



"ခွေးမသားတွေလက်ကလွတ်မှဖြစ်မယ်၊မင်းကိုထားခဲ့လို့မိသွားရင် သက်ညှာမှာမဟုတ်ဘူး။ငါနဲ့ပတ်သက်ရင်မင်းကံကောင်းစရာမရှိဘူး"

"ဟင်..."

ကျွန်မတစ်ခုခုကို ဆုံးဖြတ်ပြီး လုပ်ဆောင်ဖို့က ခုချိန်မှာမဖြစ်နိုင်တော့ပေ။ အရှိန်ပြင်းစွာမောင်းနေသော ကားပေါ်မှာ ကျွန်မလိုက်ပါနေသလို နောက်ဘက်မှ လိုက်လာသည့် ကားကလည်းအလွတ်ပေးမည့်ပုံမပေါ်ပေ။

"ဝူး..."

"ဟယ်..."

တောင်ကြားလမ်းသွယ်ဆီမှ ဆိုင်ကယ်တစ်စီးဖြတ်ပြီးမောင်းထွက်လာတာကို တွေ့လိုက်ရသည်။ ဆိုင်ကယ်မှာ ကျွန်မတို့ကားနားကိုကပ်ဖို့ကြိုးစားနေသောကြောင့်ဦးမင်းဖော်ချစ်စွာ အနီးကပ်သေနတ်နှင့်လှမ်းပြီးပစ်ခတ်လိုက်သည်။

"ဒိုင်း...ဒိုင်း..."

ဆိုင်ကယ်သမားမှာ အနီးကပ်ရှောင်တိမ်းရင်း ကားမှန်ကိုချိန်ခွဲပစ်လိုက်သည်။

www.burmeseclassic.com



"ရွှမ်း..."

ကျွန်မအတွက်မယုံနိုင်ဖွယ်ကောင်းတဲ့စွန့်စားမှုကြီးတစ်ခုကိုတွေ့မြင်နေရသလို ဆိုင်ကယ်သမားမှာ ကားပေါ်ကိုရအောင်တက်ဖို့ကြိုးစားသည့်ဘက်မှာ ဦးမင်းကျော်စွာ အနောက်ဘက် ဖြစ်နေတာမို့ နောက်ပြန်လှည့်ပြီး သေနတ်နှင့်ပစ်ဖို့ အစက်အခဲတွေဖြစ်နေလေပြီ။

"ရော့..ငါ့ဆီက သေနတ်နဲ့ပစ်ရလိုက်"

မင်းကျော်စွာ..ကျွန်မလက်ထဲသို့သေနတ်လှမ်းပြီးပေးကာ နောက်ကတက်ဖို့ကြိုးစားနေသူကိုပစ်ခိုင်းစဉ်

"ဖောင်း.."

"ဟင်..."

ကားဘီးပေါက်သွားပြီး ကားမှာ တစ်ဖက်သို့ဆွဲသွားလေသည်။ ဆိုင်ကယ်သမား ကားပေါ်သို့ရောက်နေပြီဖြစ်သည်။ ကားမှာ ဘယ်လိုမှ ထိန်းလို့မရသည့်အခြေအနေသို့ရောက်နေလေပြီ။ ကျွန်မလည်း ကားပေါ်မှာ ယိမ်းထိုးနေရင်း

"ကားပေါ်က အမြန်ဆင်းရမယ်"

"ဟင်.."

www.burmeseclassic.com



ကျွန်မ ဒီအသံကိုမှတ်မိနေသည်၊ ဆိုင်ကာယ်စီးဦးထုပ်ကို မှန်ပိတ်ပြီးဆောင်းထားခြင်းကြောင့် ဘယ်သူဘယ်ဝါဆိုတာခွဲခြားလို့ မရ၊

"ဝုန်း...အီး..."

ဦးမင်းကျော်စွာကားမှာ ကျောက်တုံးကြီးတစ်ခုကို အရှိန်နှင့်ဝင်တိုက်ပြီး သူပါကား စတီယာတိုင်နှင့်ရိုက်မိပြီး မှောက်ကျသွားသည်၊

"ကျုပ်လက်မောင်းကိုဆွဲမြဲမြဲကိုင်ထား"

"ဟုတ်..."

"ဝုန်း..."

"အမေ့..."

ကျွန်မကို ခါးမှဖက်ပြီး ပွင့်နေသောကားတံခါးပေါက်မှ အောက်သို့ခုန်ချလိုက်တော့သည်၊ ကျွန်မတို့ကျသွားပြီး ဦးမင်းကျော်စွာ ကားမှာ ဘေးချောက်ထဲသို့ထိုးပြီး ကျသွားတော့သည်၊

"ဝပ်နေဦး"

ကျွန်မကို ထိုလူက မြေပေါ်တွင် ဆက်ပြီး ဝပ်ခိုင်းပြီး အပေါ်သို့ကြည့်လိုက်တော့ နောက်မှလိုက်လာသောကားမှာ ချောက်ထဲကျ

www.burmeseclassic.com



သွားသောကားကိုကြည့်ပြီးမှပြန်ထွက်သွားကြတော့သည်။

"ရှင်...ရှင်ဘယ်သူလဲ"

ကျွန်မမေးတာကိုစကားနဲ့မဖြေဘဲ သူ့ဆိုင်ကယ်စီးဦးထုပ်ကိုချွတ်ပြလိုက်သည်။

"နင်း...နင်းလူ...ရှင်...ရှင်..."

ကျွန်မဘာကိုမှ နားမလည်နိုင်အောင်ဖြစ်သွားရပြန်သည်။ နင်းလူဆိုတဲ့လူက ကျွန်မအန္တရာယ်တွေကျရောက်ပြီဆိုရင် မိုးပေါ်ကပြုတ်ကျပြီး ရောက်သလား။

"ရှင်ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"ရောက်လာတာမဟုတ်ဘူး၊ တိုက်ဆိုင်တာ"

"မဖြစ်နိုင်ဘူး"

"ခက်နေပြန်ပြီ၊ ဖြစ်နိုင်လို့ မင်းရှေ့ကိုရောက်နေတာပေါ့။ ဒါတွေ နောက်မှဆက်ပြီးပြော၊ ဒီနယ်မြေက မင်းထွက်သွားဖို့လုပ်ရမယ်၊ မင်းကျော်ဇွာရဲ့ရန်ဘက်တွေက မင်းကိုအန္တရာယ်ပြုနိုင်တယ်၊ ပြီးတော့ သက်ဆိုင်ရာက မင်းကို သံသယပစ်မှတ်ထားပြီး လိုက်နေကြပြီ"

"ရှင်..."

www.burmeseclassic.com



"ခမ်းနားကြောင်ကျော်စွာ အသတ်ခံရမှုနဲ့လေ"

"ရှင်...ဒါတွေ သိနေတယ်"

ကျွန်မဟာ နှင်းလူဆိုသည့် လူကို အံ့ဩစွာနှင့်ကြည့်မိ၏။ ကျွန်မ၏ အရိပ်တစ်ခုအဖြစ်နဲ့ ကပ်ပါနေသူလားဟုပင် သံသယဝင်မိသည်။

"ခုလောလောဆယ် တောလမ်းကနေထွက်မှရမယ်၊ အပြင်ဘက်မှာဆို သက်ဆိုင်ရာတပ်ဖွဲ့တွေရောက်လာနေလောက်ပြီ သွားကြရအောင်"

ကျွန်မဟာ နှင်းလူလက်မောင်းလေးကို ဆုပ်ကိုင်ပြီး လျှိုလမ်းကလေးအတိုင်းဆင်းလာတော့သည်။ ကျွန်မတစ်ကိုယ်လုံး တိုက်ခဲပြီးနေတော့သည်။ ညနေခင်းတောလမ်းဆီက အေးလှသောလေတွေတိုက်လိုက်တိုင်း ကျွန်မခန္ဓာကိုယ်လေးဟာ တုန်ယင်နေပြန်၏။

"မင်းကြည့်ရတာဖျားချင်နေသလိုပဲ"

ကျွန်မ စကားနဲ့ပင် မပြောနိုင်၊ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

"ခဏလေးတော့အားတင်းပြီးလျှောက်ကွာ၊ ရွာနားလောက်

www.burmeseclassic.com



ဆိုရင် မင်းနားလို့ရပြီ"

ကျွန်မ အားတင်းပြီးလျှောက်ရင်း ခြေတွေက ဘယ်လိုမှဆက်ပြီး သယ်ဆောင်လို့မရတာမို့ နင်းလှလက်မောင်းကို ဆုပ်ကိုင်ထားရင်းရွေ့ပြီးကျသလိုဖြစ်လာသဖြင့်

"ကျုပ်ကို သိုင်းဖက်ထားတော့"

"အို..."

ကျွန်မ မရုန်းနိုင်... နင်းလှပွေ့မတဲ့ ပေါ်မှာပဲ လိုက်ပါသွားရတော့သည်။ ကျွန်မ မျက်လုံးစုံမှိတ်ပြီး နင်းလှခေါ်ဆောင်ရာဆီသို့ စိတ်တွေအားလုံးကိုလျှော့ချလျက်...

"စောရုနာ...စောရုနာ..."

"ဟာ...နင်းကောင်ကြီး ဘယ်လိုဖြစ်လာတာလဲ"

"ဖြစ်လာတာကိုနောက်မှမေးနေရာခင်းဦး"

"အေး...အေး..."

ကျွန်မ နားထဲတွင် စကားသံတွေကို ကြားနေရပေမယ့် ကျွန်မမျက်လုံးတွေက ပြာဝေပြီးမဖွင့်ချင်တော့ပေ။ ကျွန်မကို အခင်းတစ်ခုတွင်ချပေးပြီး စောင်လေးခြုံပေးကာ...

"စောရုနာ...သူဖျားနေတယ်၊ မင်းမှာဘာဆေးတွေရှိလဲ"

www.burmeseclassic.com



"ငါက မင်းလို အင်္ဂလိပ်ဆေးဆရာမဟုတ်တော့ တိုင်းရင်းဆေးပဲ ရှိတယ်"

"ယူခဲ့ကွာ၊ ရေနွေးရော အဆင်သင့်မဟုတ်လား"

"အသင့်ဟဲ့ကောင်ရေ့"

ကျွန်မအားယူပြီး ထမ်ကြိုးစားပေမယ့် ခန္ဓာကိုယ်တစ်ခုလုံး တိုက်ခဲပြီး လှုပ်လို့ပင် မရ…။

"ဆေးသောက်ရအောင်"

ကျွန်မကို ပွေ့မပြီး ခါးသက်လှသော ဆေးတစ်ခွက်ကို တိုက်လေသည်။

"စောင်ကို လုံလုံခြုံလိုက်တာနဲ့ ချွေးတွေထွက်ပြီး သက်သာသွားလိမ့်မယ်"

ကျွန်မပေါ်သို့ နောက်ထပ်စောင်တစ်ထည်ထပ်ပြီး လွှားပေးပြီး သူတို့ တဲအပြင်သို့ထွက်သွားသည်ကိုတော့ သိလိုက်သည်။

ဆေးအရှိန်နှင့်ကျွန်မလည်း မှေးခနဲ အိပ်ပျော်သွားတော့သည်။

ကျွန်မ ဘယ်လောက်ကြာကြာအိပ်ပျော်ခဲ့သလဲဆိုတာကို မသိ၊ ကျွန်မ အိပ်ရာက နိုးတော့ တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်လျက်…

www.burmeseclassic.com



မိုးပင် ချုပ်နေလေပြီ။

"ဟင်..."

ကျွန်မ တစ်ကိုယ်လုံးလည်း ပေါ့ပါးသွားသဖြင့်လို့ နေရာမှ ထပြီးကြည့်တော့ ဘယ်သူ့ကိုမှမတွေ့ရပေ။ တဲအပြင်ဘက်မှာတော့ မီးဖိုလေးတစ်ခုနှင့်ရေနွေးအိုးတည်လျက်...၊ ကျွန်မကိုယ်ပေါ်က ချွေးတွေ ရွှဲနစ်နေသော အင်္ကျီတွေကို လဲချင်နေပေမယ့် လဲစရာအဝတ်အစားက အပိုမပါသောကြောင့်ဒီအတိုင်းပဲ ထွက်လာခဲ့စဉ်

"မင်း နိုးပြီလား"

"အင်း..."

ကျွန်မအတွက်အဝတ်အစားတစ်စုံကိုကိုင်ပြီး ရပ်နေသော နှင်းလှကိုတွေ့လိုက်ရသည်။

"ရော့..ဒီအဝတ်အစားကိုလဲလိုက်၊ ပြီးမှ မင်းစားဖို့ တစ်ခုခု ငါလုပ်ထားမယ်"

"ဟုတ်ကဲ့"

နှင်းလှပေးခဲ့သော အဝတ်အစားမှာ ယောကျ်ားလေးဝတ် ဖြစ်ပေမယ့် ကျွန်မအတွက်တော့ အဆင်ပြေဆုံးမို့ တဲထဲမှာပဲလဲကာ အဝတ်အစားဟောင်းတွေကိုယူပြီး အပြင်ကိုပြန်ထွက်လာခဲ့သည်။

www.burmeseclassic.com



နှင်းလူက မီးဖိုဘေးတွင်ထိုင်လျက် သစ္စာဝါတစ်ကောင်ကို မီးကင်နေသည်။

"မင်းအဝတ်အစားတွေကို ဟိုမှာတင်ထားလိုက်၊ မနက်ကျမှပဲ လျှော်တာပေါ့ကွာ၊ ကော... ကျက်ခါနီးပြီ"

"နှင်းလူ"

"ပြောလေ"

"ရှင့်ကို ကျွန်မ ဘယ်လိုစကားမျိုးနဲ့ ပြောရမှန်းတောင် မသိတော့ပါဘူး"

"ပြောစရာစကားလုံး မရှိရင် ဘာမှမပြောနဲ့ပေါ့၊ ပေါ့ပေါ့ပါးပါးရော ရှိရဲ့လား"

"ရှိပါတယ်၊ နောက်တစ်ယောက်ရော"

"သူက မုဆိုးဆိုတော့ တောထဲဝင်သွားပြီလေ၊ ကဲ... ရပြီ၊ စားလိုက်ဦး၊ မင်းဗိုက်ဆာနေမှာပေါ့"

ကျွန်မ မငြင်းချင်၊ တကယ်ကို ဗိုက်ထဲက ဆာလောင်နေလေသည်။ ကျွန်မကိုပေးလိုက်သော သစ္စာဝါလေးကို မစားခင်ကြည့်ပြီး မေးဖို့ပြင်တော့

"ယုန်သားပါ၊ စားကောင်းပါတယ်"

www.burmeseclassic.com



"ရွေးချယ်စရာမလိုအပ်တဲ့နေရာမှာဘာကိုမှ ရွေးချယ်မှာ မဟုတ်ပါဘူး နင်းလူရယ်၊ ရှင်ရော မစားဘူးလား၊ အတူတူစားမယ် လေ"

"ကျုပ် စားပြီးပါပြီ"

"ရှင် ကျွန်မကို အမှန်တိုင်းပြောပါလား"

"ဘာကိုလဲ လွမ်းအင်ကြင်း"

"ရှင်...ကျွန်မကိုခုလိုအန္တရာယ်တွေကြားက ကယ်တင်တာ တွေဟာ တိုက်ဆိုင်မှုတစ်ခု မဖြစ်နိုင်ဘူး"

"တကယ် တိုက်ဆိုင်ခဲ့တာ လွမ်းအင်ကြင်း၊ မင်းကို ပွင့်ပွင့် လင်းလင်းပြောရရင် ဒီနယ်တွေက ကျုပ်တစ်ချိန်က ဆေးထိုးသမား ဘဝနဲ့ ဖြတ်သန်းခဲ့တဲ့နေရာတွေပေါ့"

"ဆေးထိုးသမားဆိုတော့ ဒေါက်တာလား"

"ဆရာဝန်တစ်ယောက်တော့မဟုတ်ပါဘူး၊ ကျန်းမာရေး မှူး အဆင့်လောက်နဲ့ဆေးကုတာပါ၊ ခုလည်း ဒီနယ်ကိုမိတ်ဆွေ တစ် ယောက်ရဲ့ကိစ္စလေးတစ်ခုကိုအကူအညီတောင်းလို့ရောက်လာရင်း မင်းကို ကားတစ်စီးနဲ့ပါသွားတာကိုတွေ့လိုက်ရတယ်လေ၊ ပါသွားတဲ့ ကားက ခမ်းနောင်ကျော်စွာ ကားဖြစ်နေတာနဲ့ စိတ်မချလို့ မင်းနောင်

www.burmeseclassic.com



ာလိုက်ခဲ့တာတော့အမှန်ပဲ၊ ဟိုရောက်တော့မင်းနဲ့ခမ်းနောင်ကျော်စွာ
ဆက်သက်မှုကို မသိတာကြောင့် ငါလှည့်ပြီး ပြန်ဖို့ပြင်တုန်း မိန်း
ာလေးတစ်ဦးအဲဒီအိမ်ဘက်ကိုသွားတာကိုမြင်ရပြီးသိပ်မကြာဘူး
ပြေထွက်လာတယ်၊ငါပြတင်းပေါက်ကကြည့်တော့ခမ်းနောင်ကျော်စွာ
သေဆုံးနေတာကိုတွေ့ရတယ်၊ မင်းက သေနတ်ကိုင်ပြီးရပ်နေတာ
လေ၊နောက် မင်းကားနဲ့ထွက်ပြီး သွားတော့မှငါနောက်ကနေ လိုက်
ခဲ့တာပဲ၊မင်းအတွက်ဆက်ပြီး အန္တရာယ်တွေကြုံတော့မယ်ဆို
ာတော့သိထားတယ်၊ဒါကြောင့်ဦးမင်းကျော်စွာမင်းကိုခေါ်ဆောင်
ခဲ့ နေရာကိုလိုက်ခဲ့ရင်း မင်းကျော်စွာနဲ့ ရန်ဘက်အဖွဲ့တွေက
မင်းကျော်စွာကို ဝင်ပြီးတိုက်တာနဲ့ သွားပြီးကြုံတာပဲ၊ ကျုပ်က
မင်းကျော်စွာအတွက် လမ်းက ပိတ်ပြီး ကယ်ခွင့်ရလိုက်တာပါပဲ၊
ခွမ်းအင်ကြင်း"

"ကျွန်မမိသားစုအတွက်ကျွန်မလက်နဲ့သတ်ခွင့်မရလိုက်
တာကိုတော့သိပ်မကျေနပ်ဘူးနင်းလှ"

"သူတို့ရဲ့ကံကြမ္မာဆိုးကသူတို့ရဲ့ရက်စက်မှုတွေကိုအပြစ်
ဒဏ်ခတ်လိုက်တာပဲ၊ မင်းကိုယ်တိုင်သတ်ခဲ့ရင်လည်း သူသေမှာပဲ၊
မင်းကိုယ်တိုင် မသတ်ခဲ့ပေမယ့် သူမှိုက်ပြစ်ကို သူခံသွားရပါပြီလေ၊

www.burmeseclassic.com



ခမ်းနောင်ရေကျော်စွာ ကို သတ်ခဲ့တဲ့ မိန်းကလေးက သူ့နာကြည်းချက်အတွက် မင်းကိုယ်စား သတ်ပေးလိုက်တယ်လို့သဘောထားလိုက်ပါ လွမ်းအင်ကြင်း..."

"ကျွန်မအတွက် နောက်ထပ် အကြွေးဆပ်စရာတွေ ရှိနေသေးတယ်"

"မင်းရင်ထဲက နာကြည်းမှုတွေပေါ်မှာ ကျုပ်ဘာမှ မပြောလိုပါဘူး လွမ်းအင်ကြင်း..."

* * *

www.burmeseclassic.com



"ကောင်းပါပြီဗျာ..နောက်တစ်ခါ ဒီနေရာလေးကို လာနိုင်ကြတော့မှာ မဟုတ်လို့ မဖိတ်ခေါ်တော့ပါဘူး။ ဒါပေမယ့် ဘုရားသခင်က ဆုံစည်းခွင့်ပေးခဲ့ရင် ဆုံကြရမှာပေါ့"

"ဆုံကြဦးမှာပါ"

စောရှုနာကို ကျွန်မတို့ နှုတ်ဆက်ပြီး ချောင်းရိုးလေးတစ်ခုဆီသို့ လျှောက်လာခဲ့ကြတော့သည်။ ခရီးလမ်းကလေးမှာ တောတောင်အလှတွေနဲ့ သဘာဝရှုခင်းတွေကို ငေးမောရင်း ရင်ထဲမှာ အေးမြနေခဲ့သည်။

"ကုန်းပိုင်းဘက်ကသွားရင် ခရီးကနီးပေမယ့် မင်းအတွက် အခက်အခဲတွေရှိနိုင်လို့ ဒီလမ်းကိုရွေးချယ်ခဲ့ရတာပါ"

"ကျွန်မ မိသားစုအတွက် ဒင်းတို့ကို လက်စားချေပြီးမှ ဥပဒေရဲ့ အဆုံးအမကိုခံယူသွားမယ်၊ ကျွန်မ တာဝန်တွေက ကျွန်မဘဝမှာ အကြီးမားဆုံးတာဝန်ဖြစ်နေတယ်၊ နင်းလူ..ရှင် ကျွန်မကို ဘယ်နေရာထိ လိုက်ပြီးပို့ပေးမှာလဲ"

"မင်းပြန်တော့ဆိုတဲ့နေရာထိ"

"ကျွန်မ လူတစ်ယောက်ဆီကို သွားချင်တယ်၊ ဒါပေမယ့် သွားရမယ့်ခရီးတွေနဲ့ ငွေကြေးပိုင်းတွေက ပြန်ပြီးပြင်ဆင်ရဦးမှာ

www.burmeseclassic.com



တော့ ဦးစိုင်းဆီပဲပြန်ချင်တယ်"

"ရတယ်လေ...ကျုပ်လည်းပြန်ရမှာပဲ ခရီးတူပါတယ်"

"ဒီတစ်ခါလည်း တိုက်ဆိုင်တာပဲလား"

"စောစောနာပြောတဲ့စကားလေးကိုပဲ ပြောရမလိုဖြစ်နေပြီ"

"ဘာစကားများလဲ"

"လူတစ်ယောက်နဲ့တစ်ယောက် အတူတူသွားဖို့ဆိုတာ ဘဝတစ်ခုဆီက ခရီးသွားမှတ်တမ်းထဲမှာ စာရင်းတွေရှိလို့တဲ့လေ"

"ကျွန်မနဲ့ နင်းလူက ဘဝတစ်ခုရဲ့ ခရီးသွားစာရင်းဝင်တွေပေါ့"

"ဒီလိုပဲ သဘောထားလိုက်တာ ကောင်းပါတယ်"

ကျွန်မ တကယ်ကို ကျေနပ်မိလိုက်သော စကားလေးပင် ဖြစ်သည်။ ကျွန်မအတွက် နင်းလူဟာ လိုအပ်သော လူတစ်ယောက် ဖြစ်နေသည်ကို ကျွန်မ မငြင်းချင်ပါ။

နင်းလူ... ကျွန်မအနားတွင် ရှိနေခြင်းဟာ ကျွန်မအတွက် ကြောက်ရွံ့ခြင်းကင်းမဲ့သော ရင်ခွင်အိမ်ကလေးထဲတွင် ရောက်ရှိနေသလို ထင်မှတ်နေမိပါတော့သည်။

* * *

www.burmeseclassic.com

ကူးတို့ဆိပ်သို့ရောက်တော့ လှေ (၂)စီးကိုကြိုးဖြင့်ဆွဲထား တာကလွဲပြီး လူအရိပ်အယောင်ကို မတွေ့ရ။

"နင်းလူ...ဘယ်သူမှလဲမရှိဘူး၊ ဘယ်လိုလုပ်ကြမလဲဟင်"

"လူမရှိလည်းလှေရှိရင် ယူသွားကြတာပေါ့"

"ဖြစ်ပါ့မလား၊ တော်ကြာ ပြဿနာတက်နေဦးမယ်"

"ပြဿနာတက်ရမယ့်လူမှမတွေ့တာပဲ၊ လာပါလွမ်းအင်ကြင် ရယ်.. တွေ့သမျှ၊ ကြုံသမျှတွေကို ခုချိန်မှာ နောက်တွန့်နေလို့မရပါ ဘူး"

www.burmeseclassic.com



နှင်းလူ လှေဆိပ်ကိုလျှောက်လာပြီးကြိုးကိုဖြုတ်နေစဉ်

"ဗိုး...ဒုတ်.."

"ဟင်.."

မြူးတစ်စင်းက လှေကိုချည်ထားသည့်ကြိုးငုတ်ကို စိုက်ဝင်သွားသည်။ နှင်းလူက ဘာမှဂရုမစိုက်ဘဲကြိုးကိုဆက်ပြီးဖြေကာဖြုတ်ယူလိုက်သည်။

"ဘယ်လိုလဲဟော့၊ ပိုင်ရှင်ကို မကြောက်ရင်တောင် ပိုင်ရှင်လက်ထဲကမြူးကိုတော့ကြောက်ရမယ်နော်"

"အယ်..."

ကျွန်မ အသံလာရာကိုကြည့်လိုက်တော့ ကာကီရောင်အကျီပွပွကြီးကို ဝတ်ဆင်လျက် ရှမ်းဘောင်းဘီကြီးနှင့် လူတစ်ယောက် ဒူးလေးတစ်လက်ကိုကိုင်ဆောင်ပြီး ကျွန်မတို့ဘက်ကိုလျှောက်လာနေသည်။

"မင်းဒူးလေးလောက်ကိုနှင်းလူဆိုတဲ့ကောင်က ဆေးထိုးအပ်ကလေးလောက်တောင်မထင်ဘူးဟော့"

"သေချာရဲ့လား"

"သိပ်ပြီးသေချာတာပေါ့"

www.burmeseclassic.com



"ကဲ… ဒုတိယမြောက်မြားတံကို မရှောင်ဘဲ နေရဲရင် မင်းကြိုက်တဲ့လှေကိုယူသွား"

"သိပ်ပြီး ကြိုက်တဲ့စိန်ခေါ်မှုပဲ၊ ပစ်လေကြိုးတင်ပြီးရင် တော့ အမြန်ဆုံးလွှတ်နော်"

"စိတ်ချ…ကဲ…တင်ပြီဟေ့"

"ရှိုး…ဖြောင်း…"

တစ်ဖက်ဆီမှ ဒူးလေးခလုတ်ကို လက်ကလေးမကွေးခင် နင်းလှု လက်ထဲမှ တုတ်ပိုင်းလေးက ဒူးလေးကိုင်ထားသော လှု၏ လက်ဆီသို့ရောက်သွားတော့သည်။

"ငါ့ဆရာလက်ကတော့ ခုထိကောင်းနေတုန်းပဲလား"

ကျွန်မကတော့ ရင်တမမနှင့်စိတ်တွေလှုပ်ရှားနေရပေမယ့် သူတို့က မိတ်ဆွေတွေဖြစ်နေကြ၏။

"ဆရာနင်း…ပန်းဖြူရွာကိုခရီးသွားမယ်ဆိုတာကို စောရှုနားပြောထားလို့လာပြီး စောင့်နေတာ၊ ကျရေနဲ့သွားကြရအောင်"

"စေကျူးဝါ… သူက ငါ့မိတ်ဆွေ လွှမ်းအင်ကြင်းတဲ့ကွ"

"တောင်ပေါ်သူဆို…"

"ဟုတ်တယ်"

www.burmeseclassic.com



ကျွန်မကို နှင်းလူ လက်ကလေးဆွဲပြီး လှေပေါ်သို့တက်လိုက်ပြီး စေကျူးဝါးဆိုသူက လှေကလေးကို စတင်ပြီးလှော်ခတ်ထွက်လာခဲ့တော့သည်။

"ဆရာ ်င်းတို့ပန်းဖြူရွာကနေမြို့ကိုတစ်ခါတည်းတက်မှာလား"

"ဟုတ်တယ်... ဒါနဲ့ စေကျူးဝါး... မင်းသတင်းငါကြားတယ်၊ မင်းကောင်မလေးကိုတခြားကောင်နဲ့ ပေးစားမလို့ဆို"

"ဟုတ်တယ် ဆရာနှင်း... ဒါကို မစံချင်ဖြစ်နေတာ၊ တခြားကောင်တွေနဲ့ဆိုဖြေသာပါတယ်ဗျာ၊ဟို ဘိန်းမှောင်ခိုသမားနဲ့ပေးစားရတယ်လို့ဗျာ..."

"ပန်းဖြူရွာက ဘိန်းမှောင်ခိုသမားတွေ ခြေကုတ်ယူနေကြပြီလား စေကျူးဝါး"

"ကြာပြီ ဆရာနှင်း..."

"နယ်မြေခံ လက်နက်ကိုင်တွေက မတားဘူးလား"

"ခုဖြစ်နေတာက ငြိမ်းချမ်းရေးအုပ်စု အောက်ပိုင်းတပ်တွေလက်ချက်လေ၊အပေါ်ပိုင်းကတော့ ဘာမှမသိကြဘူး၊ ဘိန်းမှောင်ခိုသမားတွေဆီက ဘိန်းရော ငွေပါ ရနေတော့ သူတို့အတွက် အဆင်

www.burmeseclassic.com



ပြောနေတာပေါ့၊ အပေါ်က လူကြီးတွေလာတဲ့ချိန်ပဲ နယ်မြေရှင်းလင်းပြီး ဘာမှ မဖြစ်သလိုနေကြတာ၊ အောက်ခြေမှာတော့ ထင်တိုင်းဖြစ်နေကြတာ"

"ပန်းဖြူရွာ တစ်ရွာတည်းလား"

"ဘေးက ပိန်ဒူရွာတွေလည်း ဒီကောင်တွေ မြေကုတ် ယူထားကြတယ်၊ ဘိန်းကောင်တွေက ရွာက မိန်းကလေးတွေကို ငွေနဲ့ မြူဆွယ်ပြီး သိမ်းပိုက်နေကြတာ"

"ငွေမက်တဲ့ ရှစ်သူပေါ်မှာ ခံစားမနေပါနဲ့ကွာ"

"နော်ကဲ(လ်)ဟာ ငွေမမက်ပါဘူး၊ သူ့မိဘတွေက ငွေမက်ပြီး အတင်းပေးစားတာ.."

"ဒါဆို နိုးပြေးပေါ့ကွာ"

"ခု ဆရာနဲ့ ပန်းဖြူရွာကိုလိုက်ခဲ့တာ ဒီအတွက်လည်းပါတယ်"

"ငါက ကူညီရဦးမှာပေါ့"

"ဆရာနင်းကို အားကိုးပါရစေ"

"အင်း..ရွာရောက်မှကြည့်ပြီး လှုပ်ရှားကြတာပေါ့"

"နည်းနည်းတော့ အခက်အခဲရှိမယ် ဆရာနင်း"

www.burmeseclassic.com



"ဘာလို့လဲကွ"

"နော်ကဲ(လ်)နဲ့ယှဉ်မယ့်ကောင်က နယ်နယ်ရရတော့ မဟုတ်ဘူး၊ မြောက်ပိုင်းကြောမှာ ဘိန်းနဲ့ပတ်သက်ပြီး ထိပ်ဆုံးက ရပ်နေတဲ့ဦးလျှန်ဇော်ရဲ့သားဗျ"

"ဟင်..."

စေကူးဝါးဆီက ကြားလိုက်ရသော နာမည်ဟာ ကျွန်မကို အကြီးမားဆုံး တုန်လှုပ်ချောက်ချားသွားစေသည်။ ကျွန်မ ရာဇဝင်ကြွေးဆပ်ရမယ့် (၅)ယောက်ထဲက တစ်ယောက်ဖြစ်နေခြင်းကြောင့်။

* * *

www.burmeseclassic.com

# အခန်း (၅)

ပန်းဖြူရွာလေးကို ကျွန်မတို့ရောက်တော့ ညနေစောင်းနေလေပြီ။ ရေကြောင်းခရီးကြမ်းဖြစ်၍လည်းကောင်း၊ စေကူးဝါး ရောနင်းလူပါ လှေကို တစ်ယောက်တစ်လှည့်လှော်ခတ် ပြီးလာကြရ၍ ပင်ပန်းနေကြမည်မှာ သေချာသည်။

ဒါတောင် နေ့လည်ဘက်ကို စောရှူးနားထည့်ပေးလိုက်သော စားသောက်စရာတွေကို(၃)ယောက်သားမျှဝေစားသောက်၍ ခဏနားပြီး ခရီးဆက်ခဲ့ကြခြင်းဖြစ်သည်။

"စေကူးဝါး...ရွာထိပ်ဘက်ကိုမကပ်နဲ့၊ ဦးဘာလှျာ ကူးတို့ဆိပ် ကိုဝင်ပြီး ကပ်လိုက်၊ ငါတို့ရွာကိုရောက်တာ ဘယ်သူမှမသိစေ

www.burmeseclassic.com



ချင်သေးဘူး"

"စိတ်ချ ဆရာနှင်း..."

လှေကလေးကို ချောင်းရိုးကမ်းတစ်ဖက်ဆီသို့ကပ်ပြီး ချောင်းခွဲလက်တက်လေးထဲကို ကွေ့ဝင်စဉ်...

"ဘုတ်...ဘုတ်..."

ချောင်းရိုးထဲမှ စက်လှေတစ်စီးမောင်းထွက်လာသည်ကို တွေ့လိုက်ရပေမယ့် စက်လှေမှာ ကျွန်မတို့လှေကလေးကို မတွေ့ခဲ့ကြ။

"ဆရာနှင်း... ဒီကောင်တွေပဲ၊ သေနတ်တရမ်းရမ်းနဲ့ ဖြစ်ချင်တိုင်းဖြစ်နေတာ"

စက်လှေပေါ်တွင် ပြောက်ကျားဝတ်စုံတွေနှင့် လက်နက်ကိုယ်စီကိုင်လျက်ပါသွားသည်ကို တွေ့မြင်လိုက်ရသည်။

"လူနည်းစုကြောင့် လူအများစု ဒုက္ခရောက်နေကြရတာပဲ၊ ရွာက သည်လို သည်းခံနေရင် အခြေအနေက ပိုပြီးဆိုးသွားမယ် တစ်ချိန်က ယမ်းငွေ့တွေလွှမ်းတဲ့ဘဝတွေကို ရွာသူရွာသားတွေ ပြန်ပြီးမှတ်မိဖို့တော့လိုတယ်"

"ဆရာနှင်းရယ်...လက်နက်ကြောင့် ဘဝတွေဆုံးရှုံးခဲ့ရတဲ့

www.burmeseclassic.com



ရွာသူရွာသားတွေက လက်နက်ဆိုရင်ကြောက်နေရတုန်းပဲ၊ အထက်ကလူကြီးတွေဆီကိုတောင် ဘယ်သူမှ ပါးစပ်မဟာရဲတာကိုပဲကြည့်"

"ဟုး..."

ကျွန်မက ကျေးရွာရှိလူများ၏ခံစားချက်တွေကို နားမလည်ပေမယ့် ကြားနေရသည့်စကားတွေကြောင့် စိတ်ထဲမှာတော့ ခံပြင်းမိသည်။

"ကျွိ...ကျွိ..."

လှေကလေးမှာ ဦးဘာလျှာ တဲလေးနောက်တွင် ကပ်လိုက်သည့်အခါ တဲထဲမှ

"ဟေ့ကောင်ကြီး...နင်းကောင်ပါလားကွ၊ တက်ကြဟေ့"

ဝါးလုံးလေးဖြင့် တံတားလုပ်ထားသောတဲပေါ်ကို ကျွန်မတို့တက်ခဲ့ပြီး အိမ်ပေါ်သို့ ဝင်လာခဲ့သည်။

"နော်ဆေးရော"

"မင်းအမိုးက အရှေ့ရွာကို ကလေးမွေးသွားတယ်၊ နင်းကောင်မင်း မိန်းမရိုးလာတာလား"

"ဟာဗျာ...ဘာက ပြောရေ့မယ်"

ကျွန်မကို နင်းလူ အားနာသောမျက်လုံးဖြင့် လှမ်းပြီးကြည့်

www.burmeseclassic.com



နေပေမယ့် ကျွန်မ ရင်ထဲမှာ ဒီစကားလုံးကို မခါးသက်ခဲ့တာအမှန်။

"မသိပါဘူးဟာကောင်ရ၊ ဒါဖြင့် ဘာတွေဖြစ်လာလဲ ပြော"

"ဖြစ်ပုံဟာတာတွေကို ပြောရင် အရှည်ကြီး၊ အရေးကြီးတာ ဒိုက်ကိုစရှင်းဖို့လုပ်"

"ဒါတော့ မပူနဲ့ပေါ့၊ ဟိုကောင် ဘိန်းကောင်တွေ ဆန်တွေ ဝေထားလို့ ချက်စားရုံပဲ"

"ဘိန်းကောင်ဆိုတာ နော်ကဲ(လ်)နဲ့ယူမယ့် ဖော်လျံကို ပြောတာလား"

"သိပ်ဟုတ်တာပေါ့ စကူးဝါးရယ်၊ မင်းရင်ဝကို ဓားနဲ့ခွဲတဲ့ ကောင်၊ စကူးဝါး မင်းကို သတိပေးရဦးမယ်"

"ဘာကိုလဲ"

"မနေ့က ငါ ရွာထဲက သတင်းတစ်ခုကြားတယ်၊ မင်းနဲ့ နော်ကဲ(လ်) ကြိုက်ခဲ့တာကို ဖော်လျံသိသွားပြီး မင်းကို လိုက်ရှာနေကြတယ်ကွ"

"ဟင်...ဘာလို့လဲ"

"မင်း သူ့မင်္ဂလာပွဲကို နှောင့်ယှက်မယ်ထင်ပြီး ရှာနေတာ"

"ဟိုကောင် ခေါင်ရမ်းတို့က ဘာမှ မတားကြဘူးလား"

www.burmeseclassic.com



"စေကျူးဝါး..မင်းသိတဲ့အတိုင်းလေ၊ခေါင်ရမ်းအဖွဲ့က ကျေး ရွာလုံခြုံရေးဆိုပြီး တာဝန်ယူထားပေမယ့်ဖော်လံ့ကိုကျော်လို့မရဘူး ဒီကောင်က ဘိန်းနဲ့ ငွေနဲ့ပေါက်ပြီး သူတို့ကို မှိုင်းသွင်းထားတာ နေစမ်းပါဦး စေကျူးဝါး..မင်းဘာလို့လိုက်လာရတာလဲ"

"ကျုပ် နော်ကဲ(လ်)ကိုနိုးမလို့"

"ဘုရားသခင်... စေကျူးဝါး..မင်းအသက်နဲ့ နီးတယ်နော်"

"ကျုပ်အသက်သေမှ ကျုပ်ချစ်သူကို ရစေရမယ်"

"ခက်နေပြန်ပြီကွာ"

"ဘာ.. ဒီကိစ္စကို နောက်မှ ဆွေးနွေးကြတာပေါ့၊ ဘာပဲ လုပ်လုပ် ခေါင်းအေးအေးနဲ့လုပ်ကြတာ ကောင်းပါတယ်"

ကျွန်မ ခေါင်းထဲမှာ ဦးလျှန်ဖော် နာမည်မှာ ဝင်ရောက်နေ လေပြီ။ ကျွန်မနှင်းလှူကိုပင် ဖွင့်ပြောသင့် မပြောသင့်ကို စဉ်းစားရင်း အိမ်တိုင်လေးကို မှီပြီးနေလိုက်၏။ စေကျူးဝါးကတော့ သူ့သောကနှင့် သူတိတ်ဆိတ်စွာဖြင့် စဉ်းစားနေသည်။

ကျွန်မအတွက် သီးသန့်ရှာဖွေစရာမလိုဘဲ တိုက်တိုက် ဆိုင် ဆိုင်ဦးလျှန်ဖော်ကိုရှာဖွေတွေ့လိုက်ရပြီဖြစ်သည်။

"လွမ်းအင်ကြင်း"

www.burmeseclassic.com



"ဟင်...နင်းလူ"

"ဘာတွေခေါင်းထဲမှာ ရောက်နေတာလဲ"

ကျွန်မ...နင်းလူအမေး‌စကားကို ချက်ချင်းမဖြေသေးဘဲ မျက်နှာလေးကိုစိုက်ကြည့်လိုက်မိ၏။

"မင်းကျုပ်ကိုတစ်ခုခုကိုပြောချင်နေတာမဟုတ်လား"

"ဟုတ်ပါတယ်"

"မင်းဘက်က ပြောချင်တာကို ပွင့်ပွင့်လင်းလင်းပြောပါ လွမ်းအင်ကြင်း၊ ကျုပ်ဟာမင်းအတွက် အကောင်းဆုံးအဖော်အဖြစ် ရှိနေပေးမှာပါ"

ကျွန်မအတွက် အင်အားတွေဖြစ်စေသည့် စကားလေးပါ။ ကျွန်မ၏ ရာဇဝင်ကြွေးတွေကို ကျွန်မ သူရဲကောင်းဆန်စွာ ရင်ဆိုင်ခဲ့ပေမယ့် နင်းလူသာ ကျွန်မဘေးကို မရောက်ခဲ့ရင် ကျွန်မ၏ လက်စားချေမှုသည် ရပ်တန့်သွားရုံတင်မက ကျွန်မ ဘဝဆုံးပြီးအသက်ပါ ဆုံးနိုင်သည်မှာသေချာပေသည်။

"ကျွန်မ ရှာချင်နေတဲ့သူက ဦးလျှန်ဖော်ပဲ"

"ကျုပ်ရိပ်မိပါတယ်"

"ရှင်က ဘယ်လိုရိပ်မိတာလဲ"

www.burmeseclassic.com



"စေကူးဝါးက ဒီနာမည်ကို ပြောတဲ့အချိန်တုန်းက မင်း မျက်နှာမှာ နာကျင်ခြင်းပုံရိပ်တွေက ထင်ဟပ်သွားတာလေ"

"ကျွန်မကို နှင်းလူ ကူညီပေးပါ"

"မင်းဘက်က တရားဝင် အကူအညီမတောင်းတာတောင် ကျုပ် ကူညီနေရတာပဲ၊ ဒီလောက်ဆိုရင် လွှမ်းအင်ကြင်း နားလည် သဘောပေါက်မှာပါ"

"ကျွန်မ ကုသိုလ်ကံ ကောင်းခဲ့ပါပြီ ရှင်..."

"ဘာလို့"

"ကျွန်မဘေးမှာ နှင်းလူရှိနေလို့ပါ"

"လွှမ်းအင်ကြင်းကိုတော့ တစ်ခုပြောထားမယ်၊ ဦးလျှန်ဇော် ကို ရင်ဆိုင်ဖို့အတွက် ချက်ချင်းတော့မဖြစ်နိုင်ဘူး၊ သူ နေထိုင်တဲ့ နေရာနဲ့ သူ့လှုပ်ရှားမှုတွေကို အသေးစိတ်စုံစမ်းပြီးမှ လှုပ်ရှားလို့ ရမှာ ဆိုတော့ စိတ်ရှည်ဖို့တော့လိုမယ်"

"ကျွန်မ...ရှင့်စကားကို နားထောင်ပါ့မယ်"

"ဟော့ကောင်ရေ... ဗိုက်ဆာရင် စားလို့ရပြီ၊ ဟိုကောင် စေကူးဝါး ကတော့ စားနိုင်မှာ မဟုတ်ဘူး၊ ရင်ထဲမှာ မီးစွဲနေပြီကွ"

"စားရမယ်..."ဘာ" ရေကျုပ် အားပြတ်လို့မရဘူး"

www.burmeseclassic.com



"ဒါဖြင့်လာကြပေါ့"

ကျွန်မလည်း ခေါင်းထဲမှာ ရှင်းလင်းသွားသည်။ ကျွန်မအတွက်အစွမ်းထက်လှသောလက်နက်တစ်ခုကိုပိုင်ဆိုင်လိုက်ရပြီပေါ့တော်လား။

ထမင်းပိုင်းလေးပိုင်းပြီး စားသောက်ရင်း

"ဘာ.."

"ဘာလဲ နှင်းဧကောင်"

"နော်ကဲ(လ်)ကိုခုဘယ်မှာထားလဲ"

"ဘယ်မှာထားရမလဲ၊ ဟိုကောင်ဆောက်ပေးထားတဲ့(၂)ဆောင်မြို့င် အိမ်ကြီးအပေါ်ထပ်မှာ ထားတာပေါ့၊ စေကျူးဝါးနဲ့သတင်း မထွက်ခင်က နော်ကဲ(လ်) သွားလို့လာလို့ရတယ်၊ ခုနောက်ပိုင်းတော့ အပြင်ကို သွားလို့မရတော့ဘူး"

"မင်္ဂလာရက်က နီးနေပြီပေါ့"

"အင်း...ကြားမှာ (၃) ရက်ပဲလိုတော့တယ်၊မင်းတို့လွှပ်ရှားမယ်ဆိုရင်ဒီည လှုပ်ရှားမှ ရတော့မှာနော်"

"ဟုတ်တယ်၊မနက်ဖြန်ဆို နတ်ဆရာကိုအပ်ရင်ဘယ်လိုမလွယ်တော့ဘူး"

www.burmeseclassic.com



ရွာ၏ ရိုးရာဓလေ့အတိုင်း မင်္ဂလာနတ်ဆရာကို အပ်ပြီးဆိုရင် သတို့သမီးဟာ တစ်ဖက်သူ၏ တရားဝင်ပိုင်ဆိုင်ခွင့်ကိုရသွားပြီဖြစ်သည်။ နတ်ဆရာပြင်ဆင်ထားသည့်အိမ်မှာ (၂) ရက်နေပြီးသည်နှင့်မင်္ဂလာပွဲကြီးကို ကျင်းပကြမှာဖြစ်သည်။

"ဆရာနင်း.."

"စကားဝါး..မင်းစက်တပ်လှေတစ်စင်းကို ရအောင်ရှာ နိုင်မလား"

"ရတယ်၊ ဆရာနင်း၊ စောကနက်ဆီမှာ အကူအညီတောင်းရမှာပဲဗျာ.."

"ဒါဆိုရင် မင်းစက်လှေနဲ့သုံးခွချောင်းထိပ်ကနေ စောင့်နေတော့၊ ငါနော်ကဲ(လ်)ကို ရအောင်ခေါ်ထုတ်ပေးမယ်"

"နင်းကောင်.. သတိထားနော်၊ ဒီကောင်တွေဆီမှာ လက်နက်တွေက အကောင်တိုင်းမှာရှိတယ်"

"ကျုပ်ကောင်အတွက်တော့ ကြိုးစားပေးရမှာပေါ့၊ လွမ်းအင်ကြင်း ကျုပ်နဲ့အတူနော်.."

"စိတ်ချ"

"စကားဝါး..မင်းဆက်လုပ်စရာရှိတာကို သွားပြီးလုပ်တော့

www.burmeseclassic.com



အချိန်သိပ်ပြီးမရတော့ဘူး"

"သွားပြီ..."

စကားဝါး ထွက်သွားပြီးနောက် ကျွန်မကို နှင်းလူ ဘာတွေ ပြောမလဲဆိုတာကိုနားစွင့်နေမိတယ်။

"မင်းနဲ့ကျုပ်က နော်ကဲ(လ်)ရှိတဲ့အိမ်ကို ဝင်မယ်၊ ဖြစ် တယ်မဟုတ်လား"

"ရှင်နဲ့ဆိုရင် ကျွန်မဘက်က ငြင်းစရာမရှိပါဘူး"

"ဘာ...ရေ...သွားစွင့်ပြဦး"

"မင်းတို့အောင်မြင်ပါစေကွာ"

ကျွန်မတို့(၂)ယောက် အိမ်ကလေးထဲမှထွက်လာတော့ ရွာကလေးမှာ ပိတ်ပိတ်မှောင်နေသည်။ အိမ်ကလေးတွေမှာ မီးရောင် လေးတွေရှိပေမယ့် အပြင်ဘက်တွင် လူရိပ်ကင်းမဲ့နေကြသည်။

"ရှေ့မှာ မီးရောင်တွေ"

"ဒီဘက်ကိုလာ"

ကျွန်မလက်ကလေးကို နှင်းလူဆွဲပြီး သစ်ပင်ကြီးဆီသို့ပြေး ပြီးကပ်လိုက်ကြသည်။ ဓာတ်မီးရောင်တွေနဲ့လာနေသူတွေက (၄) ယောက်လောက်ရှိသည်။

www.burmeseclassic.com



"ခေါင်ရမ်း..."

"ဘာလဲကွ"

"မင်းနော်ကဲ(လ်)အိမ်မှာ အစောင့်ထားခဲ့ရဲ့လား"

"ဟိုကောင်..ကြွက်ညီနောင်ကိုထားခဲ့တယ်"

"ကြည့်လည်းလုပ်ဦး၊ တော်ကြာဖော်လျံကတော်ပါသွားမှ ပြဿနာတက်နေဦးမယ်"

"ဘယ်သူကနော်ကဲ(လ်)ကိုဝင်ပြီးခေါ်ရဲမှာလဲ"

"စကားဝါး..."

"ဒီကောင်ဒီလောက်သတ္တိမရှိပါဘူးကွာ၊ ပူမနေစမ်းပါနဲ့"

"ခုဘယ်ကိုသွားမှာလဲ"

"ဒီနေ့ ဘိန်းတွေပို့မယ့်စက်လှေ ရောက်မယ်၊ အဲဒါသွားပြီး စောင့်ရမှာကွ"

"ခေါင်ရမ်း..ငါတို့ကို လူကြီးတွေက သံသယဖြစ်နေပြီနော်၊ မင်းလှုပ်ရှားတာ သိပ်ပြီးရဲတယ်၊ အရင်ကလို အမည်းရောင်နယ်မြေ မဟုတ်တော့ဘူး၊ စစ်တပ်က အဝင်အထွက်ရှိနေတာ"

"ဂျူး..မင်းပါးစပ်က သွေးကြောင်တာတွေ မပြောနဲ့၊ ငါတို့ ခုလိုစားသောက်နိုင်တာ ဒီအလုပ်တွေကြောင့်ကွ၊ တပ်ဖွဲ့လစာနဲ့ ဆို

www.burmeseclassic.com



ရှင်ဝတ်နေတာကြာပြီ"

သူတို့ပြောနေသည့်စကားသံများကျွန်မတို့(၂)ယောက်နဲ့ ဝေးသထက် ဝေးသွားတာမို့ ဆက်ပြီးဘာမှ မကြားရတော့ပေ၊ ခေါင်ရမ်း တို့အုပ်စု အမှောင်ထဲမှာ ပျောက်သွားတော့မှ ကျွန်မတို့ နော်ကဲ(လ်)အိမ်ဘက်သို့ဆက်ပြီးလာခဲ့သည်။

"ရှေ့ကအိမ်ပဲ"

"အင်း.."

အိမ်ရှေ့ခြံတံခါးဝတွင် ရပ်ပြီးကြည့်လိုက်တော့ ကွက်ညီနောင်က ဒေသနတ်တွေ ခေါးမှာချပြီး ဘိန်းမေးမေးနေကြသည်၊ အိမ်ပေါ်မှာတော့မီးလင်းလျက်..

"မင်းရှေ့ကဝင်၊ ကျုပ်ခေါးဘက်ကနေဝင်ပြီး အသံတိတ် ရှင်းမယ်၊ သတိရှိနော်"

"အင်းပါ"

ကျွန်မ..နင်းလှပြောတဲ့အတိုင်း ရှေ့တည့်တည့်မှ အမှောင်ရိပ်ကိုအကာအကွယ်ပြုပြီး ဝင်လာသည်အထိကွက်ညီနောင်မတွေ့ကြသေးပေ။

ကျွန်မ သူတို့အနားသို့မရောက်တရောက်တွင်

www.burmeseclassic.com



"ဟာ...နတ်သမီး..."

"ကြွက်လေး...မင်းပေါက်သွားပြီ"

"မပေါက်ဘူးဟိုမှာကွ"

ကျွန်မဘေးမှောင်ရိပ်ထဲကိုပြန်ပြီးဝင်လိုက်သည်။

"ဘာမှမတွေ့ဘူး၊ အာရုံပျက်တယ်ကွာ"

"ငါတကယ်တွေ့လိုက်တာ"

"မင်းတွေ့ရင်မင်းဘာသာသွားပြီးကြည့်တော့"

ကြွက်လေးဆိုတဲ့သူကျွန်မပုန်းနေသောအမှောင်ရိပ်ဆီသို့ ယိမ်းတိယိမ်းယိုင်နှင့် လျှောက်လာပြီး ဓာတ်မီးနှင့်ထိုးကြည့်သည်။ ကျွန်မရပ်ပြီးနေသောကြောင့်

"ဟာ...နတ်...နတ်သမီးလေး...မင်းကိုယ့်ဆီကိုလာတာလား ဟင်..."

ကျွန်မခေါင်းလေးညိတ်ပြီး ပြုံးပြလိုက်ခြင်းကြောင့် ကျွန်မ နားသို့ပြေးကပ်လာသည်။ ကျွန်မကိုသိုင်းဖက်ဖို့ကြိုးစားချိန် တွင်

"ဒုတ်...အီး..."

ကျွန်မ လက်ထဲက သစ်ကိုင်းပြတ်သည် သူ့လည်ပင်းဆီသို့ ခပ်ဆတ်ဆတ်လေး ရိုက်လိုက်ခြင်းကြောင့် အသံကိုပင် ခပ်တိုးတိုး

www.burmeseclassic.com



ညည်းပြီးမှောက်ကျသွားတော့သည်။

"ဖြောင်း...အင့်..."

နင်းလူက ဘိန်းမူးမူးနေသောကြွက်ကြီးကိုလည်းနောက်မှ သိပ်လိုက်တော့သည်။ ကျွန်မတို့ (၂)ယောက် အိမ်ကြီးအပေါ်သို့ ဆက်ပြီးတက်ရန်ပဲရှိတော့၏။

"ဒေါက်...ဒေါက်...ဒေါက်..."

"ဟင်..."

အိမ်ကြီးအပေါ်ထပ်မှ လူတစ်ယောက်ဆင်းလာသော ကြောင့်ဘေးကိုကပ်လိုက်ပြီး

"မလှုပ်နဲ့နော်..."

"ဟင်...မင်း...မင်း..."

ကျွန်မတို့ (၂)ယောက်လုံး မျက်နှာတွင် အဝတ်များစည်း ထားကြတာမို့ဘယ်သူဘယ်ဝါဆိုတာမသိနိုင်။ ကျွန်မကိုမသိနိုင်ကြ ပေမယ့်နင်းလူကိုတော့သိနေကြမှာသေချာ၏။

"ဘာစကားမှမပြောနဲ့ဘေးမှာကပ်ပြီးနေ"

"ဟုတ်...ဟုတ်ကဲ့"

နင်းလူ ထိုလူကြီးကို ကြိုးတွေတုတ်၊ ပါးစပ်ကိုပါပိတ်ပြီး

www.burmeseclassic.com



အပေါ်သို့ဆက်ပြီးတက်လာခဲ့ကြသည်။ အပေါ်ထပ်တွင် အမျိုးသမီး (၃)ဦးက အိပ်နေကြပြီဖြစ်သည်။

"လွမ်းအင်ကြင်း မင်းဟို(၂)ယောက်ကို ထိန်းထားလိုက်"

"အင်း..."

ကျွန်မ...နင်းလူပြတဲ့အမျိုးသမီး(၂)ယောက်နားသို့သွားပြီး

"ရှင်...ရှင်တို့"

"ကျွန်မတို့ဘာမှမလုပ်ဘူး။ ဓားပြတိုက်တာလည်း မဟုတ်ဘူး၊ ဘာလုပ်မယ်ဆိုတာကို ကြည့်နေ၊ ဟိုဘက်ကို အရင်လှည့်"

ကျွန်မ တစ်ယောက်ချင်းကို ကြိုးဖြင့်ချည်နှောင်ပြီး မအော်နိုင်အောင်ပါ လုပ်ထားလိုက်သည်။

"နော်ကဲ(လ်)"

"ဟင်...ဆ..ဆရာနင်း.."

"ရှူး...မင်းကို စောငါးစောင့်နေတယ်၊ သွားမယ်"

"ဟုတ်ကဲ့"

နော်ကဲ(လ်)ကို နင်းလူခေါ်ထုတ်လာပြီး ကျွန်မပါ အောက်ကို ပြန်ပြီးဆင်းခဲ့ရတော့သည်။

www.burmeseclassic.com



"ဟူး..."

အပြင်ဘက်မှတိုက်ခတ်လာသောလေနုအေးကလေးကို ရှူရှိုက်ရင်း ခြေးစေးလေးတွေကို သုတ်လိုက်ရသည်။

"ဘယ်ကိုသွားရမှာလဲ ဆရာနှင်း.."

"သုံးခွရှောင်းဆုံကို"

နော်ကဲ(လ်)ကိုအလယ်မှာထားပြီးအပြေးကလေးလာခဲ့ကြသည်။အနောက်မှဓာတ်မီးတွေကိုတွေ့လိုက်ရသည်။

"ပစ်စမ်းကွာ"

"ဒိုင်း..ဒိုင်း...ဒိုင်း.."

"ဟင်..."

သေနတ်သံများ ဆက်တိုက်ပေါ်ထွက်လာပြီး ကျွန်မတို့ (၃)ယောက် သားသစ်ပင်ခေါးတွင်နေရာယူလိုက်ရသည်။

"နော်ကဲ(လ်)"

"ရှင်..."

"မင်းသူ့ကိုသုံးခွရှောင်းဆုံကိုခေါ်သွားနှင့်တော့၊ငါဒီကောင်တွေကိုဟန့်တားထားမယ်"

"နှင်းလူ"

www.burmeseclassic.com



"လွမ်းအင်ကြင်း...လိုက်သွားပါ၊ ကျုပ်လိုက်လာပါ့မယ်"

"မမ...သွားကြရအောင်"

ကျွန်မ...သူနဲ့အတူနေချင်ပေမယ့် သူ့စကားကိုနားထောင်မယ်ဆိုတဲ့ ကတိစကားကြောင့် နော်ကဲ(လ်)နှင့်အတူထွက်လာခဲ့ကြသည်။ စိတ်ထဲမှာတော့ ပူပန်လျက်...သေနတ်သံတွေက ကျယ်ကျယ်လောင်လောင် ကြားရလေလေ... ကျွန်မ... နင်းလူအတွက် စိတ်မချနိုင်...

"ရှေ့မှာ ဓာတ်မီးရောင်ပြနေတယ်"

"စေကူးဝါး နေမှာပေါ့"

ချောင်းကမ်းပေါ်မှ ဓာတ်မီးရောင်ပြသည့် သူဆီကို အပြေးလေးသွားတော့ စေကူးဝါး အသင့်စောင့်နေသည်ကိုတွေ့လိုက်ရသည်။

"ဆရာနင်းရော..."

"သူနောက်ကလိုက်ခဲ့မယ်တဲ့"

"စေကူးဝါး...ရှင်တို့(၂)ယောက် လွတ်အောင်ပြေးတော့ ကျွန်မ သူ့ကိုစောင့်နေမယ်"

"ဟာ...မဟုတ်တာဗျာ၊ ဆရာနင်းလာမှသွားမယ်"

www.burmeseclassic.com



ကျွန်မလက်ထဲကသေနတ်ကိုတင်းကျပ်စွာဆုပ်ကိုင်လိုက်ပြီး ရှေ့တည့်တည့်ဆီသို့လိုက်ဖို့ပြင်သည်။

"မမ..လိုက်သွားမလို့လား"

"ဟုတ်တယ်..သူ့ကိုကူမှဖြစ်မယ်"

ကျွန်မခြေလှမ်းတွေကို သွားဖို့လုပ်စဉ်မှာပဲ ကျွန်မတို့ဘက်တိုပြေးလာသောခြေသံကြောင့်ကျွန်မ သေနတ်ကိုမောင်းတင်ပြီး ချိန်ရွယ်ထားလိုက်သည်။

"မမ လူမှားမယ်၊ ဒါ..ဒါ..ဆရာနှင်း.."

"ဟင်.."

စေကျူးဝါးက ဓာတ်မီးနှင့်လှမ်းထိုးပြီးကြည့်လိုက်တော့မှ နှင်းလူ ဖြစ်နေတာမို့ ကျွန်မရင်ထဲက စိုးရိမ်မှုလေးတွေ လွင့်စင်သွားခဲ့ရ၏။

"စေကျူးဝါး..စက်နှိုးတော့"

"ဟုတ်ကဲ့.."

"လှမ်းအင်ကြင်းသွားကြမယ်"

ကျွန်မ.. နှင်းလူမျက်နှာလေးကို ရပ်ပြီးကြည့်နေသည်ကို နှင်းလူက ကျွန်မလက်ကလေးကိုဆွဲပြီး စက်လှေပေါ်သို့ခေါ်ခဲ့ဘော

www.burmeseclassic.com



သည်။

"ဘုတ်…ဘုတ်…ဂူး…"

"စက်ကုန်တင်ပြီးမောင်းတော့ စေကူးဝါး"

သုံးခွရှောင်းဆုံထဲသို့ စက်လှကလေးမှာ အရှိန်ပြင်းစွာနှင့် မောင်းထွက်လာခဲ့တော့သည်။

"ဒီကောင်တွေ ဆက်ပြီးလိုက်မှာသေချာတယ်၊ ချောင်းဆုံကိုကျော်မှ စိတ်ချရမယ်"

အမှောင်ထု ချောင်းရေပြင်ပေါ်မှာ စက်လှေကလေးမှာ အသက်လုမောင်းနေရတော့သည်။

"ဘုတ်…ဘုတ်…ဘုတ်…"

"လိုက်လာကြပြီကွ"

ချောင်းလက်တက်တစ်ခုဆီမှ ဓာတ်မီးရောင်တွေနှင့် စက်လှေ (၃) စီးကိုတွေ့လိုက်ရသည်။

"ရှေ့ဘက် ချောင်းရိုးက ကျဉ်းတယ်၊ မောင်းရတာ ခက်မယ်… ဆရာနှင်း… သစ်ပင်၊ သစ်ငုတ်တွေနဲ့ဆိုတော့ ရှောင်ပြီးမောင်းနေရမှာ လွတ်ပါ့မလား"

"စေကူးဝါး…မင်းဓာတ်ဆီအပိုယူလာသေးလား"

www.burmeseclassic.com



"ပါတယ်ဆရာနှင်း...လိုရမယ်ရယူလာတာ"

"မင်း ချောင်းရိုးထဲကို ဝင်နိုင်သလောက်ဝင်ကွာ၊ ရေက ဘက်ရေလား ကျရေလား..."

"ကျရေ..."

"ဒါဆိုရင် အဆင်ပြေတယ်"

"ဘုတ်...ဘုတ်...ဘုတ်..."

ချောင်းရိုးထဲကို စက်လှေက အရှိန်လျှော့ပြီး ဝင်ကာ ရေမှ သစ်ငုတ်တွေလဲကျနေသော သစ်ပင်ကြီးတွေကိုကွေ့ပတ်ကာ မောင်း နေရသည်။

"ဘုတ်...ဘုတ်..."

နောက်မှ စက်လှေတွေလည်းလိုက်ပြီးဝင်လာချိန်တွင် နင်းလှ ဓာတ်ဆီတွေကို ရေပေါ်သို့ သွန်ချပြီး ဆီထည့်ထားသော ပုံး ကိုပါမျှောလိုက်သည်။

"အင်ကြင်း ကျုပ်ကို ဓာတ်မီးနဲ့ထိုးပေးထား"

"ဓာတ်ဆီပုံးကိုလား"

"ဟုတ်တယ်"

ကျွန်မ ဓာတ်ဆီပုံးကိုဓာတ်မီးနဲ့ထိုးပေးလိုက်သည်နှင့်

www.burmeseclassic.com



နင်းလူသေနတ်နှင့်လှမ်းပြီး ပစ်ချလိုက်သည်။

"ဒိုင်း... ဝုန်း..."

ပေါက်ကွဲသံနှင့်အတူ ချောင်းရိုးတစ်ခုလုံး မီးတွေလောင်ကျွမ်းသွားတော့သည်။ သစ်ခြောက် သစ်ကိုင်းတွေပါ ကူးစက်ပြီး ချောင်းရိုးတစ်ခုလုံး မီးလျှံတွေ ပြည့်ဖုံးသွားတော့၏။ နောက်မှလိုက်လာသူတွေ ဆက်ပြီးမလိုက်ဝံ့တော့ဘဲ နောက်ကိုပြန်ပြီးမောင်းထွက်သွားလေတော့သည်။

"ဟူး..."

ကျွန်မတို့အားလုံး သက်ပြင်းကိုယ်စီချပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်လေသည်။

"ဒီကျေးဇူးကို တစ်သက်မမေ့ပါဘူး ဆရာနင်း"

"မင်းတို့ရင်ထဲမှာ သတိရနေရင် ကျေနပ်ပါတယ်"

"ဆရာနင်းဟာ မမေ့ထိုက်တဲ့သူပါမျှ၊ ခြော်...တစ်ယောက်တည်းကိုပြောတာမဟုတ်ဘူးနော် (၂)ယောက်လုံး"

"ကျွန်မတို့ (၂)ယောက်ကို တစ်ယောက်သတိရရင် တစ်ယောက်ကိုပါတွဲပြီး သတိရပြီးသားပါ"

ကျွန်မ နှုတ်ဖျားက စကား ဘယ်ထိခရီးပေါက်သွားသလဲဆို

www.burmeseclassic.com



ဘာကို ကျွန်မကိုယ်တိုင် သတိမပြုမိလိုက်။ ပြောပြီးမှ ရုက်သလိုဖြစ်သေမယ့် ရုပ်သိမ်းချိန်မရှိ၊ နင်းလူကတော့ ဘာမှမသိသလိုနေပေးလို့တော်သေး၏။

"ဆရာနင်းတို့ ဘယ်ကိုခရီးဆက်မှာလဲ"

"မင်းတို့ (၂)ယောက်နဲ့ ချောင်းဆုံကြရင် လမ်းခွဲမယ်၊ ငါတို့က အင်တော ဘက်ကို သွားရမယ်၊မင်းတို့ရော"

"ဒီကောင်တွေ ဘယ်လိုမှလိုက်လို့မရတဲ့နေရာကိုပြေးရမှာပေါ့ ဆ ရာနင်းရေ၊ သိပ်ပြီး ပြေးစရာမလိုပါဘူး၊ ဒီနယ်မြေတွေက အရင်ကလို အမည်းရောင်နယ်မြေမှ မဟုတ်တော့တာပဲ၊ ငြိမ်းချမ်းရေးတပ်တွေဆီမှာ အမှန်တိုင်းပြောပြီး အကူအညီတောင်းရမှာပဲ"

"ကောင်းတယ် စေကူးဝါ... ခေါင်ရမ်းတို့အကြောင်းပါပြောပြလိုက်ပေါ့ကွာ"

ကျွန်မတို့လှေကလေးမှာ ချောင်းရိုးလေးပေါ်မှာ အန္တရာယ်ကင်းစွာနင့်မောင်းနင်လာခဲ့လေပြီ။

* * *

www.burmeseclassic.com

# အခန်း (၆)

အင်တောရွာကလေးမှာ တောင်ကြားအလယ်တွင် တည်ထားသော ရွာကလေးတစ်ရွာဟုဆိုရမည်။ အိမ်ခြေ (၂၀၀) လောက်ရှိပေမယ့် တစ်အိမ်နှင့်တစ်အိမ်မှာ ဝေးလံလှသည်။ လုပ်ကိုင်စားသောက်ကြသော လုပ်ငန်းများမှာ မုဆိုးလုပ်ငန်းနှင့်လက်ဖက်ခြောက်လုပ်ငန်းများဖြစ်ကြသည်။ မြို့ကို တစ်ညအိပ်ခရီးဖြင့်သွားကြပြီး ဆီဆန် ဆားနှင့်တခြားသုံးစရာတွေကိုတစ်ပတ်တစ်ခါ ထော်လာဂျီဖြင့်သွားကြသော ရွာကလေးပင်။ တစ်ချိန်က ဘိန်းခင်းတွေ ဝိုင်းရံနေပြီးသောင်းကျန်းသူများ စိုးမိုးသည့်နယ်မြေလေးတစ်ခုဖြစ်ခဲ့ပေမယ့်ယခုအခါ တောင်ယာတွေနဲ့လက်ဖက်စိုက်ခင်းတွေက နေရာယူခဲ့ကြ

www.burmeseclassic.com



ဖြစ်သည်။ စစ်တပ်ကိုယ်စားကျေးရွာပြည်သူ့စစ်တွေက နယ်မြေလုံခြုံရေးကိုတာဝန်ယူပြီးကာကွယ်ပေးနေသည်။

ကျွန်မတို့ (၂)ယောက် ရောက်နေကြသည့် နေအိမ်က ပြည်သူ့စစ်ခေါင်းဆောင်ဦးစိုင်းနောင်နောင်နေအိမ်ဆိုတာပဲ သိရပေမယ့် ကျွန်မ ဦးစိုင်းနောင်နောင်ကို ခုထိ မတွေ့ရသေးပေ။ ကျွန်မတို့ရောက်တဲ့နေ့မတိုင်ခင်ပြီးခဲ့တဲ့ညကလက်ဖက်ခြောက်တွေတက်ပို့ရင်း ရွာအတွက်ဝယ်စရာတွေဝယ်နေတာမို့ရွာမှာစောင့်နေရသည်မှာ (၂) ရက်ပင်ပြည့်ခဲ့ပြီ။

ကျွန်မ သတိထားမိတာကနင်းလှုပေါ်မှာ ရွာသူရွာသားတွေရဲ့ဆက်ဆံရေးပင်။ နင်းလှုကိုအားလုံးက လေးစားကြသလို၊ ခင်မင်ကြသည်ကိုတွေ့နေရ၏။ နင်းလှုဟာ တောင်တန်းတိုင်းရင်းသားတွေနဲ့ တစ်ချိန်က ဘယ်လို ဆက်နွှယ်ခဲ့သလဲဆိုတဲ့အမေးဟာ ကျွန်မအတွက် စိတ်ဝင်စားစရာအမေးကလေးတစ်ခုအဖြစ် ရင်ထဲကိုဝင်ရောက်လာလေသည်။

ကျွန်မတို့(၂)ယောက်အဝေးဆီမှလှမ်းပြီးတွေ့နေရသော စိမ်းညို့ညို့တောင်တန်းကြီးတွေကိုငေးကြည့်ရင်း

"နင်းလှု"

www.burmeseclassic.com



ကျွန်မသူ့ပုခုံးနားကပ်ပြီးတိုးတိုးလေးခေါ်လိုက်မိသည်၊ နင်းလူမှာမေးကလေးဆတ်ပြီးထူးလိုက်၍ဖြင့်

"ရှင့်ဘဝအကြောင်းကို ပြောပြပါလား၊ အပျင်းပြေနား ထောင်ဖို့မဟုတ်ပါဘူး၊ကျွန်မဘဝထဲမှာအသိအမှတ်ပြုထားချင်လို့ပါ"

"လွမ်းအင်ကြင်းဘဝထဲထိ ရောက်နိုင်တဲ့ဘဝမျိုးတော့ ကျုပ်ဘဝဟာ မဖြစ်နိုင်ပါဘူး"

"ဘာလို့လဲ နင်းလူ"

"ဘဝနှစ်ခုဟာတစ်ထပ်တည်းဖြစ်ဖို့ဆိုတာဟာ ချစ်သူတွေ ထက်ဘောင်ကျော်နေပြီ"

"ဟင်..."

ကျွန်မ စကားလုံးတွေက နင်းလူပြောမယ်ဆိုရင် ပြော လောက်ပါတယ်။ ကျွန်မနင့်နင်းရူက ချစ်သူတွေမဖြစ်ခဲ့ကြဘဲ ဘ တစ်ခုကို ဆွဲသွင်းတာ ကျွန်မဘက်က စကားကျွံမှုကြီးတစ်ခု...။

"ထားပါလေ...လွမ်းအင်ကြင်းသိချင်ရင်တော့ပြောပြပါမယ်"

ကျွန်မကိုနင်းလူဘက်မှအသက်ရှူပေါက်ပေးလိုက်တော်သေ ၏၊ နို့မို့ဆိုရင် ကျွန်မမှာ ပြောစရာစကားမရှိ၊

"ကျုပ်ဘဝကိုပြောပြမယ်ဆိုရင်ယမ်းငွေ့တွေ လွှမ်းခဲ့ရေ

www.burmeseclassic.com



တောင်တန်းဒေသတွေရဲ့ရက်စက်ခြင်းတွေ၊ တော်လှန်ရေးတွေကိုပါ ထည့်ပြီးပြောရမယ်။ ခံယူချက်ပြင်းထန်လှတဲ့ အစွန်းရောက် ဝါဒတွေကြောင့်၊ လူသားတွေရဲ့ဘဝများစွာဟာ အကျိုးတရားမဲ့ ဆုံးရှုံးခဲ့တဲ့ထဲမှာ ကျုပ်ရဲ့ဘဝကလေးလည်း ပါခဲ့တယ်။ ကျုပ်ဟာ စစ်ပွဲတွေကို သိပ်ပြီးမုန်းခဲ့တယ်၊ ငယ်ငယ်လေးကတည်းက လူတွေကို ကယ်တင်ချင်တဲ့ဘဝကို နှံ့မင်ခဲ့တယ်၊ ဒါပေမယ့် ကျုပ်ဆန္ဒတွေဟာ မပြည့်ခဲ့ဘူး၊ ဆေးထိုးအပ်နဲ့ လူတွေရဲ့အသက်ကိုကယ်တင်ခွင့်ရရမယ်ဆိုတဲ့ ကျုပ်ရဲ့ရည်မှန်းချက်ကြီးဟာ သေနတ်သံတွေ၊ ယမ်းငွေ့တွေကြောင့် လက်လွှတ်ခဲ့ရတယ်၊ အင်းလေ…ကျုပ်ဘဝအစကိုစပြီးပြောမှ မင်းသိမှာပါ၊ လွမ်းအင်ကြင်း…"

"ရှင်…"

"ဟိုမှာလှမ်းပြီးမြင်နေရတဲ့ စေတီဖြူလေးကိုတွေ့လား"

"အင်း…တွေ့တယ်"

"ဒီစေတီလေးနောက်ကရွာလေးဟာ ကျုပ်တို့လူ့လောကကြီးထဲမှာ ရှင်သန်ဖို့ပို့လိုက်တဲ့ ရွာကလေးလေ၊ ကျုပ်ရဲ့မွေးဇာတိချက်မြှုပ်နေရာလေးပေါ့"

***

www.burmeseclassic.com

အမေက သူနာပြုဆရာမ..နော်စောလု၊ အဖေ

တောင်တန်းဒေသ လွတ်မြောက်ရေးဝါ ဒတွေကိုကိုင်စွဲပြီး တိုက်

ဝင်နေတဲ့ခေါင်းဆောင်စောမာယ၊ ဆန့်ကျင်ဘက်မိဘနှစ်ပါးရဲ့

မှာလူဖြစ်ခဲ့ရတဲ့လူတစ်ယောက်ဆိုရင်မမှားပါဘူး..

ဖေဖေဟာသေနတ်သံတွေ၊ ယမ်းငွေ့တွေကြားထဲမှာသူ

ကောင်းတစ်ဦးဖြစ်နေတယ်လို့ယူဆနေသလိုမေမေဟာဖေဖေ

ကြောင့်သွေးစွန်းခဲ့ရတဲ့လူတွေကိုကယ်တင်နေရတဲ့အာဇာနည်

ဦး။ ဖေဖေတို့ရဲ့ယုံကြည်ချက် ခံယူချက်တွေက ဘယ်လောက်

www.burmeseclassic.com



အောင်မြင်သလဲဆိုတာတော့ မပြောတတ်ဘူး တောင်တန်းဒေသတွေမှာရှိတဲ့ကျေးရွာသူကျေးရွာသားတွေစစ်အကျဲကြောင့် အေးချမ်းစွာ နေထိုင်ရမယ်လို့ တစ်ခါမှ မရှိခဲ့ဘူး။ ဒီလို ကာလတွေအောက်မှာ စောနန်းလူဆိုတဲ့တို့ကို မွေးဖွားခဲ့တယ်..

"မာယာ"

"ဘာလဲဟ ပြော"

ကျုပ်ကိုမွေးပြီးလို့ ရက်ပေါင်း (၃၀) ပြည့်တဲ့နေ့မှာ ဖေဖေဟာမေမေ့ဆီကိုပြန်ရောက်ခဲ့တယ်၊ဒါတောင်ရိက္ခာအတွက်လာရင်းဝင်တွေ့ခဲ့တာ၊မေမေ့ရင်ခွင်ထဲက ကျုပ်ကိုဖြူသလား။ မည်းသလားဆိုတာတောင် မကြည့်နိုင်ခဲ့ဘူး...

"ရှင်ဟာ တကယ်ပဲ နလုံးသားကင်းမဲ့တဲ့လူသားတစ်ဦးဘဝ ကိုရောက်သွားပြီလား"

"မင်းပြောတဲ့စကားက သိပ်တော့မလွဲပါဘူး။ဒါပေမယ့်မှန်တော့မမှန်ဘူး။ ဘာလို့လဲဆိုတော့ ငါ့နလုံးသား..ငါ့ဘဝဟာ ငါ တော်လှန် ရေးကြီးဖြစ်နေလို့ပဲ"

"ရှင့်ဝါဒတွေ၊ရှင့်ခံယူချက်တွေကိုကျွန်မ ဘာမှ မဝေဖန်လိုဘူး မာယာ၊ ဒါပေမယ့် ရှင်ဟာ မိသားစုတစ်စုရဲ့တာဝန်အရှိဆုံးလူဆို

www.burmeseclassic.com



တာတော့ သိထားသင့်တယ်"

"အများအကျိုးအတွက် လုပ်နေတဲ့ငါ့သမိုင်းကြောင်းမှာမိ သားစုဆိုတာကို ဦးစားမပေးနိုင်ဘူး"

"သိပ်ပြီး ကြားကောင်းတဲ့စကားလုံးတွေပါပဲ မာယ၊ ရှင့် စကားတွေဟာ ရှင့်အတွက် တစ်နေ့နေ့မှာ နာကျင်စေရမယ်ဆိုတာ တော့ရှင်ယုံထားပါ"

"စောမာယဘဝမှာ နောင်တဆိုတာ ဘယ်တော့မှမရှိဘူး ရော့...မင်းသုံးဖို့ငွေ၊ ငါသွားမယ်"

"ရှင့်ငွေတွေကိုရှင်ပြန်ယူသွားပါ၊ ကျွန်မ သားလေးအတွက် ကျွန်မလက်တွေသံမဏိတွေလို မာကြောနေတယ်၊ ဘယ်တော့မှ ရှင့် ဆီကမိသားစုအတွက် အရှုံးအရေးကိုယူမှာမဟုတ်ဘူး၊ တော်လှန် ရေးစရိတ်ဟာ ရှင်ပြောသလိုပဲပေါ့၊ မိသားစုတစ်စုရဲ့ဝမ်းစာမဟုတ် ဘူး"

ဖေဖေ့ဘက်က စိတ်ဓာတ်ပြင်းသလို မေမေ့ဘက်က စိတ် ဓာတ်တွေကလည်း မာကြောလှတယ်၊ ဒီကတည်းက ဖေဖေဟာ ကျုပ်တို့သားအမိကိုကျောခိုင်းပြီးထွက်သွားခဲ့တာ၊ ကျုပ် (၅) နှစ်သား အရွယ်မှာတစ်ခေါက်ပြန်ဆုံခဲ့တယ်လေ၊ ဖေဖေနဲ့ပြန်ပြီးဆုံရတဲ့အချိန်

www.burmeseclassic.com



ဟာ တကယ့် စစ်အနိဋ္ဌာရုံတစ်ခုကို ကြုံမယ့်နေ့တစ်နေ့ပဲ..ကျုပ်က ကျောင်းစပြီးတက်တဲ့အချိန်...

"ဒေါင်...ဒေါင်...ဒေါင်..."

ရွာထဲက အချက်ပေးသံချောင်းခေါက်သံကြောင့် စာသင်ကျောင်းမှာ ရှိကြတဲ့ကျောင်းသားကျောင်းသူများကို ဆရာမတွေက ကျောင်းတံခါးတွေကို ပိတ်ပြီး ကလေးတွေကို ခုံအောက်မှာ ဝပ်နိုင်းထားတယ်..

"ခွပ်..ခွပ်..ခွပ်...ဒိုင်း...ဒိုင်း...ဒိုင်း.."

"ရွာမီးမလောင်ချင်ရင် ခုချက်ချင်း အိမ်ထဲမှာရှိတဲ့ ရိက္ခာတွေကို စုပြီးလာပုံကြစမ်း"

မြင်းပေါ်ကနေ သေနတ်ကြီးတကားကားနှင့်အမိန့်ပေးနေသော ခေါင်းဆောင်ဟာကျုပ်အဖေဆိုတာကိုကျုပ်သိလိုက်ရတာက

"မာယ..ရှင့်လုပ်ရပ်က လွန်ပြီနော်"

"စော..မင်းပါစပ်ပိတ်ပြီး နေစမ်းကွာ"

"မနေနိုင်ဘူး၊ရွာမှာ လူတွေဘယ်လောက်ဒုက္ခရောက်နေသလဲ၊ ရှင်သိလား..၊ ထမင်းတစ်နပ်စားဖို့တောင် ရုန်းကန်နေရတာ၊ ရှင်တို့မို့လို့ဒီကြားထဲက တောင်းရက်တယ်"

www.burmeseclassic.com



"တယ်... ဒီမိန်းမနဲ့တော့ကွာ၊ ငါပစ်လိုက်ရင် သေတော့မယ်"

"ရှင် သတ်ချင်ရင် သတ်လိုက်"

"ဟော့ကောင်တွေကြာတယ်ကွာ၊ဟိုအိမ်ကိုစပြီးမီးရှို့လိုက်"

"မာယ... ရှင်မလုပ်နဲ့နော်"

မေမေကမီးရှို့မည့်သူဆီကိုအပြေးသွားပြီးဆွဲသောကြောင့် မေမေကိုမီးတုတ်ကိုင်ထားတဲ့သူက ဆောင့်တွန်းလိုက်သည်၊

"ဗိုလ်မာယ..ခင်ဗျားလိုချင်တာကိုပေးမယ်၊ ရွာကို မီးမရှို့ပါနဲ့"

ကျေးရွာလူကြီး ဦးကာလူစိုင်းက ရပ်ပြီးပြောလိုက်တော့မှ မီးရှို့မည့်လူကို ဖေဖေက ရပ်ခိုင်းပြီး

"ကျုပ်က ဒီလောက်ထိလုပ်ဖို့မရှိဘူး၊ခင်ဗျားတို့က ခေါင်းမာနေလို့..ကဲ-- မြန်မြန်လုပ်တော့"

ဖေဖေရဲ့လုပ်ရပ်တွေဟာကျုပ်အတွက်အတုယူစရာ မဖြစ်ခဲ့တဲ့အပြင် ရင်ထဲမှာ နာကျင်မိခဲ့တယ်၊ ဖေဖေ့လုပ်ရပ်တွေကို ရွံ့မုန်းခဲ့တယ်၊ ကျေးရွာမှာ စောမာယရဲ့သားတစ်ယောက်ဖြစ်ခဲ့ရတာ ကျုပ်ဘဝအတွက် ကျဆုံးခြင်းတစ်ခုပဲ၊ ဒါပေမယ့် မေမေ့ကြောင့် ကျုပ်

www.burmeseclassic.com



ဝက်ယူစရာဖြစ်ခဲ့ရပါတယ်၊ မေမေရဲ့လုပ်ရပ်တွေကျတော့ လူသား တွေပေါ်မှာ လှလှချင်း စာနာမှုအပြည့်နှင့်ကယ်တင်ခဲ့တဲ့ မေမေ့ လက်ချောင်းတွေဟာ ကျုပ်ဘဝရဲ့အမြင့်မြတ်ဆုံးလက်တစ်စုံ ဖြစ်ခဲ့ ရပါတယ်၊ အဲဒီနေ့ကလေးဟာ ကျုပ်နှလုံးသားထဲက ဖေဖေထွက်ခွာ သွားတဲ့နေ့ကလေးပါ...။

ကျုပ်တို့သားအမိ နေထိုင်တဲ့ရွာကလေးဟာ ဖေဖေတို့ လက်နက်ကိုင်အဖွဲ့တွေစိုးမိုးပြီးခြောက်ခြင်းကတော့ ကင်းဝေးခဲ့ပေ မယ့် မထင်မှတ်ရင် မထင်မှတ်သလို ဒုက္ခပေးမှုတွေကတော့ ရှိနေ တတ်ဆဲ...ရဆိုရွာမှာ မူလတန်းကျောင်းကနေ အလယ်တန်းကျောင်း ကြီးထိ ဖွင့်လှစ်နိုင်ခဲ့ပြီး၊ မေမေ့အတွက် ကျေးလက်ဆေးခန်းကြီး တစ်ခုကိုလည်းတည်ဆောက်နိုင်ခဲ့တယ်၊ကျုပ်က ငယ်ငယ်ကတည်း က စာတော်တာမို့ မေမေက ဆရာဝန်ကြီးဖြစ်အောင် ကြိုးစားရမယ် ဆိုတဲ့ စကားတွေဟာ ကျုပ်ခေါင်းထဲမှာ သံမှိုနဲ့ရိုက်စွဲထားသလိုပါပဲ၊ ကျုပ် (၈)တန်းနှစ်ကိုရောက်တော့ နှစ်ပေါင်းများစွာကင်းကွာနေခဲ့တဲ့ ဖေဖေ့ဆီက ဆက်သွယ်မှု ရခဲ့တယ်၊ ကျုပ်တို့သားအမိကို ဖေဖေက တွေ့ချင်လို့တဲ့

"သား...မင်းဖေဖေကို တွေ့ချင်လား"

www.burmeseclassic.com



"ဟင့်အင်း…မတွေ့ချင်ဘူး"

ကျုပ်အရွယ်မရောက်ခင်ကတည်းက တာဝန်ကင်းမဲ့ခဲ့တဲ့ ဖခင်ပေါ်မှာ ကျုပ် သံယောဇဉ်မဲ့ခဲ့တဲ့ထဲမှာ ဖေဖေဟာ အပြစ်မဲ့တဲ့လူတွေကို သတ်ဖြတ်နေမှုဟာ ကျုပ်ခံစားရဆုံး ခံပြင်းမှုတစ်ခုပါ၊ ကျုပ်စကားကြောင့်မေမေက ကျုပ်မျက်နှာလေး တစ်ချက်ကြည့်ပြီး

"ဘာလို့မတွေ့ချင်ရတာလဲ သား"

"လူသတ်သမားရဲ့သားအဖြစ်နဲ့ မတွေ့ချင်လို့"

"မေမေကတော့ သားကို မတွေ့ရဘူးလို့ မတားဘူး၊ သားတွေ့ချင်ရင် သွားပြီးတွေ့လိုက်၊ မင်း ဖခင်ဆိုတာကို မင်းဘဝမှာ မှတ်မှတ်ရရတွေ ထားဘူးတာပေါ့ကွယ်"

"သား…ဖေဖေ့ကို မုန်းတယ်"

"မမုန်းနဲ့သား။ သူရေးတဲ့သမိုင်းကြောင်းက မေမေတို့နဲ့ မပတ်သက်ဘူးဆိုပေမယ့် ရိုက်ခတ်နေရမှာပဲ၊ ဒါတွေကို မေမေတို့ဘက်က ခံနိုင်ရည်ရှိဖို့ရယ်၊ ဒီအတွက် ပြန်ပြီးပေးဆပ်ရမယ်"

"ပေးဆပ်ရမယ် ဟုတ်လား"

"ဟုတ်တယ်သား…ငါ့သားလေး ဆရာဝန်ကြီးဖြစ်အောင် လုပ်ပြီးရင် တောင်တန်းဒေသက လူသားတွေကို ကယ်တင်ရမယ်"

www.burmeseclassic.com



"သား...ကယ်တင်မှာပါ"

ဖခင်ဖြစ်သူရဲ့ မိုက်မဲလှတဲ့ အစွန်းရောက်ဝါဒတွေကြောင့် ကျုပ်တို့သားအမိဟာ သိမ်ငယ်သလို ခံစားခဲ့ရတယ်၊ ကျောင်းမှာဆို ကျုပ်ကို လူသတ်သမား၊ သူပုန်ဗိုလ်ရဲ့သားဆိုပြီးမပေါင်းချင်သူတွေ တရှိသေးတယ်၊ ဒါတွေကို ကျုပ်ဖေဖေက သိမှာမဟုတ်ဘူး၊ သူသိနေ တာ သူ့လက်ထဲက သေနတ်နဲ့ သူ့ဝါဒတွေမဲ၊ ကျုပ်ခေါင်းထဲမှာ ဒီ အကြောင်းတွေကို ဖေဖေသိအောင် ပြောချင်စိတ်တွေပေါ်လာပြီး

"မေမေ...သားဖေဖေ့ကိုတွေ့မယ်"

"သား...အင်း...ငါ့သားတွေ့ချင်ရင် မေမေလိုက်ပို့ပေးမယ်"

ကျုပ်အဖေကို တွေ့ချင်တာ ကျုပ်ရဲ့ပေါက်ကွဲမှုစကားလုံး တွေအတွက် တွေ့ချင်တာ။

ကျုပ်တို့သားအမိ နှစ်ယောက် ရွာကနေ မှောင်စပျိုးသည် နှင့် ထွက်သွားပြီး နောက်ဘက်ချောင်းရိုးကိုရောက်တော့ ဖေဖေ့ တပည့် တစ်ယောက်က လှေတစ်စင်းဖြင့်လာပြီးကြိုတယ်၊ နှစ်နာရီ လောက်ကြာတော့မှ ဖေဖေ တပ်စွဲထားတဲ့နေရာကိုရောက်ခဲ့ကြ တယ်၊ ဖေဖေကတော့ သူ့ရဲ့တော်လှန်ရေးကြီးကို ခုထိ လက်မလျှော့ ချင်သေးပေ....။

www.burmeseclassic.com



"ဗိုလ်ကြီး.. ဇနီးနဲ့ သားပါလာပြီ.."

ဖေဖေ့တပည့်အသံကြောင့် ဖေဖေ သူနေထိုင်တဲ့တဲထဲမှ ထွက်ပြီး

"စော..လာကွာ.. ငါ့သားလေးတောင် အတော့်ကိုကြီးနေပြီပဲ"

ဖေဖေက ကျုပ်ပခုံးကိုဆုပ်ကိုင်ပြီးတဲရှေ့က ဝါးကွပ်ပျစ်ပေါ်မှာ အတူတူထိုင်ကြတယ်။

"ရှင်တွေ့ချင်တယ်ဆိုတာ ဘာကိစ္စလဲ"

"မင်းတို့ သားအမိကို ငါနဲ့အတူနေစေချင်လို့"

"ဘာရှင့်..."

"ဟာ... ကျုပ် ဒီမှာ မနေနိုင်ဘူး"

"မနေလို့မရဘူး စော... ငါ့တပ်မှာ မင်းလို သူနာပြုဆရာမ တစ်ယောက်က သိပ်ပြီးလိုအပ်နေတယ်"

"မာယ...ကျွန်မဟာ ဘယ်လူနာမဆို ဆေးကုသပေးရမှာကို ဝန်မလေးဘူး၊ ဒါပေမယ့် ဟောဒီက ကျွန်မသားလေးရဲ့အနာဂတ်အတွက် ကျွန်မ ရှင့်ဆီမှာ မနေနိုင်ဘူး"

"ကျုပ်လည်းမနေနိုင်ဘူး၊ ကျုပ်ပညာတွေအများကြီး သင်

www.burmeseclassic.com



ဦးမယ်"

"ဟာကောင်...မင်းပညာတွေက ဘယ်မှာသုံးစားလို့ရမှာလဲ ကွာ၊ဒီမှာက မင်းကိုငွေတွေအများကြီး ရှာပေးနိုင်တဲ့သေနတ်တွေ ရှိ တယ်၊ ငါ့နေရာကိုမင်းဆက်ပြီး နေရာယူရမှာလေ"

"ကျုပ်က သေနတ်ကိုမချစ်ဘူး၊ ဆေးထိုးအပ်ပဲချစ်တယ်"

"မင်းအမေရိက်သွင်းထားတာတွေကိုမင်းက စွဲနေတာကိုး၊ ဆေးထိုးတယ်ဆိုတာ ခပ်ညံ့ညံ့သတ္တိကွ၊ လူကိုဓားနဲ့ထိုးရမှ အရသာ ရှိတာကွ...ဟား...ဟား...ဟား..."

"မာယာ...ရှင် ကျွန်မတို့သားအမိကို ခုချက်ချင်းပြန်ပို့ပါ"

"ပို့လို့မဖြစ်ဘူး"

"ရှင် မပို့ရင် ကျွန်မတို့ဘာသာသာပြန်မယ်၊ သား..."

"ချောက်..."

"ဟင်..."

"ရှင်က သေနတ်လက်ထဲမှာရှိတိုင်း ရှင်လုပ်ချင်တိုင်းလုပ် လို့ရမယ်လို့ထင်ထားတာကိုး၊ သတ်လိုက်၊ ရှင့်ဆီမှာ ကျွန်မ မနေနိုင် ဘူး"

ကျုပ်ရဲ့ဆုံးဖြတ်ချက်များ ခွဲသွားပြီး၊ ကျုပ်သာ ဖေဖေကို ဝေ့

www.burmeseclassic.com



ဖို့မပြောခဲ့ရင် ခုလို အဖြစ်မျိုးနဲ့ကြုံရမှာမဟုတ်ဘူး

"ကျုပ်တို့သားအမိကို ပြန်ပို့ပေးပါ"

"ငါ့သားရယ်..ဘာလို့ဖေဖေ့လိုစိတ်ဓာတ်မျိုးမရှိတာလဲ"

"ဖေဖေ့စိတ်ဓာတ်ကိုမုန်းတယ်... ရွံတယ်.."

"ဘာ ဇွ..ကဲကွာ"

"ဖြောင်း...အား.."

"မာယ..ရှင်..ရှင်.."

ကျုပ်ပါးပြင်ပေါ်မှာ ပူထူသွားပြီးကျုပ်ပါးစပ်ထဲမှ သွေးစတွေ ထွက်ခဲ့ပေမယ့်ကျုပ် မျက်နှာမပျက်ခဲ့ဘူး။

"လူစိတ်မရှိတဲ့၊ တာဝန်ကင်းမဲ့တဲ့ဖခင်၊ သားဘဝကို ဖျက်ဆီးဖို့လုပ်နေတဲ့ဖခင်၊ရှင့်ကို သားဘဝထဲမှာ ဖခင်တစ်ယောက်လို့အသိအမှတ်ပြုခိုင်းခဲ့တာ၊ကျွန်မရဲ့အမှားပဲ..သားလေး..."

"မေမေ...သားဘာမှ မဖြစ်ပါဘူး"

"နောက်တစ်ခါ ငါ့ကိုဆန့်ကျင်တဲ့စကားကိုပြောရင် သတ်ကိုပစ်မယ်မှတ်၊ ဟေ့ကောင်တွေ ဒီသားအမိကို ဖမ်းချုပ်ထားလိုက် နောင်ကျဉ်အောင် ထားရမယ်၊ ဘာထမင်းမှ မကျွေးနဲ့၊ ရေပါ မတိုက်နဲ့ကွာ.."

www.burmeseclassic.com



ဖခင်တစ်ယောက်နဲ့မတူတော့ဘဲ မိစ္ဆာဘီလူးတစ်ကောင်ရဲ့ ရက်စက်မှုအောက်ကိုရောက်နေခဲ့သလို၊ ကျုပ်တို့ သားအမိနှစ်ယောက်ကိုသစ်သားတိုင်ပေါ့နဲ့ဆောက်ထားတဲ့အချုပ်ထဲမှာ ထည့်ထားခဲ့ကြတယ်၊ (၂)ရက်မြောက်တော့ကျုပ်သိပ်ပြီးဆာလာခဲ့တယ်"

"သား...သားလေး.."

"မေမေ...သား..ရေ...ရေဆာတယ်"

မေမေ ကျုပ်ကို ပွေ့ဖက်ပြီး မျက်ရည်တွေကျလျက်.. သူ့လက်ထိပ်ကိုကိုက်ပြီးစီးကျလာတဲ့သွေးစနဲ့ကျုပ် နှုတ်ခမ်းလေးတွေကိုစွတ်ပေးတယ်"

"ဆ..ဆရာမ"

"ဟင်...နင်ဘယ်သူလဲ"

"ရှူး..."

ကျုပ်တို့သားအမိကိုချုပထားတဲ့အချုပ်ခန်းနားကို လူ တစ်ယောက်ရောက် လာပြီးရေဘူးလေးကိုပေးတယ်

"သောက်ပြီးတာနဲ့ ဖွက်ထားလိုက် ဆရာမ.. မနက်ဖြန်ညကျရင် ဆရာမတို့ကို ကယ်ထုတ်မယ်"

"အေး..အေး.."

www.burmeseclassic.com



ဘယ် ဘူဘာယ်ဝါဆိုတာကိုမသိရပေမယ့်ကျုပ်တို့သားအမိ
အတွက် ကျေးဇူးရှင်တစ်ဦးပေါ်လာခဲ့တာပဲ..။

"သားလေး..သောက်လိုက်"

"မေမေလည်းသောက်လေ"

"သားသောက်ပြီးမှ မေမေသောက်မယ်"

ကျုပ်တို့ သားအမိနှစ်ယောက် ရေဘူးထဲကရေကို ခွဲတာ
စွာသောက်ပြီး ရေဘူးကိုဖွက်ထားရင်း ဖခင်ဖြစ်သူရဲ့ရက်စက်မှုကြ
ကို ကျုပ်ဘဝမှာ အကြီးမားဆုံး ကမ္ပည်းထိုးခဲ့မိသည်။ ဖေဖေ ဟာ
ရန်သူတော်ကြီး မဖြစ်ကောင်းပေမယ့် အမုန်းဆုံးဖခင်တစ်ဦးတော့
ဖြစ်ခဲ့ရတယ်၊ ကျုပ်တို့သားအမိနှစ်ယောက်ဆီကို တစ်ချက်လေးမ
လှည့်မကြည့်ခဲ့သော ဖခင်..။

"ဆရာမ...ဆရာမ.."

"ဟင်.."

ကျုပ်...မေမေပေါင်ပေါ်မှာ မှေးခနဲအိပ်ပျော်စပင်ရှိသေး
တယ်၊ ခေါ်သံကြောင့် မျက်လုံးလေးကို ဖွင့်လိုက်ရသည်။

"ရှောက်..."

"ဆရာမ...ထွက်ခဲ့တော့"

www.burmeseclassic.com



"အင်း..."

ကျုပ်တို့ကို (၃)ရက်ကြာအောင် ပိတ်ထားသော အချုပ်ခန်းပေါက်ကြီး ပွင့်သွားပြီး အမည်မသိတဲ့လူရဲ့ခေါ်ရာနောက်ကို လိုက်ခဲ့ကြသည်။ ဖေဖေတို့စခန်းထဲမှာ လူက သိပ်ပြီးမတွေ့ရ၊ ရှိနေတဲ့သူတွေက မူးရူးပြီး ဘာကိုမှ ဂရုမပြုကြပေ။ စခန်းရဲ့အနောက်ဘက်အပေါက်ကနေထွက်သည်နှင့် ချောင်းရိုးလေးတစ်ခုဆီကို ရောက်ခဲ့ပြန်သည်။

"ဆရာမတို့ကိုချောင်းဆုံထိ ပို့ပေးမယ်နော်"

"ရပါတယ်ကွယ်...မင်းကဘယ်သူလဲ"

"ကျွန်တော့်နာမည် စောအာနူးပါ"

"သြော်...အေး....သိပြီ..သိပြီ မင်းဇနီးက နော်ထူး မဟုတ်လား"

"ဟုတ်ပါတယ် ဆရာမကယ်ခဲ့လို့ ကျွန်တော့်မိန်းမရော ကလေးပါ ခုထိ အသက်ရှင်နေရတာပါ"

"မင်းက သူတို့အဖွဲ့ထဲရောက်နေတာလား"

"ဗိုလ်မာဃက အတင်းခြိမ်းခြောက်ပြီး ဝင်ခိုင်းလို့ရောက်နေရတာပါ၊ ဒီနေ့ ကျွန်တော်လည်းထွက်ပြေးမယ့်နေ့ပါ၊ ရွာမှာတော့

www.burmeseclassic.com



ဆက်ပြီးနေလို့ရမှာမဟုတ်ဘူး၊ ဇနီးနဲ့သမီးကိုခေါ်ပြီးမြို့ဘက်ကိုပြေ
တော့မှာပါ"

"ကောင်းတာပေါ့ကွယ်"

"ဒိုင်း...ဒိုင်း...ဒိုင်း..."

"မလွတ်စေနဲ့ လိုက်ကြစမ်း"

"ဟင်.."

"ဟာ..."

ချောင်းကမ်းတစ်ဖက်မှ သေနတ်သံတွေပေါ်ထွက်လာ
ကျုပ်တို့လှေကိုပစ်ခတ်နေသည်။

"ဆရာမ တစ်ဖက်ကမ်းကိုတက်မှဖြစ်မယ်"

"မင်းကောင်းသလိုပေါ့ကွယ်"

စောအာနူး...လှေကိုတစ်ဖက်ကမ်းဆီသို့အမြန်ဆုံးလှော်
ခတ်ပြီး တက်ခဲ့ရတယ်၊ နောက်မှ လှေတွေကလည်း လိုက်လာ
ကြတယ်။

"ဆရာမ...ရှေ့ကပြေး...ပြေးနင့်..."

"မင်းပါ လိုက်ခဲ့လေ"

"ရတယ် ဆရာမ"

www.burmeseclassic.com



"စောအာနူး...ငါတို့သေအတူ ရှင်တူပဲ"

"ကျွန်တော်သေသွားရင် ဘာမှမဖြစ်ပါဘူး၊ ဆရာမ တစ်ခု ဖြစ်သွားရင် လူများစွာအသက်ကို မကယ်နိုင်မှာစိုးလို့ပါ၊ သွားပါ ဆရာမ.."

စောအာနူး ကျုပ်တို့သားအမိကိုအတင်းပြေးခိုင်းပြီး သူက နောက်မှကျန်နေကာ ပစ်ခတ်ပေးနေသည်။

"ဒိုင်း...အား.."

"ဟင်...ဟာ..."

စောအာနူးတစ်ယောက် ဖေဖေ့တပည့်တွေရဲ့လက်ချက် ကြောင့်လဲကျသွားသည်ကိုတွေ့ရပေမယ့် ကျုပ်တို့သားအမိ ပြန်ပြီး ဘယ်ခွင့်မရလိုက်ကြတော့ပါ..

"သားလေး..."

"မေမေ..."

"သား...အားမလျှော့နဲ့နော်.. သူတို့လက်ထဲကို ဘယ်လိုမှ ရောက်သွားလို့မဖြစ်ဘူး"

"ဟုတ်...ဟုတ်ကဲ့"

ကျုပ်ခန္ဓာကိုယ်တစ်ခုလုံး အင်အားတွေကပြတ်သလိုဖြစ်

www.burmeseclassic.com



နေပေမယ့် မေမေရဲ့အားပေးတဲ့စကားတွေကြောင့် စိတ်ကို တင်းပြ
မေမေ့လက်ကိုဆုပ်လျှက်ပြေးခဲ့ကြတယ်…

"ဒိုင်း…ဒိုင်း…ဒိုင်း…"

"ဟင်…"

သေနတ်သံတွေက…ကျုပ်တို့သားအမိဆီကို မဟုတ
နောက်မှလိုက်ခဲ့ကြတဲ့လက်နက်ကိုင်တွေဆီကိုရောက်သွားပြီးသေ
သူကသေ၊ ပြေးသူကပြေးကုန်ကြသည်။ ကျုပ်တို့ သားအမိ နှ
ယောက်ကတော့ သစ်ပင်ကြီးတစ်ပင်ခြေရင်းမှာ မေမေက ကျုပ်
ဖက်ပြီး ဝပ်နေခဲ့တယ်။ ခါတ်မီးရောင်တွေ ကျုပ်တို့ကိုထိုးတော့မှ

"ဘာမှမဖြစ်ကြဘူးနော်"

"ဟုတ်…ဟုတ်ကဲ့…ကျေးဇူးပါပဲရှင်…"

"အေးဗျာ… ကျုပ်တို့က သစ်တောကြိုးဝိုင်းကပါ၊ တော
ကိုကင်းလှည့်လာရင်းနဲ့ ခုလိုကြုံကြိုက်သွားတာပါ"

မေမေကသူဘယ်သူဘယ်ဝါဆိုတာကို ပြောပြ
သစ်တောအရာရှိကြီးနဲ့အတူလိုက်လာခဲ့ကြတယ်…နောက်နေ့မန
မှ ကျုပ်တို့သားအမိကို ရွာပြန်ပြီးပို့ပေးခဲ့ကြတယ်၊ ဒါပေမယ့် ရွာ
ကျုပ်တို့သားအမိကို သံသယတွေနဲ့လက်မခံချင်ကြတော့ဘူး ရွ

www.burmeseclassic.com



လူကြီးကို မလွန်ဆန်ရဲလို့သာ ဘယ်သူမှ ဘာမှမပြောကြ ပေမယ့် သူတို့စိတ်ထဲမှာတော့ ရွာမှာမနေစေချင်တော့ဘူး၊

"စော..နင်တို့ စိတ်ထဲမှာဘာမှ မထားပါနဲ့ဟာ၊ တစ်နေ့ကျရင် ရွာက နားလည်သွားမှာပါ၊ နင့်စိတ်ဓာတ် ဘယ်လိုဆိုတာ ငါသိတယ်စော.."

"ကျွန်မ ခုလို ဆုံးဖြတ်ချက်ချရတာဟာ ကျွန်မအတွက် မဟုတ်ပါဘူး၊ ကျွန်မသားလေးရဲ့အနာဂတ်အတွက်ပါ၊ သားလေး ဒီမှာဆက်ပြီးနေရင် သူ့ဘဝဟာ အပယ်ခံဘဝကိုရောက်သွားမှာပါ၊ ဒါဟာ သားလေးရဲ့စိတ်ဓာတ်တွေကို ရိုက်ချိုးပစ်လိုက်သလို ကျွန်မ အဖြစ်မခံနိုင်ပါဘူး၊ သားဘဝအတွက် ကျွန်မ အကောင်းဆုံး နေရာကိုရွေးချယ်ရတော့မှာပါ"

ရွာသူကြီးဟာ မေမေ့စိတ်ဓာတ်ကို အသိဆုံးမို့ဘာမှ ဆက်ပြီးမပြောတော့ဘဲ ရွာကနေထွက်ခွာခွင့်ပြုခဲ့ကြတယ်၊ ကျုပ်တို့ သားအမိနှစ်ယောက်အတွက် ဘဝသစ်၊ နေရာတစ်ခု ဆီကို စတင်ပြီး အခြေချတဲ့ရက်စွဲအစပေါ့၊

"သားလေး.."

"ဗျာ..မေမေ.."

www.burmeseclassic.com



"မင်းရွာကို စိတ်နာနေလား"

"သားစိတ်နာတာ ရွာကိုမဟုတ်ဘူး၊ ဖေဖေ့ကို"

"သားရယ် ဘယ်သူ့ကိုမှ စိတ်မနာရဘူး၊ သားဘဝ အတွက် အကောင်းဆုံးဖြစ်အောင်ပဲ ရပ်တည်ရမယ်"

"ဟုတ်ကဲ့"

"မေမေ့လိုပဲ တောင်တန်းဒေသမှာရှိကြတဲ့ တိုင်းရင်းသားတွေကို သားလက်နဲ့ ကယ်တင်နိုင်ရမယ်"

"သားကယ်တင်ပါ့မယ်လို့ မေမေ့ကို ကတိပေးပါတယ်"

မေမေဟာ ကျုပ်လက်ကလေးကို ဆုပ်ကိုင်ပြီး အားအရှိဆုံး အပြုံးလေးနင့်ပြုံးလိုက်သည်၊

"ဝူး...ကျွိ..."

"မေ...မေ..."

ကျုပ်ကိုမေမေက တွန်းလိုက်လို့ ကားနင့်မထိခိုက်ခဲ့ပေမယ့် မေမေကတော့ ကားနင့်ပွတ်မိပြီး ဘေးသို့လဲကျသွားသည်၊

"မေမေ...ကို...ကယ်...ပါ...ဦး..."

"မောင်ချို...ဆေးရုံပို့ဖို့ အမြန်လုပ်စမ်း"

"ဟုတ်...ဟုတ်ကဲ့"

www.burmeseclassic.com



ကားပေါ်မှလူကြီးတစ်ဦးကမေမေ့ကိုပွေ့ပြီးကားပေါ်တင်သလို

"လူလေးလာကွယ်"

ကျုပ်ကိုလည်းလက်ဆွဲပြီးကားပေါ်တင်ခဲ့ကြတယ်။ ဆေးရုံရောက်တော့ကျုပ်ရင်မှာမေမေတစ်ခုခုဖြစ်ရင်ကျုပ်ဘဝဟာချောက်ကမ်းပါးကြီးတစ်ခုထဲကို ပြုတ်ကျသွားတဲ့သူတစ်ဦးဖြစ်မှာသေချာတယ်။

"လူလေး"

"ဗျာ.."

လူကြီးမျက်နှာကိုကျုပ်အနီးကပ်ကြည့်မှတစ်နေရာရာမှာတွေ့ဖူးသလို ရှိနေပေမယ့် သိပ်ပြီးမမှတ်မိ။

"မင်းမေမေဘာမှမဖြစ်ပါဘူးကွယ်..ခြေထောက်မှာအဆစ်ကလေးလွဲတာပါ"

"မေမေ့ကိုတွေ့လို့ရမလားဦး"

"တွေ့ရမှာပေါ့ကွယ်..ဟိုမှာလာနေပြီ"

မေမေ့ကိုသူနာပြုဆရာမတစ်ဦးက တွဲပြီးခေါ်လာတဲ့ဆီကိုကျုပ်အပြေးကလေးပဲ သွားမိလိုက်တယ်

www.burmeseclassic.com



"မေမေ..."

"သားလေး..."

ကျုပ်ရဲ့အနာဂတ်မေမေဟာကျုပ်အတွက် အသက်ရှင်နေပေးရဦးမယ်။

"သား...အန်ကယ်မမှတ်မိဘူးလား"

"တွေ့ဘူးသလိုပဲမေမေ"

"မေမေတို့ကိုတောထဲမှာကယ်ခဲ့တဲ့အန်ကယ်လေ"

"ဪ..."

ကျုပ်တို့သားအမိနှစ်ယောက်နားကိုသစ်တောအရာရှိကြီး ရောက်လာပြီး

"ဘယ်ကိုသွားကြမလို့လဲ"

"ကျွန်မမိတ်ဆွေတစ်ဦးဆီကိုပါ"

"ရွာမှာမနေကြတော့ဘူးလား"

မေမေက ဘယ်တော့မှ လိမ်ညာတတ်သူမဟုတ်တာမို့ ကျုပ်တို့ဘဝအဖြစ်အပျက်တွေကိုပြောပြလိုက်တယ်။

"ဖြစ်မှဖြစ်ရလေဗျာ၊ အင်း...လူတွေက ခက်တာပဲဗျာ၊ ကဲ-ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

www.burmeseclassic.com



ကျုပ်နဲ့မေမေကို မေမေ့မိတ်ဆွေဆီကို လိုက်ပို့ပေးပေမယ့် မေမေ့မိတ်ဆွေက တခြားနယ်ကိုပြောင်းရွှေ့သွားပြီဖြစ်တာမို့ သားအမိနှစ်ယောက် နေစရာမဲ့ခဲ့ကြရပြန်သည်။ ကံဆိုးခြင်းကြားထဲက ကံကောင်းခြင်းလက်ဆောင်လေးကို လေ့တိတိုက်မိသလိုပါပဲ။

သစ်တောအရာရှိကြီးကပဲ ကျုပ်တို့သားအမိ (၂) ယောက်ရဲ့ဘဝလေးကို ကယ်တင်ပေးခဲ့တယ်။ နေဖို့စားဖို့တင်မကဘူး၊ မေမေ့ကို သစ်တောရုံး ဆေးခန်းလေးမှာပင် အလုပ်ဝင်ရအောင် လုပ်ပေးခဲ့လို့ကျုပ်ဘဝ ရှေ့ဆက်ပြီး ခရီးဖောက်နိုင်ခဲ့တာပါ။

ကျုပ်တို့သားအမိကိုကယ်တင်ခဲ့တဲ့ သစ်တောအရာရှိကြီးရဲ့သတင်းကို ကြေကွဲစွာကြားလိုက်ရပါတယ်။ လူတစ်စုက လုပ်ကြံသတ်ဖြတ်သွားတယ်တဲ့၊ ဒီအကြောင်းတွေကိုကျုပ်ဆေးတက္ကသိုလ်တင်ပြီးတက်တဲ့ နှစ်ကျမှ မေမေပြန်ပြောပြလို့ သိခဲ့ရတာ၊ ကျုပ်ရင်ထဲမှာ အရမ်းကိုခံစားခဲ့ရတယ်၊ ကျုပ် ဆေးကျောင်းနောက်ဆုံးနှစ်ကိုရောက်တော့ ကံကြမ္မာဆိုးတစ်ခုက ဝင်လာခဲ့တယ်၊ ကျုပ်ကျောင်းပိတ်ရက် မေမေရှိတဲ့ သစ်တောကြိုးဝိုင်းလေးဆီကိုပြန်ရောက်တဲ့နေ့ပေါ့၊ ရွာတစ်ရွာက ကိုယ်ဝန်ဆောင်မိခင်တစ်ဦးကလေးမမွေးနိုင်တာနဲ့ မေမေ့ကိုလာပြီး ပင့်တာကို မေမေနဲ့ ကျုပ် လိုက်သွားခဲ့တယ်၊

www.burmeseclassic.com



မေမေက မီးမဖွားနိုင်တဲ့ အမျိုးသမီးကို ကြိုးစားပြီး မီးဖွားဖို့ပြင်ချိန်မှာ ရွာထဲကို လူဆိုး လူမိုက် (၃)ယောက်ရောက်လာပြီး ကိုယ်ဝန်ဆောင် အမျိုးသမီး ခင်ပွန်းဆီက အကြွေးလာပြီးတောင်းကြတယ်..

"ကိုတိုးရယ်.. ကျုပ် မနက်ဖြန်ကျရင်ရအောင်ရှာပြီးဆပ်ပါ့ မယ်ဗျာ.. ခု မိန်းမကသိပ်ကိုအရေးကြီးနေလို့ပါ"

"မင်းမိန်းမ ဘာဖြစ်တာ ညာဖြစ်တာ ငါမသိဘူး၊ ငါသိတာ ငါ့ဆီက ချေးထားတဲ့ငွေပဲလိုချင်တယ်"

"ကျုပ် ရှိရိုးဆို ထိုင်ပြီး ရှိခိုးပါ့မယ်၊ ခုပေးစရာ တစ်ပြားမှ မရှိလို့ပါ"

"ဒီလိုပြောလို့ရမလားကွ၊ အိမ်ပေါ်က ရှိတာဆွဲချကွာ"

တကယ်ပင် လူစိတ်ကင်းမဲ့ကြတဲ့သူတွေကို မြင်ရသဖြင့် ကျုပ်အသားတွေ ဆတ်ဆတ်တုန်သွားတယ်၊ မျက်လုံးတွေထဲမှာ ပြာဝေသွားတယ်၊ ဒါဟာ ကျုပ်ဘဝကိုပြောင်းလဲဖို့ဖြစ်လာခဲ့တဲ့နေ့ပဲ အိမ်ပေါ်ကိုပြေးပြီးတက်လာတဲ့သူကို ကျုပ် ရင်ဝကိုဆောင့်ကန်ချ လိုက်ပြီး အိမ်ပေါက်ဝမှာထောင်ထားတဲ့ ဝါးဆစ်ပိုင်းနဲ့ ရိုက်ချမိ လိုက် တယ်..

"သား.."

www.burmeseclassic.com



မေမေ ကျုပ်ကိုလှမ်းပြီးခေါ်ချိန်ဟာ နောက်ကျသွားခဲ့ပါပြီ၊ ကျုပ်လက်ထဲက ဝါးဆစ်ပိုင်းမှာ သွေးတွေက စွန်းထင်သွားပြီလေ။

"သား..လေး..ရယ်"

"သားမှားသွားပြီ မေမေ"

"ငါ့သားလေးမမှားပါဘူးကွယ်၊ ကံကြမ္မာ ကအမှားတစ်ခုကို ထောင်ချောက်ဆင်လိုက်တာပါ၊ သားလုပ်ရပ်ဟာ မှန်ပါတယ်၊ ထောင်အိမ်ပေါ်တက်လာရင် အိမ်ထဲက ကလေးနဲ့ မိခင်ပါ ဆုံးပါးသွားနိုင်တယ်သား"

ကျုပ်ဟာ မေမေ သိပ်ပြီးဖြစ်စေချင်တဲ့ ဆရာဝန်ဘဝကို ဆောက်လာမှ ပျက်စီးသွားခဲ့ရတယ်၊ ကျုပ် လူမိုက်တစ်ယောက်ကို သတ်မှုနဲ့ ထောင် (၅)နှစ်ကျသွားခဲ့ပြီးနောက် မေမေဟာ သာသနာ့ဘောင်ကိုအပြီးဝင်သွားခဲ့တယ်၊ ကျုပ်ထောင်က ပြန်ထွက်လာပြီး သူငယ်ချင်းအကူအညီနဲ့ ဆေးကျောင်းကို အသနားခံစာတင်ခဲ့တယ်၊ ဆရာဝန်လက်မှတ်မရတော့ပေမယ့်ဆေးကုသခွင့်ရတဲ့ဆေးလက်မှတ်ကိုရခဲ့ပြီး တောင်တန်းဒေသတွေမှာ ဆေးထိုးဆရာအဖြစ် နဲ့ကျင်လည်ခဲ့တာပါ၊ ကျုပ်ဘဝက ဒါပါပဲ လွမ်းအင်ကြင်း...

ကျွန်မရင်ထဲမှာ နင်းလူအတွက် နမြောနေမိခဲ့သည်။ သူ့ဘဝ

www.burmeseclassic.com



ကို အန္တရာယ်တွေ၊ အခက်အခဲတွေကြားကနေ ကြိုးစားခဲ့ သမျှတွေ ဟာနောက်ဆုံးရှိန်မှာ သဲထဲရေသွန်သလိုဖြစ်ခဲ့ရတယ်။

"ရှင့်မေမေက ခုထိ ရှိတုန်းပေါ့"

"ရှိတယ်လေ…တစ်နှစ်ကိုတစ်ခေါက်လောက်တော့ရောက်တယ်"

"ရှင့်ဖေဖေနဲ့ရော တွေ့သေးလား"

"သူမသေခင်နောက်ဆုံးတစ်နေ့မှာ ဆုံခဲ့ကြရပါတယ်"

"ဟင်…သူမသေခင် ဟုတ်လား"

"ကျုပ်ရွာတစ်ရွာမှာလူနာတစ်ယောက်ကိုဆေးကုနေတုန်း ကျုပ်ကို အိုပုန်အဖွဲ့က ဖမ်းပြီးခေါ်သွားကြတယ်၊ သူတို့ခေါင်းဆောင်ကို ဆေးကုပေးတဲ့၊ ကျုပ်ကိုပြန်ပြီး ပို့ပေးမယ်ဆိုတဲ့ ကတိကိုတော့ ပေးတယ်၊ ဒါပေမယ့် သူတို့ကတိကို ကျုပ်က မယုံခဲ့ပါဘူး၊ ကျုပ် အလုပ်က ဘယ်လူနာမဆို ဆေးကုပေးရမှာပဲ၊ ဒါကြောင့် သူတို့နဲ့ လိုက်သွားခဲ့တယ်၊ သူတို့စခန်းကိုရောက်မှ ကျုပ်ဖေဖေမှန်းသိလိုက်ရတာ၊ ရောဂါကကျွမ်းနေပါပြီ၊ သူ့ရဲ့မှိုက်မဲစွာ ကျော်ဖြတ်ခဲ့တဲ့ဒဏ်ရာ ဒဏ်ချက်တွေကြောင့်သူ့ဘဝနောက်ဆုံးရှိန်ကို ပို့လိုက်ကြပါပြီ"

"နှင်းလှကို သူက မမှတ်မိဘူးလား"

www.burmeseclassic.com



"သူ့မျက်လုံးတွေက ပြာဝေပြီးဘာမှ သဲသဲကွဲကွဲကိုမမြင်ရတော့ဘူး၊ ကျုပ် သူ့ကို သက်ကယ်ဆေးတစ်လုံးထိုးပေးပြီးချိန်မှာ သူ့ဆီက စကားသံယဲ့ယဲ့ကို ကျုပ်ကြားလိုက်ရတယ်"

"မောင်ရင့်ကိုကျုပ် တစ်ခုလောက်အကူအညီတောင်းချင်တယ်ကွယ်၊ ကူညီနိုင်မလား"

"ဦးလေး ဘာကို အကူအညီတောင်းချင်တာလဲ၊ ပြောပါ"

"ကျုပ်ခေါင်းအုံးအောက်မှာ ကျုပ်မိသားစုဓာတ်ပုံလေးရှိတယ်၊ သူတို့က မြို့မှာနေကြမှာပါ၊ တကယ်လို့တွေ့ခဲ့ရင် သူတို့ ဖခင်လူမိုက်ကြီးက ခွင့်လွှတ်ပါလို့ပြောပေးပါကွယ်၊ ကျုပ်လေ ခုနေ မသေခင် ကျုပ်ဇနီးနဲ့ကျုပ်သားလေးကိုတွေ့ခွင့်ရရင်အသေဖြောင့်ပါပြီ.."

"ကျုပ်အတွက် တွေဝေသွားခဲ့ပါတယ်၊ ကျုပ်ဘဝမှာ အကောင်းဆိုတာ တစ်ခုမှ မရှိခဲ့တဲ့အပြင် ကျုပ်တို့သားအမိနှစ်ယောက်ကို ရက်ရက်စက်စက် အစာငတ် ရေငတ်ထားခဲ့တဲ့ ဖခင်ရဲ့ နောက်ဆုံးတောင်းဆိုချက်ကို လိုက်လျောသင့်၊ မလျောသင့် ဝေခွဲ၍ ရ.. မေမေပြောခဲ့သောစကားလေးကြောင့် ကျုပ် ရင်ထဲက ခံစားမှုတွေကို လျှော့ချပစ်လိုက်ပါတယ်"

"နှင်းလူမေမေက ဘာပြောခဲ့လို့လဲ"

www.burmeseclassic.com



"သား ရှ..မင်းဖခင်ဒီလောကကြီးမှာ အသက်ရှင်လျက်ရှိ သည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သူ့အမှား၊ သူ့မိုက်မဲမှုတွေကို သူ ခံရမှာ ပါ၊ သားလေးက ဘယ်တော့မှ ဖခင်ပေါ်မှာ မနာကြည်းမိပါစေနဲ့ကွယ် သူ့ရဲ့သွေးသားကြောင့် ငါ့သားလေး လူ့လောကကြီးမှာ လူဖြစ်နေရ တာဟာ ကျေးဇူးတရားတစ်ခုပဲ"

ကျူပ် ဖခင်လက်ကလေးကိုဆုပ်ကိုင်လိုက်ပြီး

"ကျွန်တော်နော်စောလှရဲ့သား စောနင်းလှုပါ..."

"ဟင်..သား..သားလေး.."

ဖေဖေဟာ သူ့နောက်ဆုံးချိန်မှာ ကျူပ်လက်ကိုနောက်ဆုံး အင်အားတွေနဲ့ ဆုပ်ကိုင်ပြီး သူ့မျက်ဝန်းမှာ မျက်ရည်စတွေ စီးကျ နေတယ်၊ တစ်ချိန်က အယူဝါဒတွေ ပြင်းထန်ပြီး ဖနီးသားဘဝတွေ ကိုကျောခိုင်းရုံတင်မက ရက်စက်ဖို့ဝန်မလေးခဲ့တဲ့ဖခင်ကြီးရဲ့သံမဏိ စိတ်ဓာတ်တွေဟာ ခုတော့ အုတ်ရိုးပြိုကျသလိုပင် ဖြစ်နေလေပြီ။

"သား..ဖေဖေ့ကိုခွင့်..ခွင့်လွှတ်ပါ.."

"မေမေကသားကို မှာထားတယ်၊ မင်းဖေဖေကို ဘယ် တော့မှ မမုန်းတီးရဘူးတဲ့၊ သားစိတ်ထဲမှာ ဘာမှမရှိတော့ပါဘူး"

"မင်းမေမေရော..."

www.burmeseclassic.com



"မေမေဟာ ကောင်းသောဘဝတစ်ခုမှာ မွေ့ပျော်နေပါပြီ"

ဖေဖေရဲ့နောက်ဆုံးစကားသံတွေက အပြင်သို့ထွက်မလာ ပေမယ့် ကျုပ်သိလိုက်တာက မေမေ့ကို ဖေဖေ စွဲလမ်းမှုဆုံးရှုံးနိုင်းနေခြင်းပင်။

"သူတို့ရှင့်ကို ပြန်ပြီးပို့ပေးတယ်ပေါ့"

"ပို့ပေးရုံတင်မကဘူး၊ သူတို့တပ်ဖွဲ့တွေပါ လက်နက်ချပြီး အလင်းဝင်ခဲ့ကြတယ်"

"တော်သေးတာပေါ့နော်"

"ဪ..လွမ်းအင်ကြင်းကိုပြောဖို့တစ်ခုကျန်ခဲ့တယ်"

"ဘာကိုလဲ နင်းလူ"

"ကျုပ်ဘဝကို ကယ်တင်ပေးခဲ့တဲ့ ကျေးဇူးရှင် သင်တော ဆရာရှိရဲ့နာမည်လေ"

"ဘယ်သူလဲ ဟင်"

"ဦးမင်းနိုင်အောင်"

"ဟယ်..."

ကျွန်မဖခင်အမည်ကို ပြောပြလိုက်တော့မှ ကျွန်မ အံ့အား သင့်သွားခဲ့ရသည်။

www.burmeseclassic.com



"ဒါဆို ရှင်က ကျွန်မဖေဖေကြောင့် ကျွန်မကို စောင့်ရှောက်ကူညီနေတာပေါ့"

"ဟုတ်ပါတယ် လွှမ်းအင်ကြင်း... ကျုပ်ကိုယ်တိုင်ကလည်း ကျုပ်ကျေးဇူးရှင်အတွက် လက်စားချေဖို့ ကြိုးစားခဲ့တာလည်းပါခဲ့ပါတယ်၊ ဦးစိုင်းက ကျုပ်ကို မင်းအတွက် နောက်ကနေ စောင့်ရှောက်ပေးဖို့ မှာခဲ့တယ်၊ ဒါဟာ မင်းကို အထင်သေးလို့ ကူညီပေးတာလို့ မထင်နဲ့ လွှမ်းအင်ကြင်း... မင်းရင်ဆိုင်ရမယ့်သူတွေကို မင်းတစ်ယောက်တည်းနဲ့ မဖြစ်နိုင်လို့ပဲ"

"ကျွန်မ အရင်ကတော့ ကျွန်မတစ်ယောက်တည်းနဲ့ဖြစ်မယ်လို့ ကိုယ့်ကိုယ်ကို ယုံကြည်ခဲ့တာ၊ တကယ့်လက်တွေ့မှာတော့ ကျွန်မဟာ အရမ်းကို အားနည်းချက်တွေရှိနေပါတယ်"

"ကျုပ် အကူအညီပေးတာကိုဝင့်ပြုတယ်ပေါ့"

"ရှင်မကူညီဘူးဆိုရင်တောင် ကျွန်မက ရှင့်ကိုအကူအညီတောင်းနေဦးမှာပါ"

"သွားကြရအောင်၊ တောင်ပေါ်လေတွေတိုက်လာပြီ"

တောင်ဘက်အရပ်ဆီက တိုက်ခတ်လာသော လေအေးအေးကို ကျွန်မတို့(၂)ယောက်ကျော်ခိုင်းပြီးပြန်လာခဲ့တဲ့လမ်းပေါ်မှ

www.burmeseclassic.com



တော့ရင်ခုန်ပွင့်လေးတွေက ကြွေခလျက်..

"နင်းလူ.."

"လွမ်းအင်ကြင်း"

"ကျွန်မတို့နှစ်ယောက်ကြားမှာ အစိမ်းရောင် တံခါးရုပ်တွေကိုပိတ်လိုက်ကြရအောင်နော်"

"မင်းသဘောတူရင် အားလုံးဖြစ်စေ.."

"ဒါဆိုကျုပ်..ကျုပ်နဲ့ပြောတာကြီးကိုနားမထောင်ချင်ဘူး"

"ကျွန်မ..ကျွန်မပြောတာကြီးလည်းမကြားချင်ဘူး"

"ကိုစော.."

"အင်ကြင်း.."

* * *

www.burmeseclassic.com

# အခန်း (၇)

"ဦးလျှန်ဖော်ဆီကို မင်းတို့ချဉ်းကပ်ဖို့ကတော့ သိပ်ပြီး မလွယ်လှဘူးလို့ထင်တာပဲကွာ"

ဦးစိုင်းနောင်နောင် စကားကို ကျွန်မတို့နှစ်ယောက် နား ထောင်ကြရင်း ဦးလျှန်ဖော်ဆိုတဲ့ လူကြီးဟာ ကြောက်စရာကောင်း လောက်အောင်ပင်ကြားနေရလေသည်။

"သူ့ဘေးမှာ ကြေးစားကောင်တွေက တပ်ဖွဲ့တစ်ခု ထားတယ်၊ ပြီးတော့ နေတော့လည်း နယ်စပ်ထဲမှာဆိုတော့ မင်း သူ့ဆီကိုသွားရမှာတောင်အတော်ကိုစွန့်စားရမှာ"

www.burmeseclassic.com



"သူကမြို့ဘက်ကိုမတက်ဘူးလား"

"အရင်ကတော့ တက်တယ်၊ နောက်...အစိုးရက သူ့ခြံ ကွမ်းတွေကိုသိသွားပြီး ဖမ်းဆီးတော့မှာသိလို့မြို့ကိုမတက်တော့ဘူး လေ၊ မြို့ပေါ်မှာတော့ သူ့ကောင်တွေတော့ရှိတယ်၊ နင်းကောင်ကြီး... င်း...ဦးလျှန်ဖော်ကိုမဖြစ်မနေရင်ဆိုင်ရမှာလား"

"ဟုတ်တယ် ဦးစိုင်းနောင်"

"အင်း...ငါ့ကောင်ကတော့ တကယ့် မရဏမင်းနဲ့ စစ်ခင်း မယ်ကိုစွပဲဟေ့၊ ငါဘာကူညီရမလဲပြော..."

ဦးစိုင်းနောင်နောင်မှာ တစ်ချိန်က ဦးလျှန်ဖော်ထံတွင် လုပ် ကိုင်ဖူးသူတစ်ဦးဖြစ်သည်။ နောက်ပိုင်း ဦးလျှန်ဖော် လုပ်ရပ်တွေကို သက်မခံနိုင်သောကြောင့် လမ်းခွဲပြီး ကိုယ့်ဘဝကိုတောင်တန်းကျေး ရွာလေးတွင် ရပ်တည်နေသူဖြစ်၏။

"သူ့ဆီကိုဘယ်လိုဝင်နိုင်ရင်ကောင်းမလဲ"

"သူ့နယ်နိမိတ်က မူးယစ်ဆေးဝါးနဲ့လက်နက်ရောင်းဝယ် ရေးကို လုပ်ကိုင်နေတဲ့ နယ်နိမိတ်လေ၊ အပြင်လူစိမ်းဝင်ဖို့ ဆိုတာ တော့ မလွယ်ဘူး။ ဥပဒေမဲ့အမည်းရောင်နယ်မြေတစ်ခုဖြစ်နေခဲ့တာ ဆိုတော့ကျွာသေနတ်နဲ့ဖြေရှင်း။ အင်အားကောင်းတဲ့သူတွေက ဗိုလ်

www.burmeseclassic.com



လုပ်စိုးမိုးနေတာ၊ ဒီထဲမှာ လျှန်ဇော်ဆိုတဲ့ကောင်က ဗိုလ်ပေါ့၊ မင်းတို့က ဒီနေရာကို အရောက်သွားမယ်ဆိုရင် နယ်မြေခံမရှိဘဲ ဝင်ရင်သေမင်းဆီကို တန်းပြီးသွားတာနဲ့အတူတူဖြစ်နေမှာပေါ့၊ နေဦး-ဟုတ်ပြီ...နင်းကောင်ကြီး၊ မင်းကောင် စေ စခနောင်ရှိတယ်၊ ဒီကောင်က လက်နက်မှောင်ခိုလိုင်းဘက်မှာ ပွဲစားလုပ်နေတာကွ"

စောခနောင်မှာ နင်းလူနှင့်အတူ တောင်တန်းဒေသကျေးရွာတို့တွင် ဆေးကုစဉ်က အတူတူလိုက်ပါခဲ့တဲ့ တပည့်တစ်ယောက်ဆိုရင် မမှား၊ နင်းလူ့ပေါ်မှာ ရှိသေလေးစားသလို ခင်မင်သူ တစ်ဦးလည်းဖြစ်သည်။

"ဒီကောင်နဲ့ဆက်သွယ်ဖို့ကျတော့ရော"

"ဒီအတွက် မပူနဲ့၊ သူ့ဆီကို သွားနေတဲ့ ရွာက ဖိုးကျင်ကို အကြောင်းကြားခိုင်းပြီး မင်းရောက်မယ့်နေ့ကို စောင့်ခိုင်းလိုက်မယ် နင်းကောင်"

"ဖိုးကျင်ကရော ရွာမှာရှိရဲ့လား"

"မနေ့ကမှ ငါနဲ့အတူ ပြန်လာတာကွ၊ မနက်ပြန်ပြီးသွားမှာဆိုတော့ ခုကတည်းက သွားပြီးပြောထားမှ ရမယ်"

"ဒါဆို သွားကြရအောင် ဦးစိုင်းနောင်"

www.burmeseclassic.com



"အေး..အေး.."

"အင်ကြင်း..အပြင်မှာအေးတယ်၊ အပေါ်အင်္ကျီလေးကို ဝတ်ခဲ့ဦး"

"ဟုတ်ကဲ့"

ကျွန်မအတွက် အနွေးအင်္ကျီဆိုလို့ သက္ကလတ်ရှပ်အင်္ကျီကြီးကိုဆွဲဝတ်ပြီးဆင်းလာခဲ့ကြတော့သည်။ တောင်ပေါ်ဒေသလေဖြစ်တာမို့အေးစက်မှုတွေက ကျောက်ခွဲမတတ်၊ ကျွန်မအတွက်တော့ တောင်တန်းရာသီဒဏ်ကို ခံနိုင်ရည်ရှိပြီးသူပါ၊ အပြင်မှာ မှောင်စပြုနေသလို အိမ်တိုင်းမှာ မီးအလင်းရောင်လေးတွေကို မြင်တွေ့နေရလေသည်။

"ဖိုးကျောင်..ဟေ့...ဖိုးကျောင်"

"ဟော..ဘယ်သူလဲ..ဦးစိုင်းနောင်လား"

"ဟုတ်တယ်၊ဒီမှာ မင်းကိုတွေ့ချင်တဲ့ဧည့်သည်ပါပါတယ်"

"အိမ်ပေါ်ကိုတက်ကြဟေ့"

ဖိုးကျောင်ဆိုသူက မီးအိမ်ကလေးကိုပြပြီး အိမ်ပေါ်သို့ဖိတ်ခေါ်ပြီးမှ

"ဧည့်သည်ဆိုလို့ ဆရာနင်းကောင်ကိုး၊ ဘာလဲ ဆေးထိုး

www.burmeseclassic.com



ရင်းအလည်လာတာလား။ ဆရာ့တပည့် ခနောင်တောင် ကျွန်တော့်ကိုမေးနေသေးတယ်၊ သူ့ဆရာ သတင်းရော ကြားမိရဲ့လားတဲ့"

"ဗိုးကျင်... ခု သူ့ဆရာက သူ့တပည့်နောက်ကို လိုက်မလို့ မင်းကိုလာပြီးအကြောင်းကြားနိုင်းတာ"

"ကျွန်တော်နဲ့ တစ်ခါတည်းလိုက်ခဲ့ပါလား"

"မင်းသွားမယ့်လမ်းကြောင်းကနေ သွားလို့မဖြစ်ဘူး ဗိုးကျင်"

"ဟုတ်တော့ဟုတ်တယ်၊ ကျွန်တော်သွားတဲ့လမ်းကြောင်းက သေနတ်သံတွေများတယ်၊ ဆရာနှင်းကောင်က ဘယ်လမ်းကို ရွေးထားလဲ"

"ငါက တောလမ်းက ဖြတ်ထွက်မလားလို့၊ ခရီးက ကြမ်းပေမယ့် အန္တရာယ်ကင်းမယ်"

"ကောင်းပါတယ်ဆရာ၊ ဒီလိုလုပ်ပေါ့၊ မနက်ကျရင် သွားကြမယ်၊ လက်ဖက်ခြောက်ကားတွေနဲ့လိုက်သွားပြီး ဟိုကမှ တစ်ဆင့် စက်လှေနဲ့တောထဲကိုဝင်ပေါ့၊ ဒါဆို ခရီးက သိပ်မထော်တော့ဘူး"

"မင်းက ငါတို့ထက်ကြိုပြီးရောက်နေမှာပေါ့"

www.burmeseclassic.com



"ကျွန်တော်က မှောင်ခိုလမ်းကြောင်းက သွားတာဆိုတော့ ဆရာတို့ဆက် တစ်ရက်စောပြီးရောက်မှာ... ဆရာတို့ကို ခနောင်က နယ်စပ်ဂိတ်မရောက်ခင် လာပြီးကြိုမှာပါ၊ သူ့ကို ရှာစရာမလိုဘူး၊ ဆရာတို့ကို သူကတွေ့အောင်ရှာပြီး လာတွေ့မှာ၊ ခနောင်က ဒီနယ်ကြောမှာ တောကြောင်ပဲဆရာ၊ ဆရာလာမယ်ဆိုရင် ဒီကောင် မျှော်နေမှာပါ"

"ငါစာရေးပေးဖို့ လိုဦးမလား"

"မရေးပေးနဲ့ဆရာ၊ ပါးစပ်နဲ့ပဲပြောလိုက်မယ်"

"ဗိုးကျော်...နယ်မြေအခြေအနေ ဘယ်လိုရှိလဲ"

"နယ်မြေအခြေအနေက သိပ်ပြီးမကောင်းတော့ဘူး၊ အစိုးရတပ်တွေက နယ်စပ်ကမှောင်ခိုတွေကို စတင်ပြီးစစ်ဆင်ရေးလုပ်နေပြီ၊ ဦးလျှန်ဇော်ဆိုတဲ့လူတောင် တရုတ်ဘက်ကို ပြေးဖို့ပြင်ဆင်နေပြီ"

"ဟင်..."

"ဟာ..."

ဦးလျှန်ဇော်ကို ကျွန်မတို့ တရုတ်ပြည်ဘက် မကူးခင် လက်ဦးမှုကိုမဖြစ်မနေ ရယူရတော့မည်ဖြစ်သည်။

www.burmeseclassic.com



"ခုတော့ သူလည်း မကျူးနိုင်သေးဘူး"

"ဘာလို့လဲ ဖိုးကျင်"

"သူရောင်းထားတဲ့ ဘိန်းဖိုးငွေတွေနဲ့လက်နက်ဝယ်ပြီး တောထဲက တပ်တွေကို ပေးရမယ့်ကိစ္စက မပြတ်သေးဘူး၊ သူ့သား ကတော့ကြွသွားပြီလေ"

"ဟိုကောင်ဖော်လျံကို ပြောတာမဟုတ်လား"

"ဟုတ်တယ်… ဟိုရက်က အစိုးရတပ်နဲ့ ထိပ်တိုက်တွေပြီး သွေးတိုးသွားပြီးစမ်းသာ မသာပေါ်သွားတာပေါ့၊ ခွေးမသား သေတာ ပဲကောင်းတယ်၊ တစ်ရွာမှာ မိန်းမတစ်ယောက်ယူပြီး ထင်တိုင်းလုပ် နေတဲ့ကောင်၊ ခုတော့ ရွာတွေက မိန်းကလေးတွေအတွက် ရင်အေး သွားတာပေါ့"

ကျွန်မ စေကျူးဝါးအတွက် စိတ်ပူနေရသော သောကလေး တစ်ခုကင်းပျောက်သွားသလို ခံစားလိုက်ရသည်။

"ဖိုးကျင်… မင်းက မနက်အစောကြီး ခရီးသွားရမှာဆိုတော့ အနားယူလိုက်ပါဦး၊ ငါတို့သွားမယ်"

"ဆရာနှင်းကောင်စိတ်ချပြီးသွားပါ။ ကျွန်တော် ခနောင်ကို ဆက်ဆက်ပြောပြလိုက်ပါမယ်"

www.burmeseclassic.com



ကျွန်မတို့ ဗိုးကျင်အိမ်မှပြန်ပြီးထွက်လာတော့ အတော်လေးကိုမှောင်နေပြီဖြစ်သည်။

ကျွန်မ … နှင်းလူဘေးတွင် ကပ်လျက်လျှောက်လာရင်း သက်ရှင်းထိမိသလိုဖြစ်သွားတတ်သည်။ နှင်းလူမှာတော့ သူမနက်သွားမည့်ခရီးစဉ်နှင့်ပတ်သက်ပြီး ဦးစိုင်းနောင်နောင်နှင့်ပြောဆိုနေသည်…

"အဲ…"

ကျွန်မလက်ကလေးမှာနှင်းလူလက်ကလေးထဲသို့တိုးဝင်သွားသလိုဖြစ်သွားချိန်တွင်အေးစက်နေသည့်ကျွန်မလက်ကလေးကို နှင်းလူဆုပ်ကိုင်လိုက်သည်။ ကျွန်မလည်း ရုန်းထွက်ဖို့ပင် မေ့လျော့နေသလား၊ ဒါမှမဟုတ်နွေးထွေးခြင်းပေါ်မှာပဲသာယာကြည်နူးနေသလားပင်မသိ။

* * *

www.burmeseclassic.com

ကျွန်မတို့နှစ်ယောက်ထွက်လာတော့ တောင်ပေါ်နင်းတွေက ပိတ်နေအောင်ကျနေလေပြီ။ ကျွန်မ မိသားစုဘဝနှင့်အတူ နေထိုင်ခဲ့ရသော နင်းလွင်ပြင်ထဲက နေ့ရက်လေးတွေကိုပြန်ပြီးအမှတ်ရနေမိသည်။ ခုနေများ ဖေဖေ၊ မေမေနဲ့မောင်လေးတို့နှင့် အတူရှိနေခဲ့ရင်ကျွန်မဘဝလေးဟာတကယ့်ကိုပျော်စရာကောင်းမယ်ဟုတွေးမိရင်း ရင်ထဲမှာ မွန်းကျပ်လာခဲ့မိသည်။ ခုလို ကျွန်မဘဝကို ခြောက်သွေ့အထီးကျန်အောင်လုပ်ခဲ့သူတွေကိုကျွန်မ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ပါ။

"အင်ကြင်း..."

www.burmeseclassic.com



"ကိုစော...ဘာပြောမလို့လဲဟင်"

"ဘာမှမပြောပါဘူး၊ အင်ကြင်းစကားသံတိတ်နေလို့ ခေါ်ကြည့်တာပါ"

"နင်းတွေကြားမှာ အတွေးတွေက ပျံ့လွင့်သွားလို့ပါ"

"ကိုယ်နဲ့အင်ကြင်းတို့ ခုသွားမယ့်ခရီးဟာ မြို့ပေါ်ခရီးလို မဟုတ်ဘူးနော်၊ တစ်ယောက်ပေါ်တစ်ယောက် ယုံကြည်မှုတွေက သိပ်ကိုအရေးကြီးတယ်"

"ကိုစောက ဘာလို့ဒီစကားကိုပြောရတာလဲ"

"ကိုယ်တို့နှစ်ယောက်ကြားမှာ သံသယဖြစ်စရာလေးတွေ မရှိမှာစိုးလို့ပါ"

"သံသယဆိုတာ ကိုစောက ဘာကိုပြောတာလဲ၊ ရှင်းအောင် ပြောနော်"

"လူဆိုတာ သံယောဇဉ်နဲ့ တည်ဆောက်ခဲ့ကြတာမဟုတ်လား"

"ဟုတ်တယ်လေ"

"သံယောဇဉ်ကြောင့် ဖြစ်တတ်တဲ့အမှားလေးတွေကို ခုကတည်းက ကြိုပြီးပြောထားတာ"

www.burmeseclassic.com



"သံယောဇဉ်ရဲ့အမှားဆိုတာ ချစ်ခြင်းတရားပဲရှိတာ၊ အင်ကြင်းသဘောပေါက်ပြီ"

"အင်ကြင်းက ဘာကိုသဘောပေါက်ရတာလဲ"

"ကိုစော...အင်ကြင်းကို ချစ်သူလို့စိတ်ပြောင်းသွားမှာကို ပြောနေတာမဟုတ်လား"

"ကိုယ့်မှာ အဲဒီလောက်ထိ သတ္တိတွေမရှိသေးဘူး အင်ကြင်း"

"ချစ်သူအဆင့် သတ္တိမရှိဘဲနဲ့တော့ ဘာမှမပြောနဲ့"

"သတ္တိရှိမှ ပြောရမယ့်သဘောပေါ့"

"ဒါတော့ ရှင့်ကိုယ်ရှင်ပဲ စဉ်းစားသုံးသပ်၊ ဝေဖန် ဆုံးဖြတ်လိုက်တော့ ကိုစောနင်းလှူကြီးရေ...သွားရမယ့်ခရီးက တောနက်ကြီးထဲ၊ ပြီးတော့ ဘာမှသွေးသားမတော်စပ်တဲ့လူစိမ်း(၂)ယောက်၊ ရှင့်ကိုယုံကြည်တယ်ဆိုတာက ဘဝနဲ့ထပ်တူ ခရီးသွားရဲလို့ပဲ၊ မှတ်ထားလိုက်"

"ဘဝနဲ့ထပ်တူတဲ့လား အင်ကြင်းရယ်"

ကျွန်မလက်ဖဝါးလေးကို နင်းလှူ လှမ်းပြီး ဆုပ်ကိုင်တော့

"ရှင်...ဒါဘာလုပ်တာလဲ"

www.burmeseclassic.com



"ဘာဝခရီးသွားဖော်လက်ကလေးကို ဆုပ်ကိုင်ထားချင်လို့

"ဒါဆိုပြီးရော..မလွှတ်ကြေးနော်"

"တစ်သက်တာအတွက် နိုင်မာစွာပါပဲဗျာ"

တောင်ကြားအဆင်းလမ်းကလေးကို တစ်ယောက်လက်တစ်ယောက်ဆုပ်ကိုင်ပြီး ဆင်းလာခဲ့ကြသည်။

"အင်ကြင်းနဲ့ကိုယ် ချစ်သူတွေဖြစ်သွားပြီနော်"

"ဟင်အင်း..မသိလိုက်ရပါလား၊ ဘယ်တုန်းက ချစ်သူတွေဖြစ်သွားတာလဲဟင်"

"ကမ္ဘာဦးစပြီးဖြစ်လာတည်းကလေ"

"ကိုကိုကတော့ ပိုပြီ..ချစ်သူရယ်ဖြစ်ရအောင် ချစ်တယ်ဆိုတဲ့စကားကို တစ်ခါမှ မကြားဖူးလိုက်ပါဘူးနော်"

"ကိုယ့်ဘက်က ပျက်ကွက်သွားတာပါ"

"ဒီကိစ္စက ပျက်ကွက်သင့်တဲ့ကိစ္စမဟုတ်ဘူးနော်"

"ကိုယ် အင်ကြင်းကို သိပ်ချစ်တယ်၊ ဒီနှင်းတွေနဲ့ အရင်းသည်ပြီး ပြောလိုက်ပါရစေ"

"အင်ကြင်းလည်း ဒီနှင်းတွေနဲ့အတူ သစ္စာပြုပြီး ပြောပါရ

www.burmeseclassic.com



စေကိုရယ်.. ကိုယ့်ကိုအင်ကြင်းနလုံးသားက သိပ်ကိုချစ်ခဲ့ရပါတယ်ရှင်..."

ကျွန်မကိုယ်လေး နင်းလူ ရင်ခွင်ထဲသို့ တိုးဝင်သွားမိလေ၏။

ကျွန်မတို့ စီးကြရမည့် လက်ဖက်ခြောက်ကား (၃)စီး တန်းစီပြီး ရပ်ထားသဖြင့် ဘေးမှ မနက်စာရောင်းချနေသော ဆိုင်ကလေးဆီသို့ဝင်လာပြီး တောင်ပေါ်ဒေသ စားစရာလေးတွေကို မှာယူစားသောက်ရင်း

"အင်ကြင်း..ဒီမှာခဏနေဦး.."

ကျွန်မကို နင်းလူထားခဲ့ပြီး ဆိုင်ပြင်သို့ခဏထွက်သွားသည်၊ ခဏကြာတော့ပြန်ရောက်လာသည်။

"ကားအတွက်တော့ အဆင်ပြေပြီအင်ကြင်း၊ ကိုယ့်မိတ်ဆွေက အလယ်ကကားကိုမောင်းနေတာလေ"

"တောင်တန်းဒေသမှာကိုယ့်ကိုမသိတဲ့လူ ရှိရောရှိရဲ့လား"

"လူချစ်လူခင်ပေါတဲ့သဘောပေါ့"

"မုန့်စရာကောင်းလိုက်တာ ဟွန်း"

ကျွန်မလက်ကလေးကို ဆုပ်ကိုင်ပြီးပြုံးလိုက်သည့် အင်

www.burmeseclassic.com



ကလေးက ကျွန်မအတွက် အင်အားလေးတစ်ခုပင်။

"သွားကြရအောင် အင်ကြင်း"

ကျွန်မ်တို့ ဆိုင်ရှင်ကိုငွေရှင်းပြီးထွက်လာရင်း.

"ကို..ကျွန်မတို့မှာငွေက ဘာမှမရှိဘူးနော်၊ဦးစိုင်းပေးလိုက်တဲ့ငွေလေးပဲရှိတော့တယ်"

"ဒီမှာ တွေ့လား"

"ဟင်..."

နင်းလူ သူလွယ်ထားသောလွယ်အိတ်ထဲမှ တရုတ်ငွေတွေကိုပြလိုက်သဖြင့် အံ့အားသင့်သွားသည်။

"ကိုယ်ဘယ်က ရလာတာလဲ"

"ကိုယ့်မိတ်ဆွေတစ်ဦးဆီက ချေးလာတာပါ၊ တရုတ်ငွေကမဖြစ်မနေ လိုအပ်တယ်လေ"

လက်ဖက်ခြောက်ကားကြီးနားသို့ရောက်တော့

"ဆရာနင်းရေ..တက်လေဗျာ..ရှေ့ကားက ကောင်ရောက်ရင်သွားကြမယ်၊ သူက ဆရာနင်းအမျိုးသမီးလား"

"ဟုတ်တယ် စိုင်းကောင်းစံ"

ကျွန်မနှင့်အတူ ကားရှေ့ခန်းမှတက်ပြီး သိပ်မကြာ ရှေ့ကား

www.burmeseclassic.com



က စက်နှိုးပြီးမောင်းထွက်သည်နှင့် ကျွန်မတို့ကားလေးပါ မောင်းထွက်လာခဲ့ကြတော့သည်။

"မင်းတို့ခရီးသွားရတာ အရင်အချိန်ထက် ဘယ်လိုလဲ စိုင်ကောင်းစံ"

"မတူတော့ဘူးဆရာနင်းရေ၊ စုအစိုးရတပ်တွေနဲ့ငြိမ်းချမ်းရေးတပ်တွေက နယ်မြေလုံခြုံရေးကိုတာဝန်ယူထားတော့ အရင်လို သေနတ်ကျည်ဆံဘယ်က ထွက်လာမလဲဆိုတာကိုတွေးပြီး မကြောက်ရတော့ဘူး၊ ဒါတောင် လက်ကျန်ကောင်တွေက လစ်ရင်လစ်သလိုစားပြတိုက်ချင်သေးတယ်"

"သတိနဲ့တော့ သွားပေါ့ကွာ"

ကျွန်မကတော့ဘေးမှတောင်တန်းကြီးတွေကို ငေးကြည့်ရင်းလိုက်ပါလာခဲ့သည်။

"ဆရာနင်းနဲ့တွေ့တုန်း သတိရမိတာလေးတစ်ခုရှိတယ်"

"ဘာကိုလဲကွ"

"ကျွန်တော်တို့ရွာက စိုင်းဘုန်းနောင်လေ… ဆရာနင်းမှတ်မိလား"

"မမှတ်မိဘဲ နေပါ့မလားကွာ၊ ဒီကောင့်အစွယ်ကို ငါချိုးခဲ့

www.burmeseclassic.com



တာပဲဟာ"

"ဒီတုန်းက နယ်မြေမှာက လက်နက်ကိုင်တပ်တွေက ပိုးမိုးပြီး ဒီကောင်က သူ့ကိုယ်သူ ခြောက်လုံးပြူးတစ်လက် ခါးထိုးပြီး သွားနေတာ၊ ဆရာနင်းနဲ့တွေ့မှာပဲ ဝပ်သွားတာ"

"ငါ့ကို စိန်ခေါ်လို့ မဖြစ်မနေ တုံ့ပြန်လိုက်ရတာပါ၊ ဒါနဲ့ ဒီကောင် ဘယ်ကိုရောက်နေလဲ"

"မပြောတတ်ပါဘူး၊ ရွာကနေ ပျောက်သွားတာကြာပြီ၊ သောင်းကျန်းသူ တပ်ဖွဲ့ထဲရောက်သလိုလို၊ တရုတ်ပြည်ဘက်ကို ရောက်သလိုလိုပါပဲ"

ကျွန်မကတော့ သူတို့ပြောတာတွေကို နားထောင်ရင်း အိပ်ရာက အစောကြီးထလာခဲ့တာမို့ အိပ်ချင်လာသဖြင့် နှင်းလူ ပခုံးလေးကိုမှီကာ မေးလျက် လိုက်ပါလာတော့သည်။

"ရေနွားဆိုရင် ကျွန်းတံတားကိုရောက်ပြီမဟုတ်လား"

"ရောက်ပြီ ဆရာနင်း"

"တံတားကြီးရော ကောင်းသေးရဲ့လား"

"စစ်ပွဲကြောင့် ပျက်စီးသလိုဖြစ်သွားတာကို ငြိမ်းချမ်းရေး တပ်ဖွဲ့တွေက ပြန်ပြီးပြင်ထားတယ်"

www.burmeseclassic.com



ကျွန်းတံတားကြီးကိုလှမ်းပြီးတွေ့နေရလေပြီ၊

"ကင်းတပ်တွေ မရှိထားဘူးလားစိုင်းကောင်းစံ"

"အရင်ကတော့ ရှိထားတယ်၊နယ်မြေကိုဆင်းတဲ့အချိန် ဆ

ရင်မရှိတတ်ဘူး၊ ခုလည်း နယ်မြေကို ဆင်းသွားကြတာနဲ့တူတယ်"

"အင်းလေ...အန္တရာယ် သိပ်ပြီးတော့မှ မရှိတော့တာပဲ"

လက်ဖက်ခြောက်တွေတင်လာသော ကားကြီးမှာ တံတား

ကြီးနားသို့ရောက်ရှိန်တွင်

"ဒိုင်း..."

"ဟင်..."

"ဟာ..."

သေနတ်သံကြောင့်ကျွန်မမေးနေတဲ့ မျက်လုံးကလေး

ကျယ်သွားသည်၊

"စိုင်းကောင်းစံ တစ်ခုခုဖြစ်ပြီနဲ့တူတယ်"

"ဓားပြတိုက်တာများလား၊ ကျွန်တော်ဆင်းပြီး သွားကြည့်

လိုက်မယ် ဆရာနစ်း..."

စိုင်းကောင်းစံ ကားပေါ်မှဆင်းသွားသည်နှင့်

"အင်ကြင်း...ကားပေါ်မှာ နေဦးနော်၊ကိုယ်အခြေအနေ

www.burmeseclassic.com



လေ့လာလိုက်ဦးမယ်"

ကျွန်မခေါင်းလေးပဲညိတ်ပြလိုက်သည်။

နင်းလူ ကားတံခါးဖွင့်ပြီးအောက်ကိုဆင်းသွားပြီး ကျွန်မဆီကိုပြန်လာကာ

"အင်ကြင်း…သေနတ်ပါတယ်မဟုတ်လား"

"ပါတယ်ကို…ယူမလို့လား"

"အင်း…စားပြတိုက်နေတာ"

"ဟင်…"

ကျွန်မ လက်ထဲကသေနတ်ကို နင်းလူ ယူသွားကာ ကားနောက်ဘက်ကို စပ်သွက်သွက် သွားသည်။ ကျွန်မတို့ ကားဆီသို့ ဓားပြ(၂)ယောက်လာနေသည်။ကျွန်မ နားသို့ရောက်တော့

"ကားပေါ်က ဆင်းစမ်း"

ကျွန်မကြောက်ရွံ့ရုံ့သဏ္ဍာန်လေးပြင်ဆင်လိုက်ပြီး နင်းလူ လှုပ်ရှားမှုကိုကြည့်နေသည်။

"မင်းမှာ ဘာတွေပါသလဲ"

"လက်ဖက်ခြောက်တွေပါတယ်လေ၊ကားနောက်ခန်းမှာ"

"မင်းက ငါ့ကိုနောက်တာလား"

www.burmeseclassic.com



"နောက်တာမဟုတ်ဘူး၊ မှန်တာပြောတာ"

"ဆွဲခေါ်ခဲ့ကွာ"

ကျွန်မလက်ကို ဓားပြတစ်ယောက်က ဆွဲပြီးအခေါ်တွင် နင်းလူ တစ်ဖက် ကားခေါင်းဘက်မှ ထွက်လာပြီး တစ်ယောက်၏ အနီးကပ်တိုက်ခိုက်လိုက်သည်နှင့် ကျွန်မပါ ပြိုင်တူလှုပ်ရှားလိုက် သည်။

"ဖြောင်း...ဒုတ်...အီး...အင့်"

ခပ်ညှံ့ညှံ့ဓားပြတွေမို့ တစ်ယောက်ကို တစ်ချက်စီလောက် နှင့်ပွဲကပြီးသွားသည်။ နင်းလူ ဓားပြတစ်ယောက်ဆီက သေနတ် တစ်လက်ကို ကောက်ယူပြီး ရှေ့က ၁းဆီသို့ ကပ်သွားလိုက် သည်။

"ဟိုကောင် (၂)ကောင် နောက်ကိုသွားတာ ကြာလှ လားကွ၊ ဟိုပြိုင်းချမ်းရေးကောင်ရောက်လာရင် မသာဖြစ်မယ် သွား ခေါ်စမ်းကွာ၊ ကားပေါ်က တွေ့တဲ့ကောင်တွေကို ဆွဲပြီးခေါ်ခဲ့"

"စိုင်းဘုန်းနောင်"

နင်းလူနှင့်ဆုံခဲ့ဘူးသော စိုင်းဘုန်းနောင်မှာ ဓားပြဗိုလ် နေသည်ကို တွေ့နေရသည်။

www.burmeseclassic.com



"ကိုဘယ်လိုလုပ်မလဲ"

"လာနေတဲ့ကောင်ကို အင်ကြင်းရှင်းလိုက်"

နောက်က ကားဆီသို့ပြေးလာသော ဓားပြတစ်ယောက်ကို ကျွန်မအနီးကပ်သေနတ်ခင်နှင့်မျက်နှာကို ရိုက်ချလိုက်သည်။

"ခွပ်...အီး...ဒိုင်း..."

ကျွန်မ သေနတ်ခင်နှင့်ရိုက်ချလိုက်သည့်ဓားပြဆီမှသေနတ် ကျည်ဆံထွက်သွားပြီး ရှေ့ကဓားပြတွေကြားသိသွားတော့သည်။

"စိုင်းကောင်းစံ"

"ဘာလဲ စိုင်းဘုန်းနောင်"

"မင်းတို့ကားပေါ်မှာ ဘယ်သူတွေပါလာလဲ"

"ဘယ်သူမှမပါဘူး"

"မင်းတော့ သေတော့မယ်"

စိုင်းကောင်းစံ နားထင်ကို စိုင်းဘုန်းနောင်သေနတ်နှင့်တေ့ ချိန်ပြီး ကျန်ကားသမား(၂)ဦးကိုပါ သေနတ်တွေနှင့် ချိန်ပြီး ဓားစာခံ လုပ်ထားလေသည်။

"မင်းတို့လိုချင်တဲ့ငွေရပြီပဲ၊ လူကိုဘာလို့ရန်ရှာတာလဲ စိုင်းဘုန်းနောင်"

www.burmeseclassic.com



"ဒီငွေက ငါတို့အတွက်ဘာလုပ်ရမှာလဲ"

"ငါတို့မှာ ဒါပဲပါတာ"

"မယုံဘူး၊ ငါတို့သတင်းရပြီးသားကွ၊ တရုပ်ငွေတွေပါလာတယ်၊ ကဲ... ကြာတယ်၊ ခုသွားယူပြီးပေးစမ်း၊ နောက်ကကောင်တွေမင်းတို့လူတွေ မသေချင်ရင် ခုထွက်လာခဲ့ကြ"

"အင်ကြင်း...ကိုယ်ထွက်သွားပြီး အနီးကပ်ရှင်းမယ်၊ အင်ကြင်းတစ်ယောက်ချင်းကို စိတ်ကြိုက်ပစ်"

"စိတ်ချကို"

ကျွန်မပစ်ရမည့်သေနတ်ကိုသေချာစွာဆုပ်ကိုင်ထားလိုက်ပြီး စိုင်းဘုန်းနောင်တို့ မတွေ့နိုင်သောနေရာမှ ပစ်ကွင်းကိုချိန်ထားလိုက်သည်။ နင်းလူကတော့တစ်လှမ်းချင်းပင်ထွက်သွားလေတော့သည်။

"ဘယ်သူများလဲမှတ်တယ်၊ မိတ်ဆွေဟောင်းကြီးကိုး"

"မင်းမှတ်မိရင် ပြီးတာပဲ၊ မင်း စိုင်းဟောင်းစံကိုလွှတ်ပေးလိုက်ပါ၊ မင်းလိုချင်တဲ့ တရုပ်ငွေတွေက ဒီမှာ"

နင်းလူကငွေကိုပြပြီး ပြန်လွယ်ထားလိုက်သည်။

"ဟောကောင်တွေ သွားပြီးယူစမ်း"

www.burmeseclassic.com



"စိုင်းဘုန်းနောင်...မင်းစိုင်းကောင်းစံကိုလွှတ်ပေးမှငါ့သီက ငွေကိုရမှာနော်"

"သွားစမ်းကွာ"

စိုင်းကောင်းစံကို တွန်းပြီးလွှတ်လိုက်သည်နှင့် ကျွန်မ အတွက်ပစ်ကွင်းကောင်းသွားပြီး

"ဒိုင်း...အ"

ကျွန်မ စိုင်းဘုန်းနောင် ပခုံးကို ချိန်ပြီး ပစ်ချလိုက်တော့ သည်။

"ဒိုင်း...ဒိုင်း...ဒိုင်း..."

ကျန်တဲ့ (၃)ယောက်ကိုလက်၊ခြေထောက်၊ပေါင်တွေကို အနီးကပ် ပစ်ချလိုက်သည်နှင့် စိုင်းကောင်းစံတို့ ကားသမားတွေ ဓားပြတွေဆီမှ ကျသွားသော သေနတ်တွေကို ကောက်ကာ ဓားပြ များကို ချိန်ထားလိုက်တော့သည်။

"ခွေးမသားတွေ တစ်ခါတည်း ပစ်သတ်ပြီး ထုံတား အောက်ကိုချခဲ့တာပဲကောင်းမယ်"

"မ...မလုပ်ပါနဲ့ကွာ"

"စိုင်းဘုန်းနောင်...မင်းအလှည့်ကျမှတော့ကြောက်တတ်

www.burmeseclassic.com



လိုက်တာ၊ မရဘူး...သတ်ကိုသတ်ရမယ်"

"တောင်း...တောင်းပန်ပါတယ် စိုင်းကောင်းစံ"

ကျွန်မက နှင်းလူ့ဘေးတွင် ရပ်ပြီးနေလိုက်သည်။

"ဆရာနှင်း...ဘာဆက်လုပ်မလဲ"

"မင်းပြောသလိုပဲ လုပ်လိုက်ကွာ"

"ဟာ..မ..မသတ်ဖါနဲ့" ———

နှင်းလူတတစမင်ပြောလိုက်ခြင်းသာဖြစ်၏။ ဥပဒေမဲ့သူ ကိုဥပဒေ၏အဆုံးအမလက်ထဲပဲ ထည့်ကြမှာဖြစ်သည်။

"ရွှေမှာ ပြိမ်းချမ်းရေးရုံးရှိတယ်မဟုတ်လား"

"ရှိတယ် ဆရာနှင်း..."

"ဝင်ပြီး ပို့လိုက်ပေါ့။ ပတ်တီးလေးဘာလေး စည်းပေးလိုက် ဦး၊ သွေးထွက်လွန်ပြီး သေနေဦးမယ်"

"သေသွားလည်း ရှင်းသွားတာပေါ့ အလကားကောင်ရ ဆရာနှင်းကြောင့် ကျွန်တော့်သဘောသာဆိုရင် ပစ်သတ်ပြီး ချော ထဲထားခဲ့တယ်"

စိုင်းကောင်းစံတို့ ကားသမားတွေ ဓားပြ (၇) ယောက် ကြိုးနှင့်တုတ်ပြီး ကားနောက်ခန်းထဲမှာ ချုပြီးတင်ကာ မောင်းထွက်

ခဲ့ကြတော့သည်။

"ခံကျေးဇူးပဲ ဆရာနှင်းရော"

"တောင်တန်းဒေသတွေအတွက် ကျေးဇူးတင်စရာမလိုတဲ့ လူတစ်ယောက်ပါကွာ..."

❖ ❖ ❖

www.burmeseclassic.com

# အခန်း (၈)

ကျွန်မတို့(၂)ယောက် နယ်စပ်အဝင်ရွာကလေးကိုမော်စ
မျိုးရိုးလောက်တွင် ရောက်သွားကြသည်။ ရွာကလေးဆိုပေမယ့်
မှောင်မိုသမားတွေ စားကျက်ချရာနေရာမို့ စားသောက်ဆိုင်တွေ
တည်းခိုခန်းနှင့် တခြား လောင်းကစားဆိုင်တွေက စီတန်းပြီး စည်
ကားနေသည်ကိုတွေ့နေရသည်။

"ဒီမှာ မြန်မာငွေမသုံးဘူးအငကြင်း၊ တရုပ်ငွေပဲ သုံးကြ
တာ"

"ဟုတ်လားကို၊ လူတွေကတော့ တရုပ်၊ ရှမ်းတွေများသလို
ပဲနော်၊ မြန်မာလူမျိုးက သိပ်မတွေ့ရဘူး၊ ကျွန်မတို့ဘယ်ကနေ စောင့်

www.burmeseclassic.com



လဲ"

"လောလောဆယ်ထမင်းဆိုင်တစ်ခုကိုရှာပြီးဗိုက်ကိုဖြည့်ရအောင်"

"ဟိုဆိုင်လေးက ထမင်းသီးသန့်ရောင်းတဲ့ဆိုင်ကလေးနဲ့တူတယ်ကို"

"ဟုတ်မယ် သွားကြရအောင်"

ထမင်းဆိုင်ကလေးထဲသို့ဝင်ခဲ့ရင်း ဆိုင်ထဲမှာစားသုံးသူက သိပ်ပြီးမရှိသဖြင့် အေးအေးဆေးဆေးပင် ဝင်ခဲ့ကြတော့သည်။

"ကိုတပည့်ရှာလို့တွေ့ပြီလား"

ကျွန်မကတော့တစ်ခုခုလွဲချော်မှာကိုတွေးပြီး ပူနေမိ၏။

"ဒီကောင် ရောက်လာမှာပါ၊ စားစရာရှိတာကို အားရှိအောင်စားထား အင်ကြင်း၊ ဒီကိုရောက်လာပြီးမှတော့ ကိုယ်တို့အတွက်နောက် ဆုတ်စရာမရှိတော့ဘူး"

ကျွန်မ ထမင်းဆက်ပြီးစားနေချိန်မှာပဲ ဦးထုပ်ဝိုင်းကြီးကို ချက်နာပေါ်သို့ အုပ်ပြီး ဆောင်းထားသော လူတစ်ယောက်ဝင်လာ တာကျွန်မတို့ဝိုင်းတွင်ဝင်ပြီးထိုင်လေသည်။

"ဆရာ..."

www.burmeseclassic.com



"ခနောင်..ဟူး..ငါကတွေ့ပြီမလားလို့"

"ဆရာတို့ ဝင်လာကတည်းက တွေ့တယ်၊ ဘယ်ဆိုင်ဝင်မလဲဆိုတာကို နောက်ကကြည့်နေတာ၊ ဆရာဆိုင်ရွေးတာ ကောင်းသွားတယ်"

"ဘာလို့လဲ"

"ဒီဆိုင်ကို အမှောင်သမားတွေ သိပ်ပြီးမလာရဲဘူး၊ ဒီဆိုင်ပိုင်ရှင်က ကျွန်တော်တို့လို ကရင်ကြီးချ၊ မုဆိုးလုပ်တယ်၊ ထမင်းရောင်းတယ်၊ သူ့ဆိုင်မှာ အရက်သောက်ပြီး ရမ်းကားလို့ကတော့ မလွယ်ဘူးမုတ် သေနတ်ကိုင်ထားထဲ့ကောင်တွေတောင် ကရင်ကြီးကို ဘယ်သူမှ မယှဉ်ရဲဘူး၊သေနတ်ပီးတယ်လို့တောင် ပြောနေတာ၊ လူမှန်ကြီးစောအယ်ထီးလို့ခေါ်တယ်၊မွေးထားတာ သားရျည်းပဲ (၅) ယောက်၊ ရိုးရိုးသားသားလုပ်ကိုင်ပြီးနေကြတာ၊ ဒီနယ်မြေမှာတော့ သူတို့သားအဖကို ဘယ်သူမှမထိရဲတာ အမှန်ပဲ"

"ခနောင်... ငါတို့ ဒီကိုဘာကြောင့်လာရတယ်ဆိုတာကို မင်းသိအောင်ပြောမယ်"

"ပြောပါဆရာ.."

"ငါတို့ဦးလျှန်ဇော်ကို ရှင်းဖို့လာကြတာ"

www.burmeseclassic.com



"ဟာ..ဆရာ.."

"ဘာလဲ..မဖြစ်နိုင်ဘူးလို့ မင်းပြောမလို့လား"

"မဖြစ်နိုင်ဘူးတော့မဟုတ်ပါဘူး၊ ဆရာတို့ရှင်းဖို့အတွက်တော့မလွယ်ဘူး၊ ဒီလူကြီးက အပြင်ကို ခုတလော မထွက်တော့ဘူး၊ ထွက် ရင်လည်းဘယ်သူမှမသိအောင်ထွက်တယ်၊ သူ့ကိုသတ်မယ့်သူတွေကရှောင်းနေကြတာ၊ ဒီထဲမှာ စောအယ်ထီးတို့သားအဖ (၅)ယောက်လည်းပါတယ်"

"ဟင်..ဘာလို့လဲ"

"သူတို့သမီးလေး နောကူးရာကို ဒီလူကြီးက အဓမ္မကျင့်ကြံခဲ့တာလေ၊ ဒါကြောင့်စောအယ်ထီး ကအခွင့်ကောင်းစောင့်နေတာ"

"မင်း..ငါတို့ကိုမကူညီနိုင်ဘူးလား"

"ဆရာဖြစ်ချင်တာကို ကူညီပေးမှာပါ၊ စွန့်တော့စွန့်ရလိမ့်မယ်ဆရာ.."

"ဒီအတွက်တော့ မပူနဲ့ ခနောင်၊ ငါတို့အသက်နဲ့ရင်းပြီးထွက်လာခဲ့တာ"

"မနက်ဖြန်ကျရင် ကျွန်တော် သူတို့အတွက် ပစ္စည်းတစ်ခု

www.burmeseclassic.com



ကို ရှာဖွေပေး ယူမှာ၊ ရှေးဟောင်းပစ္စည်းတစ်ခုပါ"

"ဦးလျှန်ဇော် ယူမှာလား"

"သူတော့ မဟုတ်ဘူး၊ သူ့မိတ်ဆွေ (၂)ယောက်ယူမှာ၊ ဒီလူတွေက သူနဲ့အတူ တရုပ်ပြည်ကိုလစ်ကြမယ့်သူတွေချည်းပဲ"

"မင်းနာမည်တွေကိုသိလား"

"မသိရသေးဘူး"

"ကဲ... ဒါတွေထားဦး၊ ငါတို့က ဒီနယ်မြေအကြောင်းကို ဘာမှမသိဘူး၊ မင်းစီစဉ်တာကိုပဲ လိုက်လုပ်ရမှာ"

"ဒီညအတွက်တော့ တောင်ပေါ်က ဘုရားကျောင်းမှာ သွားပြီးအိပ်မယ်၊ အဲဒီက သင်းအုပ်က ကျွန်တော်နဲ့အရမ်းခင်တာ၊ စိတ်လည်းချရတယ်"

"ဒါဆို သွားကြရအောင်"

ဆိုင်ထဲမှ (၃)ယောက်သားအပြင်ကိုပြန်ပြီးထွက်လာခဲ့ကြတော့သည်။ စောခနောင်ခေါ်ဆောင်လာနောက်သို့လိုက်ခဲ့ကြရင်း တောင်ပေါ်လမ်းကလေးဆီသို့တက်ခဲ့ကြတော့သည်။

"ခနောင်...မင်းဘဝကိုဒီမှာပဲ အပြီးသတ်မှာလား"

"မသတ်ပါဘူးဆရာ၊ ရွာကိုပြန်တော့မှာပါ၊ ဆရာတို့လာ

www.burmeseclassic.com



ည်ဆိုလို့ စောင့်နေတာ၊ ကျွန်တော် က ဒီတစ်ပွဲပြီးရင် ရွာကို တစ်ခါ ည်းပြန်ဖို့စဉ်းစားထားတာပါ၊ ဒီမှာကအခြေအနေတွေက မကောင်း ဘာဘူး၊ ဦးလျှန်ဖော်ငွေ့တောင် ပြေးဖို့လုပ်နေတာပဲ ကြည့်တော့ ဆရာ..."

ကျွန်မတို့တက်လာတဲ့တောင်ပေါ်လမ်းကလေး အဆုံးမှာ စ်ယာန်ဘုရားကျောင်းတစ်ခုကိုတွေ့လိုက်ရသည်။

"သင်းအုပ်ကတစ်ယောက်တည်းနေတာလား"

"ဟုတ်တယ်ဆရာ၊ မနက်ပိုင်းဆိုရင် ကလေးတွေကို စာ င်ပေးတယ်လေ၊ သူ့ကြောင့် နယ်စပ်ဒေသက ကလေးတွေ စာ တ်နေကြရတာ၊ တကယ်စိတ်ထားနူးညံ့တဲ့လူတစ်ယောက်ပါ"

"နာမည်က ဘယ်လိုခေါ်လဲ"

"ဦးသျှင်ဇင်ထန်း..."

"ဟင်..."

ကျွန်မတကယ့်ကိုမယုံနိုင်အောင်ဖြစ်သွားပြီး ကျွန်မ အိတ် ထဲက ဓာတ်ပုံကို ထုတ်ပြီးပြလိုက်သည်။

"သူလား...ခနောင်..."

"ဟာ...ဟုတ်တယ် သူပဲ"

www.burmeseclassic.com



ကျွန်မလက်စားချေရမည့် (၅)ယောက်ထဲမှ တစ်ယောက် အပါအဝင် ဦးသျှင်ဖင်ထန်းဖြစ်နေလေပြီ။ နင်းလူက ကျွန်မ ပခုံးလေး ကို ဆုပ်ကိုင်ပြီး..သွေးအေးစွာဖြင့် ဆုံးဖြတ်ဖို့ သတိပေးလိုက်သ လိုပင်။

"သင်းအုပ်...ဖာသာ.."

"ဟော့...ဘယ်သူလဲ"

"ခနောင်ပါ ဖာသာ"

"ကျွဲ...."

ပိတ်ထားသော တံခါးကိုဖွင့်ပြီး ဓာတ်မီးအိမ်ကိုင်ဆွဲပြီး ရ နေတဲ့ ဦးသျှင်ဖန်ထန်းကို ကျွန်မ တွေ့ရချိန်မှာ ကျွန်မ သတ်ရမည့်ဒ ဆိုဘာကို တယ်လိုမှခံစားလို့မရနိုင်ပေ။ မျက်နှာပြင်မှာ တည်ငြိမ်ပြီး ကရုဏာများစွာရှိနေသော မျက်နှာပိုင်ရှင်..

"ညှိုသည်တွေရော ပါလာကြတာကိုး၊ အထဲကိုဝင်ကြ ဟော့"

ကျွန်မနှင့်နင်းလူအတွက်တော့ ဆုံးဖြတ်ချက်တစ်ခုကို ရ ရန် ခက်ခဲနေကြတာတော့ အမှန်ပင်။ ကျွန်မ ဘယ်လောက်ပဲကျွန် ဖခင်အကွက် နာကျင်နေပါစေ၊ ဘာသာရေး၊ သာသနာပိုင်တစ်ဦးက

www.burmeseclassic.com



သတ်ဖြတ်တဲ့အထိတော့ မမိုက်မဲရက်ပါ၊ ဒါပေမယ့် ကျွန်မ စံစားချက်ကိုတော့ သိအောင်ပြောပြချင်တဲ့ ဆန္ဒကတော့ ရှိနေခဲ့သည်။

သင်းအုပ် သျှင်ဇန်ထန်း ချပေးသော အခါးရည်လေးကို သောက်ရင်း

"သားတို့က အရောင်းအဝယ်နဲ့လာကြတာလား"

"မဟုတ်ပါဘူးဖာသာ၊ ရာဇဝင်ကြွေးဆပ်ဖို့ ဒီကိုလာခဲ့ကြတာပါ၊ ကျွန်မ ဖခင်၊ မိခင်နဲ့ မောင်လေးတွေကို သတ်သွားတဲ့လူတွေကိုတုံ့ပြန်ဖို့ရောက်လာတာပါ"

"ဪ..."

ကျွန်မစကားကို ဦးသျှင်ဇန်ထန်း သေချာစွာ နားထောင်ပြီး ကျွန်မ မျက်နှာကိုသေချာစွာကြည့်ကာ

"သမီးက ဦးမင်းနိုင်အောင် သမီးလေးထင်တယ်"

"ဟုတ်ပါတယ်ဖာသာ"

"သိပ်ပြီး ရက်စက်လွန်းလှတဲ့ ဖြစ်ရပ်ကြီးတစ်ခုပါကွယ်၊ ဖာသာအတွက် ယနေ့တိုင် မေ့လို့မရတဲ့မြင်ကွင်းတစ်ခုကို မြင်နေခဲ့ရတာပါ၊ ဒီထဲမှာ ဖာသာပါခဲ့တယ်လို့ ဆိုပေမယ့် ရက်စက်ယုတ်မာလောက်တဲ့အထိ ဖာသာစိတ်ရောလူပါ မပါဝင်ခဲ့ဘူးသမီး၊ ဖာသာဟာ

www.burmeseclassic.com



သူတို့(၄)ယောက်ကို ဘယ်လိုမှ စားဆီးနိုင်စွမ်းမရှိခဲ့လို့သာ ရပ်ပြီး ကြည့်နေခဲ့ရတာ၊ အရမ်းကို ခံစားခဲ့ရပါတယ်၊ ဒါပေမယ့် သမီး ဖခင် မိခင်နဲ့မောင်လေးအတွက် ဖာသာကို သတ်မယ်ဆိုရင် သတ်ခွင့်ရှိ တယ်"

"ကျွန်မ ဖာသာကို မသတ်ပါဘူး၊ ကျွန်မတို့ ဗုဒ္ဓဘာသာ လူမျိုးတွေဟာ ဘာသာရေး၊ သာသနာရေးအရိပ်အောက်မှာနေ တဲ့ သူတွေပေါ်မှာ ဘယ်သောအခါမှ ရက်စက်ခြင်းတွေ မပြုလုပ် ဘူး"

"ကျေးဇူးတင်ပါတယ် သမီး၊ ဖာသာဟာ သမီး မိသား အနိဋ္ဌာရုံကိုမြင်ပြီးကတည်းက ဘဝကိုနုလို့ သာသနာရိပ်အောက် ဝဲမြှုပ်နှံခဲ့တယ်"

"ဖာသာ...သူတို့ကျွန်မဖခင်ကိုဘာလို့သတ်ခဲ့ကြတာလဲ"

"သမီးဖေဖေ တောထဲက တွေ့ခဲ့တဲ့ စေတီပျက်တစ်ခု ဌာပနာတွေကို သူတို့က သတင်းရပြီး မြေပုံကိုတောင်းရင်း လော စိတ်တွေ လွှမ်းမိုးပြီး မိသားစုဘဝကိုဖျက်ဆီးပစ်လိုက်ကြတာပါ"

"ဌာပနာက ရတနာတွေ သူတို့ရသွားခဲ့လား"

"မရခဲ့ပါဘူး၊ အစိုးရလက်ထဲကို သမီးဖေဖေက မြေပုံအ

www.burmeseclassic.com



လို့ အစိုးရပဲ တူးဖော်ပြီး သိမ်းဆည်းသွားတာပါ၊ အင်း.. သတို့ မကောင်းမှုတွေက သူတို့ဘဝကို ခုချိန်ထိ ဒုက္ခပေးနေတာပဲ၊ ဘူတို့ ခုဆိုရင် ငြိမ်းငြိမ်းချမ်းချမ်းဘဝဆိုတာ မရှိတော့ဘူး၊ လျှန်ဇော်၊ မိုးကော်ဟူး၊ ရျန်ဝါးတို့ (၃)ယောက်ရဲ့နောက်ဆုံးချိန်ကိုရောက်နေပါပြီ"

"သူတို့(၃)ယောက်အခုအဲတူတူရှိနေကြတာယ်ပေါ့"

"ဟုတ်တယ်သမီး၊ တရုပ်ပြည်ဘက်ကိုပြေးကြဖို့မြင်ဘင်နေကြတယ်၊ သမီးလေးကို ဖာသာ စကားလေးတစ်ခွန်းတော့ ပြောချင်တယ်"

"ဟုတ်ကဲ့"

"မကောင်းသောအမှုကိုပြုသူတို့သည်ကောင်းသောဂတ်သိမ်းမရှိတဲ့၊ သူတို့ပြုခဲ့သော မကောင်းမှုတွေအတွက် ဘုရားသခင်ထံက အပြစ်ဒဏ်ကို ခံကြရမှာပါကွယ်.. သမီးလေး ရင်ဝက ခံကြည်းမုန်းတီးမှုတွေအတွက်ဖာသာ ဆုတောင်းပေးလိုက်ပါတယ် သားအနွှာရာယ်ကင်းစွာနဲ့ အဆုံးသတ်နိုင်ပါစေကွယ်"

ကျွန်မ နှုတ်ဖျားမှ ဘာမှမထွက်နိုင်တော့ပေ။

* * *

www.burmeseclassic.com

## ဇာတ်သိမ်းခန်း

စောခနောင်ပေးလိုက်တဲ့တရုပ်ရှေးဟောင်းရုပ်ထုလေး
နင်းလူက ကျောပိုးအိတ်ထဲသို့ထည့်ပြီး ဦးလျှန်ဖော်နေထိုင်သော
နယ်စပ်အိမ်ဆီသို့လာခဲ့ကြသည်။ ခြံဝသို့ရောက်သည်နှင့်

"ဘယ်သူတွေလဲ၊ ဘာကိစ္စလဲ"

"မင်းမေးတာတွေကို အစအဆုံးဖြေလို့ပြီးမှာမဟုတ်
မင်းတို့ဆရာကြီးကိုပြောလိုက်၊ စောခနောင်လွှတ်လိုက်တဲ့ ရှ
အရောင်းအဝယ်သမားလို့"

"ဒီကနေစောင့်နေ"

www.burmeseclassic.com



ကျွန်မတို့(၂)ယောက် ကို ခြံဝတွင်ထားခဲ့ပြီး အစောင့်က အိမ်ကြီးဘက်သို့ထွက်သွားသည်။

"ကို…ဒီရုပ်ထုက သူတို့အတွက် သိပ်ကိုအရေးပါနေလား"

"ပါတယ်အင်ကြင်း…ဒီရုပ်ထုရမှာ သူတို့ တစ်ဖက်မှာ ခိုလှုံဖို့ အတွက် အဆင်ပြေမှာ၊ သူတို့ခိုလှုံမယ့်လူက ဒီရုပ်ထုကို သိပ်ပြီးလို ချင်နေတာ"

"ဘာရုပ်ထုလည်း အင်ကြင်းတော့ နတ်ရုပ်တစ်ခုလို့ ထင်တာပဲ"

"တရုပ်လူမျိုးနွယ်တစ်စုကိုးကွယ်တဲ့နေနတ်ဘုရားရုပ်ထု လေးပါ"

"ဟိုမှာပြန်လာနေပြီ"

"ဝင်လို့ရပါပြီ"

ခြံတံခါးကိုဖွင့်ပေးပြီး ရှေ့မှဦးဆောင်ပြီးခေါ်သွားလေသည်။

ကျွန်မတို့အတွက် နောက်ဆုံးပွဲတစ်ခုဆိုတာကို သဘော ပေါက်သလိုရာဇဝင်ကြွေးကိုနှစ်ဦးစလုံးအသက်နဲ့ရင်းပြီး ဆပ်ရမည့် အချိန်ပင်။

"အိမ်ထဲမှာ ဆရာကြီးစောင့်နေတယ်"

www.burmeseclassic.com



ကျွန်မတို့အိမ်ကြီးထဲသို့ ဝင်တော့ ညှိခန်းတွင် ကျွန်မ သိပ်ပြီး တွေ့ချင်နေတဲ့ (၃)ယောက်ကိုတွေ့လိုက်ရသည်။

ဘေးမှာ သူ၏တပည့်တွေက ရပ်လျက်၊ လှုပ်ရှားမယ်ဆိုရင် မလွယ်ကူနိုင်ပေ။

"စောစနောင်လွှတ်လိုက်တာလား"

"ဟုတ်တယ်"

"ပစ္စည်းပါလာတယ်နော်"

"ဒီမှာ"

နင်းလှူ ရုပ်ထုကိုချပြီးပေးလိုက်ရာ သေချာစွာ စစ်ဆေးကြပြီး (၃)ယောက်လုံးမျက်နှာတွင် ပျော်ရွှင်သွားကြသည်။

"ဟူး...ခုမှပဲ ငါတို့ရင်ထဲက အလုံးကြီးကျသွားတယ် တစ်ဖက်ကို ကူးချင်နေတာကြာပြီ၊ ဒီပစ္စည်းမရသေးလို့"

"ကဲ..စျေးစကားပြောရအောင်၊ ဘယ်လောက်မင်းတို့ လိုချင်လည်း၊ တရုတ်ငွေလား၊ မြန်မာငွေလား"

"မြန်မာငွေ သိန်း (၅၀)"

"မများဘူးလား"

"အန်ကယ်တို့အတွက် မများလောက်ပါဘူး"

www.burmeseclassic.com



"လျှန်ဖော်..ဈေးဆစ်မနေနဲ့၊ပေးလိုက်ကွာ"

"ချန်ဝါး.. ငါ့ဆီကိုခုလိုလာပြီး ရောင်းရဲတဲ့သူတွေကို လျှန်ဖော်ဆိုတဲ့ကောင်ဆီက ငွေရပြီးပြန်သွားတာ ထုံးစံမရှိဘူး၊မင်းတို့အသက်နဲ့ကျည်ဆံ ဘယ်ဟာကိုရွေးမလဲ"

"ခင်ဗျား ယုတ်မာလှချည်လား"

"လျှန်ဖော်ဘဝမှာ ယုတ်မာတာတွေ၊ရက်စက်တာတွေ ဆိုတာကို ဘာသာမပြန်တတ်ဘူး၊ကဲ..အချိန်မရှိဘူး"

"ကောင်းပြီလေ.."

"ဝုန်း..."

"ဟင်...ဟာ.."

ပေါက်ကွဲသံကြီးပေါ်ထွက်လာသဖြင့်

"ဟော့ကောင်တွေ ထွက်ကြည့်စမ်း"

အပြင်ဘက်တွင် သေနတ်သံတွေပါ ဆက်ပြီးထွက်လာလေသည်။

"တောက်...ငါ့နယ်နိမိတ်ထဲ ကျူးကျူးကျော်ကျော်ကွာ"

"မင်းတို့မလှုပ်နဲ့နော်၊တွေ့လား သေနတ်၊ သေမင်းဆီကို ချက်ချင်းပို့လိုက်မယ်"

www.burmeseclassic.com



အိမ်ကြီးအပြင်ဘက်တွင်တိုက်ပွဲကပြင်းထန်နေသည်။

"ဆရာ..ဆရာကြီး..ဟို စောအယ်ထီးတို့ သားအဖတွေ ဝင်ပြီး တိုက်နေတာ၊ လူအင်အားများတယ်"

"ဘာကွ.."

လျှန်ဖော် အခြေအနေကို သဘောပေါက်သွားပြီး ထွက်ပေါက်ကိုဦးတည်ကာ

"မင်းတို့ပါရှင်းထားတာကောင်းမယ် ကဲကွာ"

"အိုင်း...အား.."

နှင်းလှလက်ထဲက သေနတ်ကျည်က ဦးလျှန်ဖော်လက်ကို ထိမှန်သွားပြီး သေနတ်တခြား လူတခြားဖြစ်သွားသည်။

"ရှင်တို့နှစ်ယောက်ပါ ထိုင်နေလိုက်ပါ"

မင်း...မင်း..ဘာလုပ်တာလဲ"

"ဘာလုပ်သလဲဆိုတာကိုပြောပြမှာပါ၊ ကျွန်မ ဖခင်၊ မိခင် နှင့်မောင်လေးတို့ကိုရတနာမြေပုံအတွက်ရက်ရက်စက်စက် သတ်ခဲ့ တဲ့ရှင်တို့(၃)ယောက်ကိုလက်စားချေမလို့"

"ဟင်..ဟာ.."

"မင်း...မင်းက မင်းနိုင်အောင် သမီးလား"

www.burmeseclassic.com



"သိပ်ဟုတ်တာပေါ့ရှင်..."

"မ...မလုပ်ပါနဲ့ကွယ်၊ အန်ကယ်တို့မှားခဲ့ပါတယ်"

"ရှင်တို့အမှားက ခွင့်လွှတ်စရာမရှိတဲ့အမှားပဲ၊ ကဲ...လိုတဲ့ ဆု တိုတောင်းပေတော့"

"ဒိုင်း...ဒိုင်း...ဒိုင်း..."

"အား...အီး...အား..."

"ဟင်..."

ကျွန်မလက်ထဲက သေနတ်မှကျည်ဆံတွေ အပြင်မထွက် ခင် ဦးလျှန်ဖေ၊ ဦးချန်ဝါး၊ ဦးမိုးကောင်းဟူတို့ (၃)ယောက်လုံး သွေး အိုင်ထဲမှာလဲကျနေလေပြီး ပစ်ခဲ့သူတွေက စောအယ်ထီးတို့ သား အဖတွေ။

"စိတ်မကောင်းပါဘူးမိန်းကလေး..."

ကျွန်မလက်ထဲက သေနတ်ကိုအောက်သို့ချလိုက်ပြီး ကျွန်မဘဝရဲ့အနာကြည်းဆုံးလူတွေရဲ့အလောင်းတွေကိုပဲကြည့်နေ မိတော့သည်။ စောအယ်ထီးတို့သားအဖတွေကတော့ သူတို့ရဲ့လက် စားချေခြင်းကို ချိုမြိန်စွာ လုပ်ဆောင်ခဲ့ပြီးလို့ ကျေနပ်ထွက်သွား ကြလေပြီး ကျွန်မ၏ လက်စားချေခြင်းကတော့ ပြီးဆုံးခဲ့ပေမယ့်

www.burmeseclassic.com



ခါးသက်သက်ပဲကျန်ရစ်ခဲ့ရလေသည်။

"အင်ကြင်း..."

ကျွန်မလက်ထဲက သေနတ်လေးကို နင်းလူက လှမ်းယူပြီး အဝေးဆီသို့လွှင့်ပစ်လိုက်တော့သည်။

"ကျေနပ်လိုက်ပါတော့ကွာ"

ကျွန်မ ဘာကိုမှ မပြောလိုတော့ပေ။ ဥပဒေမဲ့ လက်စားချေခြင်းကို မဖြစ်စေအောင်၊ ကျွန်မကိုယ်စား လက်စားချေပေးကြတယ်လို့ပဲကျွန်မ ထင်မိလိုက်ပါသည်။

"သွားကြရအောင်"

ကျွန်မ ပခုံးလေးကို နင်းလူ ဆုပ်ကိုင်ပြီး အိမ်အပြင်ဆီသို့ထွက်တော့ မြေဝန်းကြီးတစ်ခုလုံးတွင် သေဆုံးနေသူတွေ၊ ဒဏ်ရာရသူတွေကိုတွေ့နေရသည်။

ကျွန်မအတွက်တော့ ထိုမြင်ကွင်းတွေကို ဘယ်သောအခါမှ ထပ်ပြီးမကြုံချင်တော့ပေ။ ကျွန်မ စိတ်အာရုံထဲတွင် ကျွန်မ ချစ်တဲ့သူနှင့်လှပသော အနာဂတ်ဘဝလေးတစ်ခုဆီကို သွားဖို့အတွက် ကျွန်မရင်ထဲက တောက်လောင်ခဲ့သော မီးလျှံတွေကိုငြိမ်းသတ် နိုင်ခဲ့ပါပြီ။

သစ္စာမွန်စာပေ

www.burmeseclassic.com



"ကို..."

"အင်ကြင်း...ဘာပြောချင်လဲ...ပြောလေ"

"အင်ကြင်းလေ၊ ကိုနဲ့အတူ ဆီးနှင်းလွှင်ပြင်ထဲမှာပဲ ပျော်ရွှင်စွာနေချင်လှပြီ"

ကျွန်မ ခန္ဓာကိုယ်လေးကို ကိုက သိုင်းဖက်ပြီး ရင်ခွင်ထဲသို့ ဆွဲပိုက်ထားလိုက်တော့သည်။

*ဆက်လက်ကြိုးစားပါဦးမည်၊*

ရွှေဘခင်